


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၆၄၀/၈၃ (၉) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၇၃၉/၈၃ (၁၀) |
| ထုတ်ဝေသည့်ကာလ | ၁၉၈၄-ခုနှစ် မေလ |
| အကြိမ် | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ အုပ် |
| တန်ဖိုး | ၃၀ ကျပ် |
| ထုတ်ဝေသူ | ဦးတင်ဦး (၀၅၅၇)<br>အရုဏ်ဦးစာပေ<br>၁၁၂၀/က၊ ဗိန္ဒရတနာလမ်း၊<br>၉-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | ဒေါ်ကြည်သန်း (၀၁၉၂၆)<br>ရှမဝ ပုံနှိပ်တိုက်၊<br>အမှတ်(၁)၊ ဗိုလ်ရာညွန့်လမ်း၊<br>ဒဂုံမြို့နယ်။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း (၀၂၄၃၁)<br>နေသရောင် အော့ဖ်ဆက်၊<br>၉၆(ခ)၊ (၁၁)လမ်း၊ ရန်ကုန်မြို့ |


# ဂုယင်းဟိန်း

ရွှေတောင်ပံ သိမ်းငှက်

---

ပထမပိုင်း

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ဖြလမ်း
တောင်ငူမြို့
ဖုန်း ၂၁၃၄၄

## အခန်း (၁)

နှင်းများသည် ပတ်ဝန်းကျင်တစ်ခုလုံး ဖြူဖွေးမှုန်ဝေအောင် ဖုံးအုပ်ထားသည်။

သစ်ပင်များ တောအုပ်များသည် နှင်းဖုံးနေလျက်ရှိသည်။

တဖွဲဖွဲကျဆင်းနေသည့် နှင်းများက မြင်းလှည်းတစ်စီးသွားသာရုံကျယ်သော လမ်းပေါ်တွင် ကော်ဇောဖြူကြီး ခင်းထားသလို ဖုံးအုပ်နေသည်။

မြင်းညိုကြီးတစ်စီးသည် နှင်းဖုံးနေသော လမ်းအတိုင်း အပြင်းစိုင်းနှင်လာ၏။

မြင်းခွာနှင့်လိုက်တိုင်း နှင်းမှုန်နှင်းစများက တဖွားဖွားနှင့် လွင့်စဉ်သည်။

မြင်းနှာမှုတ်လိုက်တိုင်း မီးခိုးငွေ့တန်းပမာ အငွေ့တန်းဖြူဖြူတို့ လွင့်ထွက်သွားတတ်သည်။

မြင်းညိုကြီးကို စီးနှင်လာသူမှာ လူရွယ်တစ်ယောက်ဖြစ်၏။

အဖိုးတန် သားမွေးဝတ်စုံကို ဝတ်ထားပြီး နှင်းကာဦးထုပ်ကို ဆောင်းထားသည်။

နုနယ်ချောမောသော သူ့မျက်နှာမှာ ပျော်ပျော်နေတတ်တန် ပေါ်လွင်နေသည်။

သူက ကဆုန်စိုင်းပြီး ပြေးနေသော မြင်းကို နှေးသည်ဟု ထင်နေပုံရ၏။

ဖနောင့်ဖြင့် မကြာခဏတို့တို့ပြီး ပို၍ မြန်အောင်ကြိုးစားသည်။ မြင်းက ခွာကုန်ထုတ်၍ ပြေး၏။

မြင်းကို စိုင်းနှင်နေရင်းမှ လူရွယ်သည် ရှေ့ကို မကြာခဏ လှမ်းလှမ်းကြည့်သည်။

သူ၏ မျက်လုံးအစုံက တစ်စုံတစ်ရာကို မျှော်လင့်ဟန်ဖြင့် အရောင်တဖျပ်ဖျပ်လက်နေ၏။





လမ်းက ပြေပြေလျောလျောရှိနေရာမှ အမြင့်သို့တက်သည်။

တောင်ကုန်းပြေပြေပေါ်သို့ အရောက်တွင် အောက်သို့ ပြန်ဆင်း၏။

အဆင်းလမ်းတွင် သူက မြင်းကို ထိန်းပြီး ဆင်းသည်။

အဆင်းလမ်း ထက်စက်သို့အရောက်တွင် လမ်းဘေးတစ်ဖက်တစ်ချက်ရှိ နှင်းပုံများ ဖွားခနဲ ဖွားခနဲ လွင့်စဉ်၏။

နှင်းပုံထဲမှ လူတစ်ယောက် လွှားခနဲ ခုန်တက်လာသည်။

လူရွယ်က မြင်းကို တုံ့ခနဲ ရပ်လိုက်သည်။

လမ်းဘေး တစ်ဖက်တစ်ချက်တွင် စုပုံနေသော နှင်းပုံများမှ လူတွေ တစ်ယောက်ပြီး တစ်ယောက် ခုန်ထွက်လာ၏။

စုစုပေါင်း ငါးယောက်တိတိ။ ငါးယောက်စလုံးမှာ သားမွေး ဝတ်စုံများ ဝတ်ထားပြီး လက်နက်ကိုယ်စီ ကိုင်ထားကြသည်။

လူငါးယောက်က လူရွယ်၏ သွားလမ်းထိပ်တွင် ပိတ်ရပ်လိုက်ကြသည်။

"ခင်ဗျားတို့က ဘယ်သူတွေလဲ....။ ဘာဖြစ်လို့ ကျုပ် သွားမယ့် လမ်းကို ပိတ်ပြီး ရပ်နေကြရတာလဲ"

"နှင်းတောင် ကျားငါးဖော်ဆိုတာ ငါတို့ပဲ။ ငါတို့ နယ်မြေကို ဖြတ်ရင် ဖြတ်သန်းခ ပေးရတယ်"

"ဖြတ်သန်းခက ဘယ်လောက်လဲ"

"ကြေးပြား တစ်ပြားပါ"

"ကြေးပြား တစ်ပြား"

လူရွယ် အံ့အားသင့်သွားသည်။

နှင်းတောင် ကျားငါးဖော်အား နားမလည်နိုင် ဟန်ဖြင့် ကြည့်၏။

ပြီးမှ သူက နှင်းတောင် ကျားငါးဖော်၏ ရည်ရွယ်ချက်ကို သိလိုက်သည်။

ထိုသူငါးယောက်သည် ခားပြအစစ်များ မဟုတ်ကြ။

သူတို့နေရာကို အခကြေးငွေယူပြီး ဖြတ်သန်းလျှင် ဂုဏ်ရှိသည်ဟု ယူဆနေကြသူများ ဖြစ်၏။





အခကြေးငွေပေးပြီး ဖြတ်သန်းသူသည် သူတို့အား အရှုံးပေးသူများဟု သဘောထားကြသူများပင် ဖြစ်သည်။

"ဘယ်လိုလဲဟေ့.... ပေးရင် မြန်မြန် ပေးစမ်း၊ ငါတို့က သိပ် စိတ်ရှည်တာ မဟုတ်ဘူး"

နှင်းတောင် ကျားငါးဖော်အနက် ခေါင်းဆောင်လုပ်သူက မာဆတ်ဆတ်နှင့် ပြောသည်။

ထိုသူ၏ စကားအဆုံးတွင် လူရွယ်က ရယ်လိုက်သည်။

"ကျုပ် ရှောင်းရိက မတရားဘူးထင်ရင် ကြေးပြား တစ်ပြားလဲ မပေးဘူး"

နှင်းတောင် ကျားငါးဖော်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်၊

"ရှောင်းရိဆိုတာ မင်းလား....။ ခုတလော မင်းရဲ့ နာမည်ကို လူပြောများနေလို့ ငါတို့က စိတ်ဝင်စားနေတာ။ အတော်ပဲ၊ မင်းနဲ့ ပညာဖလှယ်ရတာပေါ့"

"ခင်ဗျားတို့က အကြောင်းရှာပြီး တိုက်ခိုက်ချင်နေတဲ့ လူတွေပါလား။ ကျုပ်က စိန်ခေါ်ရင် တိမ်ပေါ်ထိ လိုက်ချင်တဲ့

လူပဲ။ ပညာဖလှယ်မယ်ဆို ပေါတော့။ မြန်မြန်ကိစ္စပြီးအောင် ငါးယောက်စလုံး တစ်ပြိုင်တည်း ဝင်ပါ"

ရှောင်းရီ၏ စကားက နှင်းတောင် ကျား ငါးဖော်အား စော်ကားလိုက်သလို ရှိသွားသည်။

ကျားငါးဖော် မျက်နှာပျက်သွား၏။ ခေါင်းဆောင်လုပ်သူက ဆတ်ခနဲ ရှေ့တိုးလာပြီး....

"မင်းက ငါတို့ကို အထင်သေးတယ်ပေါ့ ဟုတ်လား။ ငါ့နဲ့ပဲ အရင် ယှဉ်ကြည့်ပါဦး"

နှင်းတောင် ကျားခေါင်းဆောင်က ပုဆိန်လိုလို ရဲဒင်းလိုလို အချွန်တွေ အကောက်တွေပါသော လက်နက်ဖြင့် ရှောင်းရီအား လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်သည်။

ရဲဒင်းက ခပ်စွေစွေ အနေအထားဖြင့် ရှောင်းရီ၏ ကိုယ်ပေါ်သို့ ကျလာသည်။

ရှောင်းရီက မြင်းပေါ်မှ ခုန်ဆင်း၍ ဆတ်ခနဲ ရှေ့သို့တိုးလိုက်ပြီး ရဲဒင်းသမား၏ လက်ကို ပင့်ရိုက်သည်။

သူ့ညာခြေက ညာဘက်တွင် ရှိသော နှင်းတောင် ကျားတစ်ယောက်ကို ကန်သည်။



ဘယ်ခြေက ဘယ်ဘက်ရှိ တစ်ယောက်ကို ကန်သည်။

တစ်ပြိုင်နက်တည်းတွင် နှင်းတောင်ကျား သုံးယောက်စလုံးကို တိုက်ခိုက်လိုက်၏။

ပြီး.... ပခုံးကို ဆတ်ခနဲလှုပ်၍ ကျန် နှင်းတောင်ကျား နှစ်ယောက်ထံ ခုန်ဝင်ပြီး ဘယ်ညာ လက်ဝါးဖြင့် နှစ်ယောက်စလုံးကို ရိုက်ချသည်။

ရှောင်းရီ၏ တိုက်ခိုက်မှုမှာ လျှပ်တစ်ပြက်မျှသာ ကြာသည်။

နှင်းတောင် ကျားလေးယောက် လဲကျသွား၏။ ရဲဒင်းသမားမှာ လက်နက်လွှတ်ကျသွားပြီး ရှောင်းရီအား အံ့အားသင့် တုန်လှုပ်စွာ ကြည့်သည်။

"ခင်ဗျား ကြေးပြားတစ်ပြား လိုချင်သေးသလား"

နှင်းတောင် ကျားခေါင်းဆောင်က ခေါင်းခါပြသည်။

"ဒါဆိုရင် ကျုပ်သွားမယ်။ သူတို့ တော်တော်ကြာ အလိုအလျောက် အကြောပြေသွားပါလိမ့်မယ်"

စကားဆုံးသည်နှင့် ရှောင်းရီက မြင်းကို စိုင်းနှင်ထွက်ရန် ပြင်သည်။

နှင်းတောင် ကျားခေါင်းဆောင်က လက်ကာပြလိုက်ပြီး....

"နေ....ပါဦး"

"ဘာလဲ.... ခင်ဗျားက မကျေပွဲ နွှဲချင်လို့လား"

"မဟုတ်ပါဘူး"

"ဒါဆိုရင် ဘာပြောချင်လို့လဲ"

"ညီလေး ငါတို့ကို မိတ်ဆွေအဖြစ် သဘောထားဖို့ ပြောချင် တာပါ"

"ကျုပ်က ခင်ဗျားတို့ကို ရန်သူလို့ သဘောထားခဲ့တာမှ မဟုတ်တဲ"

"ဟုတ်ပါတယ်၊ ငါက မိတ်ဆွေအဖြစ် သဘောထားဖို့ တောင်းပန်နေတာပါ"

ရှောင်းရိ ပြုံးလိုက်သည်။

"ရန်သူလို့ သဘောမထားတဲ့လူဟာ ရှောင်းရိရဲ့ မိတ်ဆွေ ပါပဲ"





နှင်းတောင် ကျားခေါင်းဆောင်က ရှောင်းရိအား လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်သည်။

သူက ရှောင်းရိကို အထင်ကြီး လေးစားဟန်ဖြင့် ကြည့်ပြီး....

"အခုလို သဘောထားကြီးတဲ့အတွက် ညီလေးကို ကျေးဇူးတင်ပါတယ်။ နှင်းတောင် ကျားငါးဖော်ဟာ အရေးကြုံရင် ညီလေးဘက်က ရပ်တည်ပါ့မယ်"

ရှောင်းရိက နှင်းတောင် ကျားငါးဖော်အား ထားခဲ့ပြီး ခရီးဆက်သည်။

မြင်းညိုကြီး၏ ခွာသံက တဖြောင်းဖြောင်းနှင့် ပေါ်လာ၏။

လမ်းက အတက်အဆင်း အကွေ့အကောက် နည်းပါးပြီး ပြေလျောလာသည်။

ရှောင်းရိက မြင်းကို အသားကျစီးနင်းရင်း အကြောင်းအရာ တစ်ခုကို တွေးလာ၏။

သူ၏ မျက်နှာမှာ တည်သွားလိုက်၊ ပြုံးလာလိုက်၊တင်းမာ လာလိုက်နှင့် ရှိနေသည်။

သူ ကျောခိုင်းထားရာဘက်မှ ရုတ်တရက် ပေါ်လာသည့် အသံတစ်သံကြောင့် တွေးလက်စ အတွေးများ ပြတ်တောက်သွားရသည်။

သူက နောက်သို့ လှည့်မကြည့်ဘဲ နားစွင့်လိုက်၏။

အပြင်းနှင်လာဟန်ရှိသော မြင်းတစ်ကောင်၏ ခွာသံကို ကြားရသည်။

သူက မြင်းခွာသံ နီးလာချိန်တွင် နောက်သို့ မသိမသာ ကြည့်သည်။

ကုန်းနှီးအပြည့်အစုံ တင်ထားလျက် စီးနင်းသူမပါသော မြင်းနက်ကြီးတစ်ကောင် တစ်ဟုန်ထိုး ပြေးလာနေသည်။

တစ်ခဏအတွင်းမှာပင် ရှောင်းရီအား ဖြတ်ကျော်ပြီး ရှေ့သို့ ပြေးထွက်သွား၏။

သူက မြင်းပြေးလာရာဘက်သို့ လှမ်းကြည့်သည်။

မည်သည့် လှုပ်ရှားမှုကိုမှ မတွေ့ရသဖြင့် သူ့ခရီးကို သူ ဆက်၏။

သဲသဲလှုပ်လှုပ် ကျဆင်းနေသည့် နှင်းတို့ အကျစ်သွားသည်။





ပြင်းပြင်းထန်ထန် တိုက်ခတ်နေသည့် လေကလည်း အတိုက်ရပ်သွား၏။

ရှောင်းရီမှာ မြင်းကို အသားကျစီးနင်းရင်း စမ်းချောင်းငယ် တစ်ခုအနီးသို့ ရောက်လာသည်။

စောစောက ဖြတ်ပြေးသွားသည့် မြင်းနက်ကြီးကို ချောင်းစပ်တွင် ရေသောက်နေလျက် တွေ့ရသည်။

ရှောင်းရီက မြင်းညိုကြီးကို တုံ့ခနဲ ရပ်လိုက်သည်။

မြင်းပေါ်မှ လွှားခနဲ ခုန်ထွက်၏။

သူ၏ ခန္ဓာကိုယ် လေထဲတွင် ဝဲပျံသွားပြီး မြင်းနက်ကြီး၏ ကျောထက်သို့ ရောက်သည်။

မြင်းနက်ကြီးမှာ ကျောထက်တွင် ဝန်လေးတစ်ခု ရောက်လာသဖြင့် တစ်ချက်ဟီပြီး ပတပ်ရပ်သည်။

ရှောင်းရီက မြင်းဇက်ကြိုးကို နိုင်နိုင်နင်းနင်း ထိန်းကိုင်လိုက်သည်။

ပြီး.... သူ့မြင်းညိုကြီး ရင်ထားလျက် မြက်ခင်းပြင်ပေါ်

အနားသို့အရောက်တွင် မြင်းညိုကြီး၏ ဇက်ကြိုးကို ဆွဲပြီး မြင်းနက်ကြီး၏ ကုန်းနှီးတွင် ချိတ်လိုက်သည်။

သူ မြင်းနက်ကြီးကို စီးထွက်သည့်အခါ မြင်းညိုကြီးမှာ နောက်က ပါလာ၏။

ရှောင်းရိက မြင်းနက်ကြီးကို ဖြည်းဖြည်းမှန်မှန် ဆက်စီးခဲ့ သည်။

နှင်းတွေဖုံးလွှမ်းနေသည့် တောတောင်ကို ကျော်လွန်ပြီး သည်နှင့် စိမ်းလန်းသော မြက်ခင်းပြင်ကို တွေ့ရ၏။

မြက်ခင်းပြင်အလယ်သို့အရောက်တွင် ရှောင်းရိ မြင်းပေါ်မှ ဆင်းလိုက်သည်။

မြင်းနှစ်ကောင်စလုံးကို မြက်စားရန် ပူးတွဲပြီး လွှတ်လိုက် သည်။

ပြီး....သူက ပါလာသည့် ရိက္ခာခြောက်ထုပ်ကို ဖြေစား၏။

စားသောက်ရင်းမှ အတွေးတွင် ပြန်လည် နစ်မြုပ်သွား ...လာလိုက်၊ မဲ့သွားလိုက်၊ တင်းလာ သဲသဲလှုပ်လှုပ် ကျဆင်း





အစားအသောက်များကို စားသောက်ပြီးစီးသည်ထိ သူ့ အတွေးက မပြတ်သေး။

အပြောင်းအလဲတွေ ထင်လာတတ်သော မျက်နှာနှင့် အတွေးထဲတွင် နစ်မြုပ်နေမြဲ နစ်မြုပ်သည်။

ကျယ်ပြန့်သော မြက်ခင်းအစပ်မှ လှုပ်ရှားမှုတစ်ခု ရိပ်ခနဲ ပေါ်လာသည်။

ညင်သာသော လှုပ်ရှားမှု နားထဲသို့ တိုးဝင်လာသဖြင့် ရှောင်းရိ အတွေးပြတ်သွားသည်။

သူက စူးရှသော မျက်လုံးအစုံဖြင့် လှုပ်ရှားသံ ပေါ်ထွက် ရာသို့ လှမ်းကြည့်သည်။

ကိုယ်ဖော့ပညာသုံးလျက် ပြေးလာနေသော အနီရောင် ဝတ်စုံနှင့် မိန်းကလေးတစ်ယောက်အား တွေ့လိုက်ရ၏။

မိန်းကလေးက လေတွင် ပျံဝဲသကဲ့သို့ ပြေးလာပြီး ရှောင်းရိ အား ဝင်ရောက် တိုက်ခိုက်သည်။

ရှောင်းရိမှာ အံ့အားသင့်သွားလျက် မြက်ခင်းပြင်ပေါ် လူးလိမ့် ရှောင်တိမ်းသည်။

"ဟော့.... မင်းဘယ်သူလဲ။ ဘာဖြစ်လို့ ငါ့ကို ရန်ရှာရတာလဲ"

မိန်းကလေးက ရှောင်းရီအား စကားတစ်ခွန်းမှ တုံ့ပြန်ပြောဆိုခြင်းမပြုဘဲ တရကြမ်း တိုက်ခိုက်သည်။

မိန်းကလေး၏ လှုပ်ရှားမှုမှာ လိင်ပြာတစ်ကောင် ပျံဝဲနေသည်နှင့် တူပြီး၊ မိန်းကလေး၏ တိုက်ခိုက်မှုက အားမာန်ပါပြီး ပြင်းထန်လှ၏။

"ဟော့....ဟော့.... နေပါဦး"

ရှောင်းရီက လက်ကားယား ခြေကားယား ပုံပျက်ပန်းပျက် ရှောင်တိမ်းနေရင်းမှ အော်ဟစ်တားဆီးသည်။

မိန်းကလေးမှာ သူ၏ တိုက်ခိုက်မှု ထိရောက်ခြင်းမရှိလေပို၍ ဒေါသဖြစ်လေ ဖြစ်နေပြီး ရှောင်းရီအား အသေအကြေ တိုက်ခိုက်သည်။

ရှောင်းရီမှာ မြက်ခင်းပြင်ပေါ်တွင် လဲနေလျက်နှင့် လူးလိမ့်ရှောင်တိမ်းနေ၏။

"မင်းက ရုပ်ကလေးလှသလောက် ဒေါသကြီးတဲ့ကောင်မလေး ပါလား၊ ငါနဲ့ မင်း တစ်ခါမှ မတွေ့ဖူးဘဲနဲ့ အခုလို တိုက်ခိုက်နေတာတော့ လွန်လွန်းပြီ"





"ရှင် ကျွန်မကို ဒုက္ခပေးတဲ့လူ၊ ရှင့်ကို ကျွန်မ သတ်မယ်"

"ငါက မင်းကို မြင်တောင် မမြင်ဖူးဘူး၊ ဘယ်လိုလုပ် ဒုက္ခပေးတဲ့လူ ဖြစ်ရမှာလဲ"

"ရှင်.... ရှင့်ကြောင့်"

မိန်းကလေးက စကားကို ဆုံးအောင်မပြောဘဲ ပို၍ကြမ်းတမ်းစွာ တိုက်ခိုက်သည်။

ရှောင်းရီမှာ လူးလိမ့် ရှောင်တိမ်းနေ၍ မရတော့ဘဲ နေရာမှ ခုန်ထလိုက်၏။

သူက ဆက်လက်တိုက်ခိုက်နေသော မိန်းကလေး၏ တိုက်ခိုက်မှုကို ပူတာကာသီကာနှင့် ကိုယ်ကို ယိမ်းနွဲ့ပြီး ရှောင်၏၊

"မင်း....ဘယ်သူလဲ၊ ငါက မင်းကို ဘာဒုက္ခပေးလို့လဲ၊ ပြောစမ်းပါ"

"ရှင် ဘာလုပ်သလဲဆိုတာ ကိုယ့်ဘာသာကိုယ် မသိဘူးလား"

မိန်းကလေးက စွန်လက်ကဲသည်းသဏ္ဍာန်ဖြင့် ရှောင်းရီအား ကုတ်ဆွဲရင်း ပြောသည်။

ရှောင်းရှိက ခေါင်းကို ငုံ၍ရှောင်ပြီး မိန်းကလေးအနား သို့ ဖျတ်ခနဲ တိုးကပ်သည်။

မိန်းကလေး၏ ခါးကျင်ကျင်ကို ဖမ်းကိုင်ပြီး ပင့်မြှောက်လိုက်၏။

မိန်းကလေး၏ ကိုယ် လေထဲသို့ လွင့်ထွက် ဝဲပျံသွားသည်။

"ငါ မင်းကို တစ်ခါမှ မတွေ့ဖူးဘူး။ သိလဲ မသိဘူး၊ မင်း ငါ့ကို ဘယ်သူနဲ့ မှားပြီး ရန်သူလို တိုက်ခိုက်နေတာလဲ။ ငါက ရှောင်းရှိပါ"

ရှောင်းရှိနှင့် အလှမ်းဝေးရာသို့ ရောက်သွားသော မိန်းကလေးက မြေပြင်ပေါ်တွင် ခြေစုံရပ်လျက် မျက်နှာကို တစ်ချက်မဲ့ပြီး ရယ်မောလိုက်သည်။

"လူမှားစရာ အကြောင်းမရှိဘူး။ ရှင်က သူခိုးပဲ။ သူခိုးကို ဒဏ်ခတ်ရမယ်"

စကားအဆုံးတွင် အနီရောင်ဝတ် မိန်းကလေး ပခုံးကို တစ်ချက်လှုပ်ပြီး ခုန်ထွက်သည်။





သူ၏ ခန္ဓာကိုယ်သည် နေရာမှ ရိပ်ခနဲ မြောက်တက်သွားပြီး ခပ်လှမ်းလှမ်းတွင် မြက်စားနေသော မြင်းနက်ကြီး၏ ကျောပေါ်သို့ ကျသည်။

မိန်းကလေးက မြင်းဇက်ကြိုးကို ဆွဲပြီး တစ်ရှိန်ထိုးစီးထွက်၏။ ကြိုးဖြင့်တွဲထားသော မြင်းညိုကြီးပါ နောက်ကပါသွားသည်။

"ဟေ့.... ဟေ့.... နေဦး"

ရှောင်းရှိမှာ အံ့အားသင့်သွားလျက်က အော်ဟစ်တားဆီးသည်။

သို့သော် မြင်းစီးထွက်သွားသော မိန်းကလေးမှာ တဖြည်းဖြည်း ဝေးသွားလေ၏။

*

## အခန်း (၂)

ကိုယ်ဖော့ပညာသုံးလျက် ပြေးနေရင်းမှ ရှောင်းရိသည် မြို့တစ်မြို့ကို လှမ်းမြင်၏။

ထိုမြို့သည် သူဖြတ်သန်းရာလမ်းတွင် တွေ့ရမည့် ရန်ပေမြို့ ပင် ဖြစ်မည်ဟု ခန့်မှန်းမိသည်။

မြို့နှင့် နီးလာချိန်တွင် သူက ပြေးနေသည့် ခြေလှမ်းကို လျှော့လိုက်သည်၊ ခြေလှမ်း မှန်မှန်လှမ်းလျက် မြို့အတွင်းသို့ ဝင်၏။

ရန်ပေမြို့သည် လူနေထူထပ်ပြီး စည်ကားသော မြို့တစ်မြို့ ဖြစ်သည်။

မြို့လယ်ခေါင်ရှိ ဈေးဆိုင်များတွင် ဝယ်ခြမ်းသူမပြတ်ရှိနေ တတ်သည်။ စားသောက်ဆိုင်များတွင် လူပြည့်နေတတ်သည်၊





ထိုအကြောင်းအရာကို ကြည့်ရုံနှင့်ပင် ရန်ပေမြို့သည် စီးပွား ရေး ကောင်းသော မြို့တစ်မြို့ ဖြစ်ကြောင်း သိသာနေ၏။

ရှောင်းရိသည် မြို့အတွင်းသို့ ဝင်လာရင်းမှ ပတ်ဝန်းကျင်ကို မပြတ် အကဲခတ်ကြည့်ရှုခဲ့သည်။

ချက်ပြုတ်ကြော်လှော် ရောင်းချနေသော စားသောက်ဆိုင် များမှ ညှော်သင်းနံ့ကြောင့် အူတကြုတ်ကြုတ်နှင့် ဆာလောင် လာ၏။

သူက လမ်းဘေးတစ်ဖက်တစ်ချက်တွင်ရှိသော စားသောက် ဆိုင်များကို ကြည့်သည်။

ရွှေကြက်ဖ စားသောက်ဆိုင်ဆိုသည့် ဆိုင်းဘုတ်ကိုမြင်သည် နှင့် သူက ဆိုင်ထဲသို့ ဝင်လိုက်၏။

ဆိုင်က များစွာ ကျယ်ပြန့်ခြင်း မရှိ။ ဆိုင်ထဲတွင် စား သောက်နေသူများနှင့် ပြည့်နေသည်။

ငွေသိမ်းစားပွဲတွင် အရိုးပေဒသာနှင့်တူသော ပိန်ပိန်လှီလှီ နှင့် လူတစ်ယောက် ထိုင်နေ၏။

စားပွဲထိုးလေး တစ်ယောက်က ဆိုင်ထဲသို့ ဝင်လာသော ရှောင်းရိအား စားပွဲလွတ်တစ်လုံးသို့ ခေါ်သွားသည်။

"အစ်ကိုလေး.... ဘာသုံးဆောင်မလဲ။ ကျွန်တော်တို့ ဆိုင်မှာ အစားအသောက်စုံပါတယ်"

"အကောင်းဆုံး ဟင်းချိုတစ်ပွဲ၊ အကောင်းဆုံး အသားကြော် တစ်ပွဲ၊ အမကောင်းဆုံး အသားဟင်း တစ်ပွဲနဲ့ ထမင်းပေးပါ"

"အစ်ကိုလေး... အရက်ကော မသောက်ဘူးလား။ ကျွန်တော်တို့ ဆိုင်က အရက်ဟာ"

"အရက်တစ်အိုး ပေးကွာ"

စားပွဲထိုး ပြန်ထွက်သွားသည်။ ရှောင်းရိက ဆိုင်ထဲတွင်ရှိနေသူများကို လှည့်ပတ်ကြည့်သည်၊

ဆိုင်ထဲတွင် သူနှင့်မျက်နှာသိ တစ်ယောက်မှမရှိ၊ အားလုံးမှာ မျက်နှာစိမ်းများချည်း ဖြစ်သည်၊

စားပွဲထိုးလေးက ရှောင်းရိ၏ စားပွဲပေါ် အရက်တစ်အိုးကို ပထမဆုံးလာချသည်၊

ပြီး.... အသားကြော်ပန်းကန်ကို လာချသည်၊





ရှောင်းရိက အရက်ကို စသောက်သည်။ အရက်တစ်ခွက်သောက်ပြီး အသားကြော်တစ်ဖတ်ကို တူဖြင့်ညှပ်ယူ၍စားသည်၊

စားပွဲထိုးလေးက မှာထားသည့် စားသောက်ဖွယ်ရာများကို တစ်မျိုးပြီးတစ်မျိုး စားပွဲပေါ် လာချပေးသည်၊

ရှောင်းရိက အရက်သောက်ပြီးသည်နှင့် ထမင်းဟင်းလျာတို့ကို စတင် စားသောက်သည်၊

ဆာလောင်နေသဖြင့် ထမင်းနှင့် ဟင်းလျာတို့မှာ ပြိုက်ခနဲကုန်သွား၏။

"နောက်ထပ် ထမင်းနဲ့ဟင်း ပေးဦးဟေ့"

"ဟုတ်ကဲ့ အစ်ကိုလေး.... အခုပဲ ရပါမယ်"

စားပွဲထိုးလေးက ထမင်းနှင့်ဟင်းလျာတို့ကို ထပ်ပြီး လာချသည်။ ရှောင်းရိက အားရပါးရ ဆက်စား၏၊

သူ့စားပွဲတွင် ထမင်းနှင့် ဟင်းပန်းကန်များ စုပုံသွားသည်၊

"အစ်ကိုလေး.... ထပ်ယူဦးမလား"

"တော်ပြီဗျာ ..... ငါဗိုက်တင်းပြီး ပေါက်ထွက်တော့မယ်။ မင်းတို့ဆီမှာ ညအိပ်တည်းခိုလို့ကော ရသလား"

"ဒီမှာ တည်းခိုဆောင်မရှိပါဘူး။ တည်းခိုဆောင် တစ်ခု တစ်ဆိုင်ကျော်မှာ ရှိပါတယ်။ အဲဒီမှာက အစားအသောက် မရပါဘူး"

"တည်းခိုဆောင်ဆိုတာ အိပ်ဖို့ပဲ။ အစားအသောက် မလိုပါဘူး"

ရှောင်းရိက ကျသင့်ငွေရှင်းရန် အိတ်ကို နှိုက်လိုက်သည်။

အိတ်ထဲတွင် ငွေစမရှိ။ သူ့တွင်ပါသော ငွေတုံး၊ ရွှေဒင်္ဂါး ပြားများကို ကတ္တီပါ ရှုံ့အိတ်တွင်ထည့်ပြီး အဝတ်အိတ်တွင် သိမ်း၍ မြင်းကုန်းနှီးမှာ ချိတ်ထားခဲ့သည်ကို သတိရ၏။

"အစ်ကိုလေး စားသောက်ထားတာ ငွေစဆယ်စ ကျပါတယ်"

"နေဦး။ ငါ့ငွေအိတ် မြင်းကုန်းနှီးပေါ်မှာ ကျန်ခဲ့လို့"

"အစ်ကိုလေး ငွေရှင်းပြီးမှ ဆိုင်အပြင်ကို ထွက်ပါခင်ဗျာ"





စားပွဲထိုးက ရှောင်းရိ၏ သွားလမ်းကို ပိတ်ရပ်ပြီး ပြောသည်။

ရှောင်းရိ မျက်မှောင် ကြုံ့သွား၏။ ယခုကိစ္စကို အလွယ်တကူ ဖြေရှင်း၍ ရတော့မှာ မဟုတ်ဟု သူသိလိုက်သည်။

"ဟိတ်.... မင်းက ငါ့ကို ငွေမရှင်းဘဲ ထွက်သွားမယ့်လူ ထင်နေသလား။ ဖယ်စမ်း။ မင်းတို့ငွေကို ငါ အခုရှင်းမယ်"

ရှောင်းရိက စားပွဲထိုးလေးအား တွန်းဖယ်ပြီး ဆိုင်အပြင်သို့ လှမ်းထွက်လိုက်သည်။

စားပွဲထိုးလေးက ယိုင်သွားရာမှ ရှောင်းရိအား လက်ညှိုးထိုးပြပြီး အော်ဟစ်သည်။

"စားသောက်ပြီး ငွေမရှင်းဘဲ ထွက်သွားတယ်။ သူ့ကို ဖမ်းပါ"

ဆိုင်ရှင် အရိုးပဒေသာက ဖျတ်ခနဲ ခုန်ထွက်လာ၏။

သူက ရှောင်းရိ၏ ရှေ့တွင် ပိတ်ပြီး ရပ်လိုက်သည်။

မျက်တွင်းနက်နက်ထဲမှ စူးရှ အရောင်လက်နေသော မျက်လုံး အစုံဖြင့် ရှောင်းရိအား စိမ်းစိမ်းကြီး ကြည့်ပြီး....

"မင်းက စားသောက်ပြီး ငွေမပေးဘဲ ထွက်သွားလို့ ရမလား။ အစားအသောက်ဖိုး ကျသင့်ငွေ ရှင်းခဲ့ပါ"

"ကျုပ် ပိုက်ဆံအိတ် မြင်းပေါ် ပါသွားလို့ပါ။ ကျုပ် ငွေမရှင်းဘဲ မနေပါဘူး"

အရှိုးပဒေသာက ဆိုင်အပြင်ဘက်တွင် ဟိုမှို သည်သည် ကြည့်သည်၊ ရပ်ထားသော မြင်းကို မတွေ့သဖြင့် သူက....

"မြင်းက ဘယ်မှာလဲ၊ မင်းရဲ့ မြင်းကိုလဲ မတွေ့ပါလား"

"ကျုပ်မြင်း လမ်းမှာ အခိုးခံလိုက်ရတယ်၊ အဲဒါကြောင့်"

ရှောင်းရိ၏ စကားသံ အရှိုးပဒေသာ၏ အေးစက်စက်နိုင်သော ရယ်သံအောက်တွင် ပျောက်ကွယ်သွားသည်၊

အရှိုးပဒေသာက ရယ်မောရင်း လက်တစ်ဖက်ကို ပင့်မြှောက်လိုက်သည်၊

"ကျသင့်ငွေ မရှင်းချင်ရင် ငါ့လက်ဝါးရိုက်ချက် တစ်ချက်ကို မြည်းစမ်းကြည့်သွားပါ"

စကားအဆုံးတွင် အရှိုးပဒေသာက ရှောင်းရိအား လက်ဝါးဖြင့် ရိုက်ချလိုက်၏၊





အေးစိမ့်သောလေ တိုးဝှေ့လာသဖြင့် ရှောင်းရိ ထိတ်လန့်သွားပြီး နောက်သို့ ခုန်ဆုတ်လိုက်၏။

အရှိုးပဒေသာ၏ လက်ဝါးရိုက်ချက် လေကိုသာ ထိသွားသည်။

"ကျုပ် အမှန်အတိုင်း ပြောတာကို ခင်ဗျားက မယုံဘူးကိုး။ ကျုပ် မြင်းကို သွားရှာလို့တွေ့ရင် ကျသင့်ငွေ ချက်ချင်း လာပေးပါ့မယ်"

"ဟိတ်.... မပြေးနဲ့ ရပ်လိုက်"

အရှိုးပဒေသာက ရှောင်းရိ ထွက်ပြေးမည် ထင်သည့်ဘက်ကို ပြေးလွှား ပိတ်ဆို့ရင်း အော်ဟစ်တားဆီးသည်၊

ရှောင်းရိက နေရာမှ မရွေ့ဘဲ....

"ငွေစ ဆယ်စနဲ့ ခင်ဗျား မွဲမသွားပါဘူး၊ ကျုပ် ကျသင့်ငွေ လာပေးမယ်လို့ ပြောထားပြီးပြီပဲ၊ ကျုပ်နာမည် ရှောင်းရိ၊ ကျုပ်က လူလိမ် လူကောက် မဟုတ်ဘူး"

စကားအဆုံးတွင် ရှောင်းရိ နေရာမှ လှစ်ခနဲ ခုန်ထွက်သည်။

သူ၏ ခန္ဓာကိုယ်မှာ အရှိုးပဒေသာ ခေါင်းပေါ်မှ ကျော်ပြီး တစ်ဖက်သို့ ကျသွားသည်။

မြေပြင်ပေါ် ရောက်သည်နှင့် သူက လျင်မြန်စွာ ပြေးထွက်လိုက်လေ၏။

*

တဖြည်းဖြည်းနှင့် အမှောင်က စိုးမိုးလာသည်။

ရွှောင်းရိသည် တစ်မြို့လုံး အနှံ့အပြားရောက်သွားပြီး အနီရောင်ဝတ် မိန်းကလေးကို တွေ့လိုတွေ့ငြား ရှာ၏။

သို့သော် အနီရောင်ဝတ် မိန်းကလေး၏ အရိပ်ကိုပင် မတွေ့ရပေ။

"မိန်းကလေးက ဒီမြို့မှာ မနားဘဲ ဆက်သွားပြီထင်တယ်၊ ဒီည ငါ တစ်နေရာမှာ နားလိုက်မယ်။ ပြီးတော့ မိုးလင်းတာနဲ့ ခရီးဆက်မယ်၊ မြင်းမရှိတော့ပေမယ့် ငါ့ခြေထောက်တွေ ရှိသားပဲ"





ရွှောင်းရိက တီးတိုးရေရွတ်ရင်း ညအိပ်ရမည့်နေရာကို လိုက်ရှာသည်။

မြို့အတွင်း၌ အိပ်စရာနေရာမတွေ့။ မြို့ပြင်ထွက်ပြီး သစ်ပင်ပေါ် တက်အိပ်ခြင်းက အကောင်းဆုံးဟု တွေးပြီး သူမြို့ပြင်သို့ ထွက်သည်။

အမှောင်ရိပ်လွှမ်းစတွင် မြို့ပြင်ရှိ ဘုံကျောင်းပျက်ကို သူ တွေ့လိုက်ရ၏။

ရွှောင်းရိက ဝမ်းသာအားရပင် ဘုံကျောင်းပျက်ဆီသို့ ပြေးထွက်ခဲ့သည်။

ဘုံကျောင်းပျက်မှာ ကာလကြာမြင့်စွာ စွန့်ပစ်ခံထားရပုံ ပေါ်သည်။ အမိုးများကွာကျပြီး အကာအရံတွေ ကျိုးပဲ့ပျက်စီးနေ၏။

သို့သော် ခရီးကြုံသူတို့ လာရောက်တည်းခိုလေ့ရှိပုံရသော အခန်းတစ်ခန်းမှာ အကောင်းပကတိ အတိုင်း ရှိနေသည်။

ရွှောင်းရိက ထိုအခန်းတွင် ညအိပ်ရန် ဆုံးဖြတ်လိုက်၏။

သူက ကြမ်းပြင်ကို ဖုန်ခါ၍ လှဲချရင်း ရှေ့ဆက်ရမည့် ခရီးအကြောင်းကို စဉ်းစားသည်။

ယခုအတိုင်းဆိုလျှင် မူလက မှန်းထားသလို မဟုတ်ဘဲ သူ့ခရီးစဉ်မှာ အပြောင်းအလဲတွေ ရှိလာလိမ့်မည်ဟု တွေးမိသည်။

အခက်အခဲပေါင်း များစွာကို သူ ရင်ဆိုင်ဖြတ်သန်းရမည် ဖြစ်ကြောင်း သဘောပေါက်လာ၏။

လမ်းတွင် တွေ့ခဲ့ရသော အနီရောင်ဝတ် မိန်းကလေး အကြောင်း အတွေးထဲသို့ ဝင်လာသည်။

နေရင်းထိုင်ရင်း ဝင်ရှုပ်သွားသော ကောင်မလေးကြောင့် သူ ဒုက္ခရောက်ရသဖြင့် စိတ်ထဲက ကြိတ်ပြီး ကျိန်ဆဲနေမိသည်။

အမှောင်ထုက ရင့်သည်ထက် ရင့်လာ၏။ ညနက်သည်ထက် နက်လာသည်။

တွေးတောစဉ်းစားရင်း အချိန်တွေ ကုန်လာရာမှ ရှောင်းရီ အိပ်ချင်စိတ် ပေါ်လာသည်။

အတွေးများကို ဖြတ်တောက်ပြီး အိပ်ရန် စိတ်ကူးလိုက်ချိန်တွင် အပြင်ဘက်မှ ပေါ်ထွက်လာသည့် အသံဗလံများကြောင့် ဖျတ်ခနဲ ထထိုင်လိုက်၏။





သူကြားရသည့် အသံမှာ မိန်းကလေးတစ်ယောက်၏ အသံ ဖြစ်သည်။

မိန်းကလေးတစ်ယောက်၏ ဒေါသတကြီး ဆဲဆိုသံ၊ ဘုံကျောင်းပျက်ရှေ့မှ ပေါ်ထွက်လာသဖြင့် တအံ့တသြဖြစ်သွားလျက် သူ အိပ်နေရာမှ ထလိုက်သည်။

"တိတ်စမ်း ကောင်မလေး၊ နင် ငါတို့လက်က ဘယ်နည်းနဲ့မှ မလွတ်နိုင်ဘူး၊ ဒီထက်ပိုပြီး အသံကျယ်လာရင် နင့်ကို ရိုက်နှက်ပြီး ဆုံးမရလိမ့်မယ်"

"ရိုက်ရဲရင် ရိုက်ကြည့်ပါလား၊ တိရစ္ဆာန်တွေ၊ ရှင်တို့ ကျွန်မကို တစ်လမ်းလုံး နှောင့်ယှက်လာကြတယ်။ အခုလဲ ကျွန်မ အလိုမတူဘဲ ဖမ်းခေါ်လာတယ်။ ရှင်တို့ကို အရေးယူဖို့ မြို့စားကို သွားတိုင်မယ်"

"ဟား....ဟား၊ ငါတို့ကို တိုင်ဖို့နေနေသာသာ မင်းကိုယ်မင်း လွတ်အောင် အရင်ဆုံး ကြိုးစားကြည့်ပါဦး၊ မင်းဟာ အခု ငါတို့ရဲ့ အကျဉ်းသားဖြစ်နေပြီ။ ငါတို့က မင်းကို ကျွန်းနန်း အရောက် ဖမ်းခေါ်သွားမယ်၊ သိရဲ့လား"

"မာင်....ရှင်....ရှင်တို့"

"ဟား....ဟား။ ကျွန်းနန် ရောက်တဲ့အခါ မင်း အဖေကို အကြောင်းကြားလိုက်ရုံပဲ၊ မင်း အဖမ်းခံနေရပြီဆိုတာ မင်းရဲ့ အဖေ သိသွားရင်"

"ခွေးတွေ၊ တိရစ္ဆာန်တွေ၊ ရှင်တို့ကို ကျွန်မ သတ်မယ်"

"ဟား....ဟား....ဟား။ ဟေ့....ဒီကောင်မလေးကို အကြောပိတ်ပြီး ဟိုအခန်းထဲ ပို့ထားလိုက်၊ ငါတို့ ဒီရှေ့မှာပဲ အရက်သောက်ကြမယ်။ မင်းတို့နှစ်ယောက်က မြို့ထဲသွားပြီး အလုံပိတ် မြင်းလှည်းတစ်စီး ခိုးခဲ့၊ ကောင်မလေးကို ဒီအတိုင်း ခေါ်သွားလို့ မဖြစ်ဘူး။ အကြောပိတ်ပြီး မြင်းလှည်းပေါ် တင်သွားမှ ရမယ်"

စကားသံနှင့်အတူ တွန်းထိုးသံ၊ လှုပ်ရှားသံ၊ ဆဲဆိုသံများကို ကြားရသည်။

ပြီး.... ဝုန်းခနဲ မြည်သံနှင့်အတူ ရှောင်းရီ၏ ဘေးသို့ လေးလံသော အရာဝတ္ထုတစ်ခု ကျလာ၏။

"မင်း ဒီအထဲမှာ အေးအေးဆေးဆေး နေပေတော့၊ ဒီအတိုင်းထားတော့ မင်းက ရန်းတယ်၊ ကန်တယ်၊ ဆဲတယ်။ အကြောပိတ်ထားလိုက်တော့ အေးရော"





ယောကျ်ားတစ်ယောက်၏ အသံနှင့်အတူ အခန်းအပြင်သို့ ပြန်ထွက်သွားသည့် ခြေသံကို ကြားရ၏။

ရှောင်းရီက သူ့ဘေးတွင် ကျလာသော အရာဝတ္ထုကို စမ်းကြည့်သည်။

နူးညံ့နွေးထွေးသော မိန်းကလေးတစ်ယောက်၏ ကိုယ်ကို စမ်းမိ၏။

ရှောင်းရီက စမ်းသပ်သဖြင့် အကြောပိတ် ခံထားရသော မိန်းကလေးမှာ ထိတ်လန့်သွားဟန် ရှိသည်။

သူ့နှုတ်မှ တအုအုနှင့် မပီမသ ရေရွတ်သံတွေ ပေါ်လာသည်။

ငြိမ်သက်နေသော သူ၏ခန္ဓာကိုယ် တဆတ်ဆတ်တုန်သွား၏။

"မိန်းကလေး မကြောက်နဲ့၊ ငါ မင်းရဲ့ရန်သူ မဟုတ်ဘူး။ ဒီအခန်းထဲကနေ မင်းကို ကယ်ထုတ်မယ် ကြားလား"

ရှောင်းရီက မိန်းကလေး၏ နားနားသို့ကပ်ပြီး တိုးတိုး ပြောသည်။

ပြီး.... ကြမ်းပြင်ပေၚ လဲကျနေသော မိန်းကလေးအား ဆတ်ခနဲ ပွေ့ချီ ထမ်းပိုးလိုက်၏။

သူက မိန်းကလေးအား ထမ်းသားပြီး အခန်းအပြင်သို့ ခြေဖော့နင်းလျက် ထွက်သည်။

အပြင်ဘက်တွင် လရောင်က ထိန်ထိန်သာနေပြီး လရောင်အောက်တွင် အရက်ထိုင်သောက်နေသော လူနှစ်ယောက်ကို တွေ့ရသည်။

ရှောင်းရိက သူထွက်ပြေးရမည့် လမ်းကို လျင်မြန်စွာ ရှာသည်။

အရက်သောက်နေသူ နှစ်ယောက်၏ ကျောဘက် ဘုံကျောင်းပျက်နှင့် ကပ်လျက်တွင် မြင်းနှစ်ကောင် ချည်ထားသည်ကို တွေ့ရ၏။

သူက မိန်းကလေးအား ထမ်းပိုးပြီး မြင်းနှစ်ကောင် ချည်ထားရာသို့ ချဉ်းကပ်ခဲ့သည်။

"အခန်းထဲမှာ ကောင်မလေးတစ်ယောက်တည်း ကြောက်နေမယ် ထင်တယ် ဆရာ"





"ဟား....ဟား။ မင်းက အမှောင်သွားရှာချင်လို့လား။ သူ့ကို မင်း လက်ဖျားနဲ့တောင် ထိဖို့မစဉ်းစားနဲ့။ သူ့မှာ ချို့ယွင်းချက် မရှိမှ ငါတို့လိုချင်တာ ရမှာ ဒါကိုလား"

ရှောင်းရိက မိန်းကလေးကို မြင်းတစ်ကောင်၏ ကျောပေၚ တင်လိုက်သည်။

ပြီး.... သူက မြင်းတစ်ကောင်ပေၚ ခုန်တက်လိုက်၏။

အရက်သောက်နေသူ နှစ်ယောက်အား တစ်ချက်ကြည့်ပြီးနောက် မိန်းကလေးရှိနေသော မြင်းဇက်အား ဆွဲလျက် သူ့မြင်းကို ဖြည်းညင်းစွာ စီးထွက်သည်။

အရက်သောက်သူ နှစ်ယောက်မှာ အပြန်အလှန် စကားတွေ ပြောပြီး တဟားဟားနှင့် ပွဲကျနေကြသည်။

သူတို့၏ အကျဉ်းသား မိန်းကလေး လွတ်မြောက်သွားရုံမက မြင်းနှစ်ကောင်ပါ ပါသွားသည်ကို မသိလိုက်ကြ။

ရှောင်းရိသည် လမ်းတွင် မိန်းကလေးအား အကြော ဖြေပေးလိုက်သည်။

မိန်းကလေး မြင်းပေၚ ခွထိုင်သည်နှင့် သူက သူ့မြင်းကို အပြင်းစိုင်း ထွက်လိုက်လေသည်။

*

## အခန်း (၁)

ပြည့်ဝဝိုင်းစက်သော လဂနန်း၏ အလင်းသည် ပတ်ဝန်းကျင် တစ်ခုလုံးသို့ ဝင်းဝါ လင်းလက်စွာ ဖြာကျနေသည်။

အချိန်က ညနက်ပိုင်းကို လွန်မြောက်ပြီး မိုးလင်းပိုင်းသို့ နီးလာပြီ ဖြစ်သည်။

မကြာခင်တွင် လ ဝင်တော့မည်။ နေအလင်း၏ ရွှေပြေး ဖြစ်သော ရောင်နီ ပျို့အံတော့မည်။

ရှောင်းရိတို့သည် မြင်းများကို မရပ်နားဘဲ ခရီးနှင်မြဲ နှင်၏။

မြင်းများ ပင်ပန်းပြီး ချွေးတဒီးဒီးကျနေသည်ကို စမ်းသပ် သိရှိလိုက်မှ ရှောင်းရိက မိန်းကလေးဘက်သို့ လှည့်၍....





"မြင်းတွေလဲ သိပ်ပင်ပန်းနေပြီ။ အခုအတိုင်း ဆက်သွားရင် ဒီမြင်းတွေ အမောဆို့ပြီး လဲသေသွားလိမ့်မယ်။ ကျုပ်တို့ ဟိုဘေးက တောင်ပေါ်ကို တက်ပြီး နားကြမှ ဖြစ်မယ်"

"မြင်းပဲ ပင်ပန်းတာ မဟုတ်ဘူး။ ကျွန်မလဲ ပင်ပန်းနေပြီ။ နားတာပဲ ကောင်းတယ်"

ရှောင်းရိတို့ နှစ်ယောက်စလုံး မြင်းများပေါ်မှ ဆင်းလိုက်ကြသည်။

သူတို့က မြင်းနှစ်ကောင်ကို ဆွဲပြီး လမ်းဘေး တစ်ဖက်ရှိ တောင်ပေါ်သို့ တက်၏။

"ဒီတောင်ပေါ်မှာ ဂူပေါက်တွေ ဘာတွေတော့ ရှိမှာ မဟုတ်ဘူး။ ဟောဒီ ကျောက်တုံးကြီးနှစ်တုံးကြားမှာပဲ အိပ်လိုက်ကြတာပေါ့။ ဒီနေရာက မြင်းတွေကို ထားလို့လဲ လုံခြုံပါတယ်"

မိန်းကလေးက ဘာမှမပြောဘဲ ကျောက်တုံးနှစ်တုံးကြား ကွက်လပ်ဘေးတွင် လှဲချလိုက်သည်။

တစ်ခဏအတွင်းမှာပင် မိန်းကလေးသည် အသက်မှန်မှန် ရှူလျက် အိပ်ပျော်သွားလေ၏။

ရှောင်းရီမှာ မြင်းနှစ်ကောင်ကို အလယ်တွင် ချည်နှောင်ထားပြီး မိန်းကလေးနှင့် မနီးမဝေးတွင် လှဲချလိုက်သည်။

ခရီးလမ်း၌ ပင်ပန်းခဲ့သဖြင့် တစ်ခဏအတွင်းမှာပင် အိပ်ပျော်သွားသည်။

သူ အိပ်ရာမှ နိုးလာချိန်တွင် နေရောင် မြင့်တက်နေပြီး ရှောင်းရီမှာ ထူထဲသော အဝတ်အစားများကို ဝတ်ထားသဖြင့် ပူအိုက်ပြီး ချွေးတွေ ပြန်နေ၏။

သူက အိပ်နေရာမှထပြီး သားမွေးအင်္ကျီကို ချွတ်လိုက်သည်။

တစ်ပြိုင်နက်တည်းပင် ညက မိန်းကလေး အိပ်နေခဲ့သည့် နေရာကို လှမ်းကြည့်၏။ ထိုနေရာတွင် မည်သူမှမရှိ။

ရှောင်းရီက မြင်းချည်ထားရာသို့ ကြည့်ပြန်သည်။ မြက်စားနေသော မြင်းတစ်ကောင်ကိုသာ တွေ့ရသည်။

ထိုမြင်းမှာ အနီရောင်ဝတ်မိန်းကလေး ဆွဲခေါ်သွားသော သူ၏ မြင်းညိုကြီးပင် ဖြစ်၏။

လူဆိုးများထံမှ ခိုးယူလာသည့်မြင်းမှာ သူ့မြင်း ဖြစ်နေသဖြင့် ရှောင်းရီ ဝမ်းသာသွားသည်။





သူက မြင်းဘေးသို့ လျှောက်သွားပြီး မြင်းညိုကြီး၏ ခေါင်းကို ပွတ်သပ်သည်။

မြင်းညိုကြီးသည် ပိုင်ရှင်ကို မှတ်မိဟန် ခေါင်းတခါခါ လည်ဆံတယမ်းယမ်း လုပ်သည်။

"ဟား....ဟား.... မင်းနဲ့ငါ ကံမကုန်လို့ ပြန်တွေ့ရတာကွ။ ငါတို့ ခရီးဆက်သွားကြမယ်၊ ဟုတ်လား"

ရှောင်းရီက မြင်းညိုကြီး၏ နားနားသို့ကပ်ပြောပြီး မြင်းကို ဇက်ကြိုးမှဆွဲပြီး တောင်အောက်သို့ ဆင်းသည်။

ဆင်းလမ်းတစ်လျှောက်လုံးတွင် သူက ဟိုဟိုသည်သည် ကြည့်သည်။

သူ ကယ်တင်ခဲ့သော မိန်းကလေးကို အရိပ်အယောင်မျှ မတွေ့ရတော့။

မိန်းကလေးသည် ကျန်မြင်းတစ်ကောင်ကို စီးပြီး သူ့ခရီးသူ ဆက်ပြီဟု ယုံကြည်စိတ်ချသွားမိသည်။

တောင်အောက်သို့ ရောက်သည်နှင့် ရှောင်းရီက မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

မြင်းလှည်းကစ်စီး သွားသာရုံ ကျယ်သော လမ်းအတိုင်း မြင်းစီးလျက် ထွက်ခဲ့၏။

ရာသီဥတုမှာ မနေ့ကနှင့်မတူဘဲ ကြည်လင်သာယာနေသည်။

နွေးထွေးသော နေရောင်ခြည်အောက်တွင် တလောကလုံး စိမ်းစိုလှပနေသည်ကို တွေ့ရ၏။

ရှောင်းရိသည် သီချင်းတစ်ပုဒ်အလိုက်အတိုင်း လေချွန်ပြီး မြင်းပေါ် ထိုင်လိုက်ခဲ့သည်။

မြင်းညိုကြီးသည် လမ်းအတိုင်း မနှေးမမြန် ဆက်သွားနေ၏။

လမ်းကွေ့ လေးတစ်ခုကို ဖြတ်ကျော်မိသည်။ ရှေ့တွင် တော အုပ် တစ်အုပ်ကို တွေ့ရ၏။

ထိုတောအုပ်နားသို့ နီးလာစဉ် မာန်သွင်း အော်ဟစ်သံ၊ တိုက်ခိုက်သံတို့ကို ကြားလိုက်ရသည်။

ရှောင်းရိ၏ လေချွန်သံ ရပ်သွား၏။

သူက အရောင်တဖျပ်ဖျပ်လက်လာသော မျက်လုံးအစုံဖြင့် တောအုပ်ဆီသို့ လှမ်းကြည့်သည်။





တောအုပ်ထဲမှ ပေါ်ထွက်လာသောအသံမှာ မိန်းကလေး တစ်ယောက်၏ အသံ ဖြစ်နေသဖြင့် သူ မျက်မှောင်ကြုံ့သွား သည်။

တစ်ဆက်တည်းပင် သူက မြင်းညိုကြီးကို ဖနောင့်ဖြင့်တို့၍ တောအုပ်ထဲသို့ တစ်ရှိန်ထိုး ဝင်၏။

တောအုပ်ထဲတွင် ယောကျ်ားကြီး လေးယောက်နှင့် အနီ ရောင် ဝတ်စုံ ဝတ်ထားသော မိန်းကလေး တစ်ယောက်တို့ အပြင်းအထန် တိုက်ခိုက်နေကြသည်။

မိန်းကလေးမှာ သူ့မြင်းကို ဆွဲပြီး ထွက်ပြေးသွားသူမှန်း မြင်မြင်ချင်း ရှောင်းရိ မှတ်မိလိုက်၏။

အနီရောင်ဝတ် မိန်း က လေး က ခုန် ပျံ လှုပ် ရှား လျက် ယောကျ်ားကြီးလေးယောက်အား တိုက်ခိုက်နေသည်။

ယောကျ်ားကြီးလေးယောက်မှာ မိန်းကလေးအား ညှပ်ပူး ညှပ်ပိတ် တိုက်ခိုက်နေသည့်တိုင် အနိုင်မရနိုင်ဘဲ ရှိနေ၏။

မိန်းကလေး၏ လှုပ်ရှားမှုက သွက်လက်မြန်ဆန်ပြီး တိုက် ခိုက်ပုံမှာ ကြမ်းတမ်းလှသည်။

သို့သော် ယခုအတိုင်း ကြာရှည် တိုက်ခိုက်နေလျှင် မိန်းကလေးသည် ယောကျ်ားကြီးလေးယောက်၏လက်တွင် အမိခံရလိမ့်မည်ဟု ရှောင်းရိ သိနေသည်။

ထို့ကြောင့်ပင် သူက မိန်းကလေးအား ဝင်ရောက်ကူညီရန် ဆုံးဖြတ်လိုက်၏။

ရှောင်းရိသည် မြင်းပေါ်တွင် ထိုင်နေရာမှ အပေါ်သို့ ခုန်တက်လိုက်သည်။

လေထဲတွင် ကျွမ်းတစ်ပတ်ထိုးပြီး ယောကျ်ားကြီး လေးယောက်ရှေ့ မြေပြင်ပေါ် ခုန်ချလိုက်သည်။

မြေပြင်ပေါ် ခြေချမိသည်နှင့် တစ်ပြိုင်နက် သူက အနီရောင်မိန်းကလေးဘက်မှကူညီပြီး ယောကျ်ားကြီးလေးယောက်ကို တိုက်ခိုက်သည်။

ရှောင်းရိ လက်ထဲတွင် လက်နက်ဆို၍ အပ်တစ်ချောင်းမျှပင် မပါချေ။

သူ၏ လက်ချည်းသက်သက် တိုက်ခိုက်မှုကြောင့် ယောကျ်ားကြီး လေးယောက် နောက်သို့ ကပျာကယာဆုတ်သွားရသည်။





"ဟိတ်.... မင်းဘယ်သူလဲ။ ဘာဖြစ်လို့ ငါတို့ အလုပ်ကို ဝင်ရှုပ်ရတာလဲ။ နတ်ဆိုးမိုးကြိုးဆိုတဲ့ နာမည်ကို မင်းမကြားဖူးဘူးလား။ ထမင်းဝဝစားချင်ရင် ရှေ့က ဖယ်စမ်း"

လူလေးယောက်အနက် ခေါင်းဆောင်လုပ်သူကပြောသည်။

ထိုသူ၏ အသံကို ကြားသည်နှင့် ညက ဘုံကျောင်းပျက်ထဲသို့ မိန်းကလေးတစ်ယောက်ကို ဖမ်းခေါ်လာသူမှန်း ရှောင်းရိ မှတ်မိလိုက်သည်။

"နတ်ဆိုးမိုးကြိုးဆိုတာ ခင်ဗျားကိုး။ အတော်ပါပဲ။ ကျုပ်က နတ်ဆိုးမိုးကြိုးနဲ့ တွေ့ချင်နေတာ။ တစ်ပွဲတစ်လမ်း စမ်းကြည့်ကြတာပေါ့"

ရှောင်းရိ၏ စကားက နတ်ဆိုးမိုးကြိုးအား ဒေါသဖြစ်သွားစေပုံရသည်။

သူက အောဟစ်ကြိမ်းဝါးပြီး ပန်းပွားတပ်လုံဖြင့် ရှောင်းရိအား တိုက်ခိုက်သည်။

ရှောင်းရိသည် သူ့ထံဝင်လာသော လုံချက်ကို လွှတ်သည်ဆိုရုံ ရှောင်သည်။

ရှောင်ရင်းနှင့် သူ၏ ညာဘက်တွင်ရှိသူအား လက်သီးဖြင့် လှမ်းထိုးသည်။

ဝီခေါ သွားသည့် လက်သီးချက်က ထိုသူ့ကိုမိမိရရထိသည်။

ပြင်းထန်သော လက်သီးချက်ကြောင့် ထိုသူ ဝုန်းခနဲ လွင့်ထွက်သွား၏။

ထိုအချိန်မှာပင် ဒုတိယလှံချက် ရှောင်းရီထံ တိုးထွက်လာသည်။ ရှောင်းရီက ကိုယ်ကို စောင်းပြီး ရှောင်သည်။

တစ်ပြိုင်နက်တည်းပင် နတ်ဆိုးမိုးကြိုးအား တိုက်ခိုက်သည်။

နတ်ဆိုးမိုးကြိုးက လှံကို လှည့်ပတ် ကစားပြီး ရှောင်းရီအား ထိုးသည်။ ရှောင်းရီ ခါးကို နွဲ့လျက် ရှောင်၏။

လှံသွားထက်ထက်က သူ့အနားမှဝီခေါ ပြီးဖြတ်သွားသည်။

သူက လှံအရိုးကို ဖျတ်ခနဲ ဖမ်းဆုပ်၏၊ တစ်ဆက်တည်း လှံကို ဆွဲယူလိုက်သည်။





နတ်ဆိုးမိုးကြိုးမှာ လှံကို ဆက်ပြီး ကိုင်ထားနိုင်စွမ်းမရှိဘဲ ရှောင်းရီ၏ လက်ထဲ အပါခံလိုက်ရ၏။

ရှောင်းရီသည် ပန်းပွားတပ်လှံကို လေထဲတွင် တဝီးဝီးနှင့် လှည့်ပတ်သည်။

အနီရောင်ဝတ် မိန်းကလေးအား ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်နေသူ နှစ်ယောက်အား လှံရိုးဖြင့် ရိုက်၏။

လှံရိုးက ထိုသူနှစ်ယောက်အား ပြင်းထန်စွာ ရိုက်ခတ်မိသည်။

ထိုသူနှစ်ယောက်စလုံး နာကျင်စွာ အော်ဟစ်ပြီး မြေပြင်ပေါ် လဲကျသွား၏။

နတ်ဆိုး မိုးကြိုးမှာ သူ့အဖော်သုံးယောက် မြေပြင်ပေါ် အတုံးအရုံး လဲကျသွားသည်ကို မြင်ပြီး မျက်လုံးပြူးသွား၏။

သူက ထိတ်လန့်ဟန်ဖြင့် ရှောင်းရီအား လှမ်းကြည့်သည်။

"မင်း.... ဘယ်သူလဲ"

"ကျုပ်နာမည် ရှောင်းရီ။ မတရားတာဆိုရင် ကျုပ်က လက်ပိုက် ကြည့်မနေတတ်ဘူး"

ရှောင်းရီ၏ အမည်ကို ကြားသည်နှင့် နတ်ဆိုးပိုးကြိုး၏ မျက်နှာတွင် အပြောင်းအလဲများစွာ ပေါ်သွားသည်။

သူက ရှောင်းရီအား မကျေမနပ်နှင့် ကြည့်လိုက်ပြီး....

"မင်းနဲ့ ငါတို့နဲ့က ဘာမှတူတွေ့ပါ၊ အခုလို ငါတို့အလုပ်ကို ဝင်နှောင့်ယှက်တာတော့ မကောင်းဘူး"

"ကျုပ်က တစ်သက်လုံး မတရားတဲ့ အလုပ်ကို မလုပ်ခဲ့ဖူးဘူး။ ကျုပ်ရှေ့မှာ မတရားလုပ်နေတာ မြင်ရင်လဲ ကြည့်မနေနိုင်ဘူး။ ခင်ဗျားတို့ ယောကျ်ားလေးယောက် မိန်းကလေး တစ်ယောက်တည်းကို တိုက်ခိုက်နေတာ လွန်လွန်းတယ်။ ဒါမျိုးကို ကျုပ် လက်ပိုက်ပြီး ကြည့်မနေနိုင်ဘူး"

"မင်း အခုလို ဝင်ရှုပ်တဲ့အတွက် တစ်နေ့ကျရင် နောင်တရစေရမယ်။ နောက်တစ်ခါကျမှ ငါတို့ တွေ့ကြတာပေါ့"





နတ်ဆိုးမိုးကြိုးသည် သူ့လူများအား ဆွဲထူပြီး နေရာမှ လျင်မြန်စွာ ပြေးထွက်သည်။

ရှောင်းရီက သူ့လက်ထဲမှ လှံကို နတ်ဆိုးမိုးကြိုးပြေးရာ လမ်းကြောင်းအတိုင်း ပစ်လွှတ်လိုက်၏။

လှံက နတ်ဆိုးမိုးကြိုးအား ကျော်သွားပြီး ရှေ့ရှိ မြေပြင်ပေါ်တွင် စိုက်သွားသည်။

နတ်ဆိုးမိုးကြိုးသည် လှံကို ဖျတ်ခနဲ ဆွဲယူပြီး ဆက်ပြေးသည်။

ရှောင်းရီက နတ်ဆိုးမိုးကြိုးအား ကြည့်ပြီး ရယ်လိုက်၏။

ရယ်မောရင်း သူက အနီရောင်ဝတ် မိန်းကလေးဘက်သို့ မျက်နှာလှည့်သည်။

"ဒီတစ်ခါတော့ မင်း ကျုပ်မြင်းကို ခိုးပြီး ထွက်ပြေးမှာလား"

အနီရောင်ဝတ် မိန်းကလေးသည် ရှောင်းရီအား မျက်သုံးအဝိုင်းသားနှင့် ကြည့်ပြီး ခေါင်းခါပြသည်။

"အစ်ကိုက ကျွန်မကို လူဆိုးတွေလက်ထဲက နှစ်ခါတောင် ကယ်ထားတာ။ ကျွန်မ ကျေးဇူးမကန်းနိုင်ပါဘူးရှင်"

နှစ်ခါတောင် ကယ်ထားတာဆိုသည့် အနီရောင် မိန်းက လေး၏ စကားကြောင့် ရှောင်းရီ၏ ခေါင်းထဲတွင် အသိတစ်ခု ဖျတ်ခနဲ ဝင်လာ၏။

ဘုံကျောင်းပျက်ထဲတွင် လူဆိုးများလက်မှ သူကယ်ခဲ့သည့် မိန်းကလေးမှာ အနီရောင်ဝတ် မိန်းကလေးပါလားဟု တွေးမိ သွားသည်။

"ကျေးဇူးမကန်းချင်ဘူးဆိုပြီး ကျုပ် အိပ်နေတုန်း မင်း ဘာဖြစ်လို့ တိတ်တိတ်ကလေး ထွက်ပြေးသွားရတာလဲ"

"အလင်းရောင်အောက်မှာ အစ်ကို့မျက်နှာကို မြင်တော့ ညက အမှောင်ထဲမှာ ကျွန်မကို ကယ်တဲ့လူဟာ အစ်ကိုပဲဆိုတာ သိပြီး မျက်နှာချင်း မဆိုင်ရဲတော့ဘူး။ အဲဒါကြောင့် မြင်း နှစ်ကောင်ထဲက ကျွန်မ မြင်းကို ကျွန်မယူပြီး ထွက်ခဲ့တာပါ"

"လမ်းမှာ နတ်ဆိုးမိုးကြိုးနဲ့တွေ့ပြီး ဒုက္ခထပ်ဖြစ်တယ်ပေါ့၊ ကျုပ်သာ ဒီနေရာကို အချိန်မီ ရောက်မလာရင် မင်း နောက် ထပ် အဖမ်းခံရမှာ သေချာတယ်"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မကို ကယ်ခဲ့တဲ့အတွက် အစ်ကို့ ကို ကျေးဇူးတင်လို့ မဆုံးပါဘူး၊ ဒါပေမယ့် အစ်ကို့လို လူတစ်ယောက်ကို အသက်စွန့်ပြီး ကူညီတတ်တဲ့လူဟာ ဘာဖြစ် လို့ မြင်းသူခိုး ဖြစ်နေသလဲဆိုတာ ကျွန်မ စဉ်းစားလို့မရဘူး"





အနီရောင်ဝတ် မိန်းကလေး၏ စကားကြောင့် ရှောင်းရီ မျက်မှောင်ကြုံ့သွားသည်။

သူက မိန်းကလေးအား နားမလည်နိုင်ဟန်ဖြင့် ကြည့်သည်၊

"မင်းက ကျုပ်ကို မြင်းသူခိုးလို့ ထင်နေတယ်ပေါ့၊ ဟုတ် လား"

မိန်းကလေးက ရှောင်းရီအား မျက်လုံး အဝိုင်းသားနှင့် ကြည့်သည်။

"ပထမဆုံးအကြိမ် တွေ့တုန်းက အစ်ကို ကျွန်မ မြင်းကို"

မိန်းကလေးက စကားကို ဆုံးအောင်မပြောဘဲ တစ်ပိုင်း တစ်စနှင့် ရပ်လိုက်၏။ မိန်းကလေး၏ ဆိုလိုရင်းကို သိလိုက် သော ရှောင်းရီက ရယ်မောပြီး....

"အဲဒီတုန်းက ကျုပ် မင်းရဲ့ မြင်းကို ခိုးလာခဲ့တာ မဟုတ် ပါဘူး။ လမ်းမှာ မြင်းတစ်ကောင် လွတ်ပြေးလာတာတွေ့လို့ ဖမ်းထားတာပါ၊ ဒါကို မင်းက မမေးမမြန်းဘဲ ရန်လုပ်ရုံ မကဘူး။ ကျုပ် မြင်းကိုပါ ဆွဲခေါ်သွားတယ်"

"အဲဒီအတွက် ကျွန်မ တောင်းပန်ပါတယ်ရှင်။ ကျွန်မ ပိုင်ရှိဖုန်း အပေါ်မှာ အစ်ကို့ ကျေးဇူးတွေ အများကြီး တင် နေပါပြီ"

*

## အခန်း (၄)

တစ်နေကုန် တောက်လောင်ပူပြင်းနေခဲ့သော နေရောင်ခြည်သည် အားပျော့ ညိုးမှိန်စ ပြုလာ၏။

မြင်းကိုယ်စီဖြင့် ခရီးဆက်ခဲ့ကြသည့် ရှောင်းရီနှင့် ပိုင်ရီဖုန်းတို့မှာ ယခုအချိန်ထိ ညအိပ်နားနေနိုင်မည့် မြို့ကိုမရောက်သေးသဖြင့် စိတ်ပျက်စ ပြုလာ၏။

"ခုလောက်ဆိုရင် ညီမတို့ မြို့တစ်မြို့ကို ရောက်သင့်နေပြီ၊ ကြည့်ရတာ ညီမတို့ လမ်းမှားလာပြီနဲ့ တူတယ်"

"မိုးမှ မချုပ်သေးဘဲ စိတ်မပျက်ပါနဲ့ ညီမ။ အခုအတိုင်းပဲ သွားနေရင်လဲ တစ်ရက်မဟုတ် တစ်ရက်မှာ လူနေတဲ့ နေရာကို ရောက်မှာပဲ၊ အဲဒီတော့မှ ခရီးလမ်းကို စုံစမ်းကြည့်ကြတာပေါ့"

"စိတ်ပျက်လို့ ပြောတာ မဟုတ်ပါဘူး။ ဒီထက်မကတဲ့ အခက်အခဲတွေကို ညီမ ရင်ဆိုင်ဖူးပါတယ်၊ ညီမတို့ လမ်းမှားနေမှာ ထင်လို့ ပြောတာပါ"





ရှောင်းရီက အမှတ်မထင်ပင် ချောမောလှပသော ပိုင်ရီဖုန်း၏ မျက်နှာကို ငေးကြည့်မိသွားသည်။

ငယ်ရွယ်သော မိန်းကလေး တစ်ယောက်တည်း ယခုလို ခရီးကြမ်းကို မည်သည့်အတွက် ဖြတ်သန်းနေပါလိမ့်ဟု စဉ်းစား၍ မရ ဖြစ်သွား၏။

"ညီမရဲ့ အိမ်က ဘယ်မှာလဲ။ အခု ညီမ ဘယ်ကိုသွားမလို့ ထွက်လာတာလဲ"

ရှောင်းရီက မေးလိုက်မှ ပိုင်ရီဖုန်း၏ မျက်နှာ ညှိုးကျသွားသည်၊

သူက အဝေးတွင် ခိုင်ခိုင်မာမာ တည်ရှိသော တောင်ပြာပြာတို့ကို ငေးကြည့်သည်။

သူ၏ မျက်လုံးအစုံတွင် ကြေကွဲဟန်တို့ ထင်ရှားစွာ ပေါ်လာ၏။

"ဘယ်ကိုသွားရမလဲဆိုတာ ညီမ ဘာသာ ညီမလဲ မသိပါဘူး၊ ကျန်းနန်နဲ့ဝေးရင် ပြီးရောဆိုပြီး ထွက်လာခဲ့တာပါ၊ ညီမရဲ့ မိဘတွေက ကျန်းနန်မှာ ရှိပါတယ်"

ပိုင်ရီဖုန်း၏ စကားကြောင့် ရှောင်းရီ အံ့အားတသင့် ဖြစ်သွားသည်။ သူက ပိုင်ရီဖုန်းအား စေ့စေ့ကြည့်ပြီး....

"မင်း.... ကျုပ်နဲ့တွေ့တုန်းက သွားနေတဲ့လမ်းဟာ ကျန်းနန်ကို သွားတဲ့လမ်းပဲ။ ကျန်းနန်နဲ့ ဝေးချင်တယ်ဆိုပြီး မင်းဘာဖြစ်လို့ အဲဒီလမ်းအတိုင်း သွားရတာလဲ"

"ကျွန်မ အိမ်ကနေ အပြင်ကို သိပ်မထွက်ဖူးတော့ မျက်စိလည် လမ်းမှားပြီး အဲသလို ပြန်သွားနေမိတာ ဖြစ်မှာပါ။ ကျွန်မ ကျန်းနန်မြို့ဘက် ပြန်သွားနေတယ်ဆိုတာကို အခု အစ်ကို ပြောမှပဲ သိရတော့တယ်။ အစ်ကိုကကော ဘယ်ကို သွားမှာလဲ"

"ကျုပ်က ခြေဦးတည့်ရာ လျှောက်သွားနေတဲ့လူပဲ။ ကျုပ်ရဲ့ ခရီးလမ်းဆုံးဟာ ဘယ်နေရာလို့ သတ်မှတ်ထားတာ မရှိပါဘူး။ အခုတော့ ကျုပ် ကျန်းနန်ကို သွားမယ်"

"ဘာသွားလုပ်မှာလဲ အစ်ကို"

"ညီမကို ပြန်ပို့မှာပေါ့။ မိန်းကလေးတစ်ယောက် အခုလို လျှောက်သွားနေတာ မကောင်းပါဘူး။ ကိုယ့်မိဘဆီ ကိုယ်ပြန်တာ အကောင်းဆုံးပါပဲ"





ရှောင်းရီ၏ စကားကြောင့် ပိုင်ရီဖုန်း မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သို့သော် သူက ဟန်ဆောင် ရယ်မောလျက် မျက်နှာပျက်သွားခြင်းကို ဖုံးကွယ်လိုက်သည်။

"ညီမက အိမ်မှာမနေချင်လို့ ထွက်ပြေးခဲ့တာ။ အခု အိမ်ပြန်ပို့မယ့်လူနဲ့ တွေ့နေပြန်ပြီ"

ရှောင်းရီသည် ပိုင်ရီဖုန်း၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြန်၏။

ပိုင်ရီဖုန်းတစ်ယောက် ဘာ့ကြောင့်များ အိမ်မှာ မနေချင်ပါလိမ့်ဟု သူ စဉ်းစား၍မရအောင် ရှိနေမိသည်။

"ညီမက အိမ်မှာ ဘာဖြစ်လို့ မနေချင်တာလဲ"

ပိုင်ရီဖုန်းက အဖြေမပေးဘဲ အဝေးသို့ ငေးကြည့်သည်။

သူ့မျက်လုံးအစုံမှာ ရီဝေလျက် သောက အရိပ်အယောင်များ ထင်လာ၏။

"အစ်ကို မေးတာကို ညီမက မဖြေချင်ဘူးလား၊ မဖြေချင်တာကို အစ်ကို အတင်းအကျပ် မမေးပါဘူး။ ဒါပေမယ့် ညီမကို အိမ်ပြန်ဖို့တော့ ပြောချင်တယ်။ မိန်းကလေး တစ်ယောက်အတွက် မိဘအိမ်လောက် လုံခြုံအေးချမ်းတာ ဘယ်မှာမှ မရှိပါဘူး၊ အခုလို လျှောက်သွားနေရင် ညီမအတွက် နေရာတကာမှာ အန္တရာယ်ရှိပါတယ်"

ပိုင်ရှီဖုန်းက ရှောင်းရီအား တုံ့ပြန်မပြောဘဲ နှုတ်ပိတ်နေ၏။ ပါးလှပ်နီထွေးသော သူ့နှုတ်ခမ်းမှာ ပြုံးယောင်ယောင်တွန့်ကွေးနေသည်။

"အစ်ကို ညီမကို အိမ်ရောက်တဲ့ထိ လိုက်ပို့ပေးပါ့မယ်၊ ညီမရဲ့ မိဘတွေကိုလဲ ညီမ မကြိုက်တာတွေ မလုပ်ဖို့ မေတ္တာရပ်ခံပေးပါ့မယ်"

ထပ်ပြောလိုက်သည့် ရှောင်းရီ၏ စကားအဆုံးတွင် ပိုင်ရှီဖုန်း ခစ်ခနဲ ရယ်လိုက်၏။

တည်ငြိမ်နေသော သူ၏ မျက်နှာမှာ ချက်ချင်းပင် ကလေးဆန်သွားလေသည်။

"ညီမ ဘာဖြစ်လို့ ရယ်တာလဲ"





"အစ်ကိုက ညီမရဲ့မိဘတွေနဲ့ မသိဘဲ မေတ္တာရပ်ခံပေးမယ်ဆိုလို့ပါ"

"သူတို့နဲ့ မသိပေမယ့် အစ်ကိုက ညီမနဲ့ သိနေတာပဲ။ ပြီးတော့ လမ်းတစ်လျှောက်မှာ ညီမ အန္တရာယ်နဲ့ တွေ့ခဲ့တာကို သိနေတာပဲ။ ဒါတွေကို ပြောပြလိုက်ရင် ညီမရဲ့ မိဘတွေက နားလည် သဘောပေါက်ပြီး အစ်ကို့စကားကို လက်ခံမှာပါ"

ပိုင်ရှီဖုန်းက စကားထပ်မပြောဘဲ နှုတ်ပိတ်နေလိုက်ပြန်၏။

သူ၏ မျက်လုံးအစုံက ဂနာမငြိမ်ဘဲ ဟိုဟိုသည်သည် ကြည့်နေသည်။

"ညီမက သိုင်းပညာ တတ်ထားလို့ သိုင်းပညာ မတတ်ရင် နတ်ဆိုး မိုးကြိုးတို့ လက်ထဲမှာ ကြက်ကလေး ငှက်ကလေး အဖမ်းခံရသလို အဖမ်းခံရမှာပဲ။ နတ်ဆိုးမိုးကြိုး ဆိုတဲ့ လူက ယိပ်ကြောက်စရာကောင်းတယ်။ လူသတ်မှု မားပြမှုတွေ အများကြီး ကျူးလွန်ခဲ့တဲ့လူပဲ၊ ကြည့်ရတာ သူက ညီမကို ဖမ်းပြီး ညီမရဲ့ မိဘတွေကို အကြပ်ကိုင်မလို့ထင်တယ်။ အဲသလိုဖြစ်သွားရင် ညီမလဲ ဒုက္ခရောက်၊ ညီမရဲ့ မိဘတွေလဲ စိတ်ဆင်းရဲရလိမ့်မယ်"

လူကြီးဆန်ဆန် ဆုံးမပြောဆိုနေသော ရှောင်းရီအားကြည့်ပြီး ပိုင်ရှီဖုန်း ပြုံးမိသွားသည်။

သူက အလိုက်သင့် ခေါင်းညိတ်ပြ၍....

"အစ်ကိုက စေတနာနဲ့ ပြောနေတာကို ညီမ နားထောင်ပါ့မယ်ရှင်၊ ညီမ အိမ်ကိုပဲ ပြန်ပါတော့မယ်"

*

အမှောင်ထု စိုးမိုးလာသည့်တိုင် လူနေအိမ်ခြေ ရှိရာသို့ မရောက်သေး။

အချိန်ကုန်လျှင် အိပ်စရာနေရာတစ်ခု ရှာရမည်။ အိပ်စရာနေရာထက် စားစရာမရှိခြင်းက ပိုဆိုးသည်။

ပါလာသည့် ရိက္ခာခြောက်တွေလည်း ကုန်ပြီ။ ရေဘူးထဲတွင် သောက်စရာ ရေပင် မရှိတော့။

"ဒီညတော့ တောထဲမှာ ဗိုက်ဆာဆာနဲ့ အိပ်ရမယ့်ကိန်းဆိုက်နေပြီ၊ အိပ်စရာမရှိတာလဲ အကြောင်းမဟုတ်ဘူး။ ဆာတာလဲ အကြောင်းမဟုတ်ဘူး။ သောက်စရာ ရေ မရှိတာက ခက်တယ်"



"ခရီးက ဆုံးမှ မဆုံးသေးဘဲ။ တစ်နေရာမှာတော့ ရေရှိမှာပါ"

ရှောင်းရိက အားပေးစကားပြောသော်လည်း ထိုစကားသည် ပိုင်ရီဖုန်း၏ စိတ်ကို တက်ကြွလာစေရန် ဆွဲဆောင်နိုင်စွမ်း ရှိပုံမရ၊

ပိုင်ရီဖုန်းထံမှ စိတ်ပျက်လက်ပျက်နှင့် သက်ပြင်းချသံကိုသာ ကြားရသည်။

အမှောင်ထုက တဖြည်းဖြည်း သိပ်သည်းသည်ထက် သိပ်သည်းလာ၏။

တောထဲ တောင်ထဲတွင် ဆာဆာလောင်လောင် မွတ်မွတ်သိပ်သိပ်နှင့် ကုန်ဆုံးရတော့မည်ဟု တွေးနေမိဆဲတွင် ခပ်ဝေးဝေးမှ လင်းခနဲ လက်သွားသော မီးရောင်ကို တွေ့လိုက်ရ၏။

မီးရောင်ရှိသည့်နေရာတွင်လူရှိရမည်ဆိုသည့် အတွေးကြောင့် ရှောင်းရိ၏ရင် ထိတ်ခနဲ ခုန်သွား၏။

သူက မီးရောင်ပေါ်ထွက်နေရာသို့ လက်ညှိုး ထိုးပြပြီး....

"ဟိုမှာ.... မီးရောင်တွေ့ပြီ ညီမ"

ရှောင်းရိ၏ အသံကြောင့် ပိုင်ရှီဖုန်းပေါ် စိတ်လှုပ်ရှားသွားသည်။ သူက ရှောင်းရိ ညွှန်ပြရာသို့ လှမ်းကြည့်လိုက်၏။

အမှောင်ထဲတွင် တလက်လက် လင်းနေသော မီးရောင်ကို တွေ့လိုက်ရလေသည်။

''ဟုတ်တယ်အစ်ကို.... မီးရောင်တွေ့ပြီ။ မီးရောင်ရှိရင် လူရှိရမယ်၊ အဲဒီကို မြန်မြန်ရောက်အောင် သွားကြမယ် အစ်ကို''

နှစ်ယောက်စလုံး မြင်းများကို ဖနောင့်ဖြင့် တို့လိုက်ကြ၏၊

မြင်းနှစ်ကောင်သည် ဖြည်းဖြည်းမှန်မှန် သွားနေရာမှ ရှေ့သို့ တစ်ရှိန်ထိုး ပြေးထွက်သည်။

တလက်လက်လင်းနေသော မီးရောင်ရှိရာနှင့် နီးလာသည်၊

မီးရောင်နှင့်အတူ အမှောင်ထဲတွင် ထီးထီးမားမားတည်ရှိနေသော အိမ်ကြီးတစ်အိမ်ကို တွေ့ရ၏။

လူသူမနီးသော တောကြီးခေါင်ခေါင်တွင် တည်ရှိနေသော အိမ်သည် မည်သို့သောအိမ်များပါလိမ့်ဟု ရှောင်းရိ စဉ်းစားသည်၊





''အိမ်က အကြီးကြီးပဲ၊ ဒါလောက် ခေါင်တဲ့ နေရာမှာ လာနေတာဟာ လျှို့လျှို့ဝှက်ဝှက်နေချင်တဲ့ မိသားစု တစ်စုပဲ ဖြစ်လိမ့်မယ်''

''သိုင်းလောကထဲက အနားယူပြီး အေးအေးချမ်းချမ်း နေနေတဲ့ သိုင်းပညာရှင် မိသားစု ဖြစ်မယ်ထင်တယ်။ ဘာပဲဖြစ်ဖြစ် အစ်ကိုတို့ ဝင်ပြီး အကူအညီတောင်းရမှာပဲ''

ကြီးမားသော အိမ်ကြီးရှိရာ ခြံဝင်းရှေ့သို့ အရောက်တွင် ရှောင်းရိက မြင်းကို ဇက်သပ်ပြီး ရပ်လိုက်သည်။

သူက ပိတ်ထားသော ခြံတံခါးအပေါ်ဘက်တွင် ထွန်းညှိထားသည့် မီးအိမ်ကို လှမ်းကြည့်သည်။

မီးအိမ်အလင်းဖြင့် ခြံဝတွင်ချိတ်ထားသော ဆိုင်းဘုတ်ကို တွေ့လိုက်ရ၏။

''နဂါးနက်စံအိမ်''

ရှောင်းရိက မြင်တွေ့နေရသည့် ဆိုင်းဘုတ်ကို အသံထွက်ဖတ်ကြည့်သည်။ ပြီး.... မီးရောင် လင်းလက်နေသော အိမ်ကြီးကို လှမ်းကြည့်၏၊

"သိုင်းလောကသားတွေ ပြောစမှတ်ပြုကြတဲ့ နဂါးနက်စံအိမ်ဆိုတာ ဒီမှာ ရှိနေတာကိုး"

"အစ်ကိုက ဒီအိမ်အကြောင်းကို သိလို့လား"

ရှောင်းရိက အမှောင်ထဲတွင် ပိုင်ရီဖုန်း မြင်မည် မမြင်မည်ကို မစဉ်းစားဘဲ ခေါင်းညိတ်ပြသည်၊

"ဒီအိမ်ရှင် နဂါးနက်သိုင်းသမားကြီးအကြောင်း အစ်ကို ကြားဖူးပါတယ်၊ နဂါးနက်သိုင်းသမားဟာ တစ်ခါတစ်ရံမှ သိုင်းလောကထဲကို ဝင်လာတတ်ပြီး သူ့မိသားစုနဲ့သူ သီးသန့်နေတဲ့ သူပဲ။ သူ့မှာ သားနှစ်ယောက်နဲ့ သမီးတစ်ယောက်ရှိတယ်။ သားသမီးတွေဟာ သူနဲ့အတူ နေကြတယ်လို့ အစ်ကို ကြားဖူးထားတယ်"

"သူဟာ သိုင်းလောကသားတွေ လေးစားရတဲ့ လူပေါ့.... ဟုတ်လား အစ်ကို"

"ဟုတ်တယ် ညီမ"

"ဒါဆိုရင်တော့ သူ့လိုလူမျိုးဆီက ညီမတို့ အကူအညီ ရနိုင်ပါတယ်"





ရှောင်းရိ ခေါင်းညိတ်ပြလိုက်ပြန်ပြီး မြင်းပေါ်မှ ခုန်ဆင်း၍ ဟိုဟိုသည်သည် ကြည့်သည်၊

ပိတ်ထားသည့် ခြံတံခါးရှေ့တွင် ကြိုးဖြင့်ဆွဲပြီး ကျနေသော ကြေးကွင်းကြီးတစ်ကွင်းကို တွေ့ရသည်။

သူက ထိုကြေးကွင်းကို ဆွဲလိုက်၏။

ခြံဝင်းအတွင်းဘက်မှ ခေါင်းလောင်းသံတစ်ချက်မြည်သွားသည်ကို အတိုင်းသား ကြားရ၏။

ခေါင်းလောင်းသံ ပျောက်အသွားတွင် ရှောင်းရိက အသံမြှင့်ပြီး....

"နဂါးနက်ဆရာကြီး ခင်ဗျား။ မျက်စိလည် လမ်းမှားလာတဲ့ ခရီးသွားတွေ အကူအညီတောင်းဖို့ ရောက်နေပါတယ်"

အတွင်းအားသုံး၍ အော်ဟစ်ပြောဆိုလိုက်သည့် ရှောင်းရိ၏ အသံ အရပ်ရှစ်မျက်နှာသို့ ပျံ့လွင့်သွားသည်၊

နဂါးနက် စံအိမ်ဝင်းအနီးတွင် တစ်ခဏမျှ တိတ်ဆိတ်သွား၏၊ ပြီးမှ အောင်မြင်ခန့်ညားသော အသံတစ်သံ အိမ်အပြင်သို့ ပျံ့လွင့်လာသည်၊

"အပြင်ဘက်က အော်နေတာ ဘယ်သူလဲဟေ့"

"ခရီးသွား ရှောင်းရိန့် ပိုင်ရီဖုန်းတို့ပါ။ ကျွန်တော်တို့ ဒီဘက်ကို လမ်းမှားလာပြီး အစာပြတ် ရေပြတ် ဖြစ်နေပါတယ်"

"ခြံတံခါးကို တွန်းဖွင့်ပြီး ဝင်ခဲ့ပါ။ နှစ်ယောက်စလုံး မြင်းပေါ်ကဆင်းပြီး လျှောက်ခဲ့ကြပါ"

ရှောင်းရိက ပိုင်ရီဖုန်းအား လက်ရိပ်ပြလိုက်သည်။

ပိုင်ရီဖုန်း မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

နှစ်ယောက်ပြိုင်တူ တံခါးကို တွန်းဖွင့်ပြီး မြင်းကိုယ်စီ ဆွဲလျက် ခြံဝင်းထဲသို့ ဝင်သည်။

အတွင်းသို့ ရောက်သည်နှင့် ရှောင်းရိက ခြံတံခါးကို ပြန်ပိတ်သည်။

"အိမ်ထဲကနေ အော်ပြောတဲ့အသံက တော်တော် ကျယ်တာပဲ။ နားထောင်ရတာ နားတောင် အူချင်သွားတယ်၊ အဲဒါ နဂါးနက် ဆရာကြီးရဲ့ အသံဆိုရင်တော့ သူဟာ အတွင်းအား သိပ်ကောင်းတဲ့သူ ဖြစ်လိမ့်မယ်"





"နဂါးနက် ဆရာကြီးက ဝါစဉ်ကြီး သိုင်းသမား တစ်ယောက်ပဲ။ သူဟာ သိုင်းလောကထဲမှာ ပြောစမှတ်ပြုလောက်အောင် သိုင်းပညာ ထူးချွန်တယ်"

"သူ့လိုလူမျိုးနဲ့ တွေ့ခွင့်ရဟာ ညီမတို့အတွက် ထူးခြားတဲ့ အခွင့်အရေး တစ်ခုပဲ၊ စောစောက စိတ်ညစ်နေခဲ့သလောက် အခု စိတ်ထဲမှာ ပျော်လာတယ်"

ရှောင်းရိက ဘာမှ မပြောဘဲ ခေါင်းတဆတ်ဆတ် ညိတ်လည်း။

သူ့စိတ်က လှုပ်ရှားခြင်း မရှိတော့ဘဲ တည်ငြိမ်နေပြီ။

နဂါးနက် သိုင်းသမားကြီးနှင့် တွေ့ရမည်ကို စိတ်လှုပ်ရှားစရာဟု မထင်မှတ်တော့ပေ။

*

# အခန်း (၅)

တံခါးဝတွင် လူတစ်ယောက် ရပ်နေသည်ကို အိမ်အတွင်းမှ ပျံ့လွင့်လာသည့် မီးရောင်ဖြင့် မြင်ရသည်။

ထိုသူသည် အရပ် လေးပေခန့်သာရှိပြီး ဦးခေါင်းကြီးပြီး ရင်အုပ်ကျယ်ကျယ် ဗလကောင်းကောင်းနှင့် ဖြစ်သည်။

ခန္ဓာကိုယ် အပေါ်ပိုင်းသည် အချိုးအစားကျသော်လည်း ကိုယ်အောက်ပိုင်းမှာ ပုံမှန်အတိုင်း မဟုတ်ဘဲ တိုနေသဖြင့် ထိုသူ အရပ်ပုနေခြင်းပင် ဖြစ်သည်။

"အထဲကို ဝင်ပါ။ သခင်ကြီး စောင့်နေပါတယ်"

လူပုကြီးက အသံသြသြဖြင့် ပြောသည်။

ပြီး.... ရှောင်းရိတို့ ဝင်လာစေရန် လမ်းဖယ်ပေးလိုက်၏။





ရှောင်းရိတို့က လူပုကြီးအားမှ ဖြတ်ပြီး အိမ်ထဲသို့ ဝင်သည်။

အတွင်းသို့ ဝင်ဝင်ချင်းပင် မီးရောင် ထိန်လင်းနေသော အိမ်ကြီး၏ ဧည့်ခန်းထဲသို့ ရောက်သည်။

လူပုကြီးသည် အိမ်တံခါးကို ပြန်ပိတ်ပြီး ရှောင်းရိတို့နှင့် ဘေးချင်းယှဉ်လျက် လျှောက်လာသည်။

သူက ဧည့်ခန်းတွင် မရပ်ဘဲ ဧည့်ခန်း၏ ညာဘက်တွင် ရှိသော အခန်းတစ်ခန်းဆီသို့ လျှောက်သည်။

ထိုအခန်းရှေ့သို့ အရောက်တွင် သူနှင့်အတူ ပါလာသော ရှောင်းရိတို့ဘက် လှည့်ပြီး....

"အထဲကို ဝင်သွားပါ"

ရှောင်းရိက လူပုကြီးအား ခေါင်းညိတ်ပြပြီးနောက် မီးလင်းနေသော ထိုအခန်းထဲသို့ ဝင်လိုက်သည်။

အခန်းမှာ စာအုပ်တွေပြည့်နေသော စာဖတ်ခန်းဖြစ်ပြီး အခန်းထဲရှိ ထိုင်ခုံတစ်ခုတွင် ဥပဓိရုပ် ခန့်ညားသော လူကြီးတစ်ယောက် ထိုင်နေသည်။

ထိုလူကြီးမှာ အဝါရောင်ဝတ်စုံကို ဝတ်ထားပြီး မြေဆေးတံတစ်ချောင်းကို မီးခိုးထောင်းထောင်းထအောင် ဖွာနေသည်၊

ဆေးတံမှထွက်သော မီးခိုးများ စာကြည့်ခန်းထဲတွင် ဝေ့ဝဲပျံ့လွင့်နေသည်။

ရှောင်းရိက အခန်းအလယ်တွင်ရပ်ပြီး ဆေးတံသမားကြီးအား လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်သည်။

ထိုသူသည် ထူးဆန်း သိုင်းငါးဖော်တွင် အပါအဝင်ဖြစ်သော လူထူးလူဆန်း သိုင်းသမားကြီးပါလားဟု တွေးရင်းငေးကြည့်နေမိကြသည်။

“မင်းတို့ ဒီလို မတ်တတ်ရပ်ပြီး နေဖို့လာတာမဟုတ်ရင် ထိုင်ကြစမ်း”

မုတ်ဆိတ်ကျင်စွယ်များ ဖြူဖွေးနေသည့် နဂါးနက် အဘိုးအို၏ အသံက တည်ငြိမ်စွာ ပေါ်လာသည်။

ရှောင်းရိတို့မှာ ကြောင်အန်းအန်းနှင့် ထိုင်ခုံများပေါ်တွင် ဝင်ထိုင်လိုက်ကြသည်။

နဂါးနက် အဘိုးအိုက ခေါင်းတဆတ်ဆတ်ညိတ်ပြီး....





“မင်းတို့ လမ်းမှားပြီး ဒီကို ရောက်လာတယ်ဆိုတာ အမှန်ပဲလား”

“ဟုတ်ကဲ့။ အမှန်ပါပဲ ဆရာကြီး”

“အခု ရေမသောက်ရ၊ အစားမစားရ ဖြစ်နေတယ်ပေါ့ဟုတ်လား”

“ဟုတ်ကဲ့”

“ကျုပ်ဆီမှာ ရေလဲ အလျှံပယ် ရှိပါတယ်။ အစားအသောက်လဲ ကောင်းကောင်းရှိပါတယ်။ ဒါပေမယ့် ကျုပ်က ဘာကိုမှ အလကား မပေးတတ်ဘူး။ အဖိုးအခရမှ ပေးတတ်တယ်”

နဂါးနက် အဘိုးအို၏ စကားကြောင့် ရှောင်းရိ အံ့အားသင့်သွားသည်။

သူက ခပ်ကြောင်ကြောင် အမူအရာဖြင့် အဘိုးအိုအား ကြည့်၏။

သူ့မြင်းပေါ်ရှိ အိတ်ထဲမှ ရွှေငွေ ရတနာများကို သတိရလာပြီး....

“ရေနဲ့ အစားအစာအတွက် ဆရာကြီးတောင်းတဲ့ အဖိုးအခကို ကျွန်တော် ပေးပါ့မယ် ခင်ဗျာ”

"ကောင်းပြီ၊ ကျုပ်တောင်းတဲ့ အဖိုးအခက ကြေးမကြီးပါဘူး။ မင်းတတ်နိုင်တဲ့ အဖိုးအခမျိုးပါ"

စကားအဆုံးတွင် အဘိုးအိုက လက်ခုပ်တစ်ချက် တီးလိုက်၏။

တံခါးဖွင့်ပေးခဲ့သော လူပုကြီး အခန်းထဲသို့ လျင်မြန်စွာ ဝင်လာသည်။

"သူတို့ကို ညစာကျွေးလိုက်စမ်း၊ ကောင်းကောင်းမွန်မွန် ဝအောင်ကျွေးပါ။ ကြားလား"

"ဟုတ်ကဲ့ သခင်ကြီး"

လူပုကြီးက အဘိုးအိုအား အရိုအသေပေးလျက် ပြောရင်း ရှောင်းရိတို့ကို လှည့်ခေါ်လိုက်သည်။

"ကျုပ်နောက်က လိုက်ခဲ့ပါ"

လူပုကြီး စာကြည့်ခန်းအပြင်သို့ ပြန်ထွက်သည်။

ရှောင်းရိနှင့် ပိုင်ရှီဖုန်းတို့က နဂါးနက် အဘိုးအိုအား ဂါရဝပြုပြီး လူပုကြီးနောက်သို့ လိုက်ခဲ့ကြသည်။





လူပုကြီးသည် ဧည့်ခန်းကိုဖြတ်၍ ရှောင်းရိတို့အား အိမ်အနောက်ဘက်သို့ ခေါ်ခဲ့သည်။

အခန်းငယ် နှစ်ခန်းကို ကျော်မိသည်နှင့် ကျယ်ပြန့်သော ထမင်းစားခန်းသို့ ရောက်သည်။

"ထိုင်ကြပါ။ ကျုပ် အစားအသောက် ပြင်ခိုင်းလိုက်ပါ့မယ်"

လူပုကြီးက ကြီးမားသော စားပွဲကို ညွှန်ပြပြီး ပြောသည်။

ရှောင်းရိတို့ ထိုင်ခုံများတွင် ထိုင်မိသောအခါ ထမင်းစားခန်းနှင့် ကပ်လျက် အခန်းသို့ ကူးဝင်သွားသည်။

တစ်ခဏအကြာတွင် မိန်းမကြီးတစ်ယောက် ထိုအခန်းထဲမှ ထွက်လာပြီး စားသောက်ဖွယ်ရာ တစ်ပန်းကန်ပြီး တစ်ပန်းကန် စားပွဲပေါ် လာချသည်။

နောက်ဆုံးမှ လူပုကြီးကိုယ်တိုင် သောက်ရေ တစ်ကရား လာချပေး၏။

"စားကြပါ။ လိုတာရှိရင် ပြောပါခင်ဗျာ"

ပိုင်ရီဖုန်းက ပထမဆုံး ရေကရားဆီသို့ လက်လှမ်းပြီး ရေတစ်ခွက် ငှဲ့သောက်သည်။

ပြီးမှ ထမင်းဟင်းလျာတို့ကို စတင် စားသောက်သည်။

စားပွဲပေါ်တွင် ပြင်ဆင်ထားသည့် ဟင်းလျာတို့မှာ အမျိုးအမည် စုံလှသဖြင့် သူတို့သည် မည်သည့်ဟင်းခွက်ကို နှိုက်ရမှန်းမသိ ဖြစ်နေရာမှ ကိုယ်နှင့် အနီးဆုံး ဟင်းခွက်ကိုနှိုက်ပြီး စားသောက်ကြခြင်း ဖြစ်၏။

သူတို့နှစ်ယောက်သည် အလွန်အမင်း ဆာနေကြသဖြင့် ခေါင်းမဖော်တမ်း စားသောက်ကြ၏။

ဟင်းများက အရသာ ထူးကဲလွန်းသဖြင့် စား၍ မတင်းတိမ်နိုင်အောင် ရှိနေသည်။

ရှောင်းရီသည် စားသောက်နေရင်းမှ နဂါးနက်အဘိုးအိုတောင်းမည့် အဖိုးအခအကြောင်းကို စဉ်းစားသည်။

သည်မျှ အမျိုးအမည်စုံသော ဟင်း လျာ များ အ တွက် မတန်တဆ အဖိုးအခ တောင်းနိုင်သည်ဟု စဉ်း စား မိသဖြင့် ထမင်းလုတ်ကို မြို၍ မကျနိုင်အောင် ဖြစ်သွားသည်။





ပိုင်ရီဖုန်းမှာ မည်သည့်အပူအပင်မှ ရှိပုံမရဘဲ စားပွဲပေါ်ရှိ ကောင်းနိုးရာရာ ဟင်းလျာများကို ပန်းကန်ထဲ ခတ်ထည့်၍ အားရပါးရ စားသည်။

"ဟင်းတွေက စုံလဲစုံ ကောင်းလဲ ကောင်းတယ်။ အဖိုးအခ ဘယ်လောက်တောင် တောင်းမလဲ မသိဘူး"

ပိုင်ရီဖုန်း အားရပါးရ စားသောက်နေရင်းမှ ရှောင်းရီအား လှမ်းကြည့်ပြီး ရယ်လိုက်သည်။

"စားသောက်နေတုန်းမှာ အဖိုးအခအကြောင်းကို မစဉ်းစားပါနဲ့။ စားသောက်ပြီးတော့မှ အဲဒီကိစ္စကို ရှင်းတာပေါ့။ အစားအသောက်အတွက် ရွှေစင်တစ်ပိဿာတော့ မတောင်းပါဘူး"

"ရွှေစင်တစ်ပိဿာဆိုရင်ကော ညီမက ပေးနိုင်လို့လား"

"ပေးရမှာပေါ့ရှင်....သူကျွေးတာကိုစားပြီးရင် သူတောင်းတာကို မပေးဘဲ နေလို့ဖြစ်ပါ့မလား"

ပိုင်ရီဖုန်း၏ စကားအဆုံးတွင် လူပုကြီး ရှေ့တိုးလာသည်။

သူက ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

"အဖိုးအခအတွက် စားသောက်ပြီးမှ သခင်ကြီးနဲ့ သွားတွေ့ပါ။ ဒီကလေးမ ပြောသလို အခုအချိန်မှာ ဘာမှ မစဉ်းစားဘဲ ဝအောင်သာ စားပါ"

*

မီးခိုးငွေ့များသည် စောစောကအတိုင်းပင် အခန်းထဲတွင် ပျံ့လွင့်နေ၏။

နဂါးနက်အဘိုးအို၏ မြေဆေးတံ၏ ဆေးအိုးတွင် မီးရဲခဲရဲခဲ ဖြစ်သွားတတ်သည်။

သူက ဆေးတံကို ဖွာရင်း ရှောင်းရီတို့အား စူးစူးစိုက်စိုက် ကြည့်နေ၏။

"မင်းနာမည်က ရှောင်းရီနော်"

"ဟုတ်ပါတယ် ဆရာကြီး"





"ခုတစ်လော သိုင်းလောကထဲမှာ နာမည်ကြီးနေတဲ့ ကြေးစားသိုင်းသမား ရှောင်းရီဆိုတာ မင်းပဲပေါ့ ဟုတ်လား"

"ကျွန်တော်က ကြေးစားအဖြစ်နဲ့ ရပ်တည်နေတာတော့ မှန်ပါတယ် ဆရာကြီး။ ဒါပေမယ့် နာမည်ကြီး တစ်ယောက်တော့ မဟုတ်ပါဘူး ခင်ဗျာ"

"ဟား....ဟား.... မင်းက ကိုယ့်ကိုယ်ကို သိပ်နှိမ့်ချတာကိုး။ မင်းရဲ့ သတင်းကို ကျုပ်လို နဂါးနက်စံအိမ်က အပြင်မထွက်တဲ့ လူတောင် ကြားဖူးနေပါတယ်"

"ကျွန်တော့်ကို ချီးကျူး ဂုဏ်ပြုတဲ့ အတွက် ဆရာကြီးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ"

နဂါးနက်အဘိုးအိုက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ရယ်လိုက်သည်။

"နာမည်ကျော် ရှောင်းရီဟာ အခု ကျုပ်က ကြွေးတင်နေပြီ။ ဒီကြွေးကို မင်း ဆပ်ချင်တဲ့ဆန္ဒရှိတယ် မဟုတ်လား"

ရှောင်းရီက နဂါးနက်အဘိုးအို၏ စကားကို နားမလည်နိုင်ဘဲ ရှိသွားသည်။

သူက ခပ်ကြောင်ကြောင်နိုင်သောအကြည့်ဖြင့် နဂါးနက် အဘိုးအိုအား ကြည့်၏။

"ဆရာကြီးပြောတဲ့ အကြွေးဆိုတာက...."

"ဟား....ဟား.... မင်းက ချက်ချင်း မေ့ပစ်တာကိုး။ ကျုပ်က အစားအသောက်ကို အလကားမကျွေးဘူး။ အဖိုးအခရမှ ကျွေးမယ်လို့ ရောက်ရောက်ချင်း ပြောခဲ့တယ် မဟုတ်လား။ အခု မင်းတို့ စားသောက်ပြီးသွားပြီ။ ဒါပေမယ့် ကျုပ်က အဖိုးအခမရသေးဘူး"

အဘိုးအို၏စကားကိုကြားသည့်အခါ ရွှောင်းရိ သက်ပြင်း ချလိုက်သည်။

"ဆရာကြီးက ဒီအကြွေးကို ပြောနေတာလား။ ဒါဆိုရင်တော့ ပြောပါခင်ဗျာ။ အဖိုးအခက ဘယ်လောက်ပါလဲ"

နဂါးနက်အဘိုးအို၏ မျက်နှာထား တည်သွားသည်။

သူက တည်ငြိမ်စူးရှသော အကြည့်ဖြင့် ရွှောင်းရိအားကြည့်လိုက်ပြီး....။





"ကျုပ်ပြောတဲ့ အဖိုးအခဆိုတာ ငွေကြေးနဲ့ မပတ်သက်တဲ့ အဖိုးအခပါ။ ကျုပ်က မင်းတို့ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးတယ်။ မင်းကလဲ ကျုပ်ရဲ့ လိုအပ်ချက်ကို ပြန်ဖြည့်ဆည်းဖို့ လိုလိမ့်မယ်"

နဂါးနက်အဘိုးအို၏ စကားကြောင့် ရွှောင်းရိ၏ ရင်မှာ ထိတ်ခနဲ ဖြစ်သွားသည်။

သူက အဘိုးအိုအား မျက်လုံးအဝိုင်းသားနှင့်ကြည့်လိုက်၏။

"အဖိုးအခကို ပြောပါခင်ဗျာ"

"ကျုပ်ခိုင်းတာတစ်ခုကို လုပ်ပေးဖို့ပါပဲ"

ဝန်ထုတ်ကြီးတစ်ခုကို ထမ်းပိုးလိုက်ရသကဲ့သို့ ရွှောင်းရိ၏ ရင်ထဲတွင် လေးလံသွား၏။

သူက နဂါးနက် အဘိုးအိုအား ရီဝေသော အကြည့်ဖြင့် ကြည့်သည်။

တစ်ခဏအကြာတွင် သူက ဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့် ခေါင်းညိတ်ပြသည်။

"ကျွန်တော် ကတိပေးထားတဲ့အတွက် ခိုင်းချင်ရာ ခိုင်းပါ ခင်ဗျာ။ ကျွန်တော် လုပ်ကိုင်ဆောင်ရွက်ပေးပါ့မယ်"

ရှောင်းရိ၏ စကားကြောင့် နဂါးနက် အဘိုးအို ခေါင်းတဆတ်ဆတ်ညိတ်သည်။

ကျေးကျေနပ်နပ်ဖြစ်သွားဟန်ဖြင့် သူ့မျက်နှာက ပြုံးနေ၏၊

"ကောင်းတတ်.... ကောင်းတယ်.... မင်းဟာ ကတိတည်တဲ့ လူတစ်ယောက် ဆိုတဲ့အကြောင်း ကျုပ် သတင်းကြားထားပါတယ်။ ကျုပ် ဘာခိုင်းမယ်မှန်းမသိဘဲနဲ့ ခေါင်းညိတ်ရဲတဲ့ မင်းရဲ့ သတ္တိကိုလဲ ချီးကျူးပါတယ်၊ တစ်ခုတော့ မင်းမစဉ်းစားမိတာ ဆိုးတယ်။ တကယ်လို့ ကျုပ်က မင်းကိုယ်မင်း သတ်သေလိုက်ပါလို့ ခိုင်းရင် မင်း ဘယ်လိုလုပ်မလဲ"

ရှောင်းရိက တုန်လှုပ်ခြင်းကင်းသောအကြည့်ဖြင့် နဂါးနက် အဘိုးအိုအား ကြည့်လိုက်သည်။

"အဲဒါဆိုရင်လဲ ကျွန်တော် ကိုယ့်ကိုယ်ကို သတ်သေလိုက်ရုံပဲ ရှိပါတယ်။ ကျွန်တော်က ဆရာကြီးရဲ့ အစားအစာကို စားထားပြီးပြီ၊ ပြီးတော့.... ဆရာကြီးကိုလဲ ကတိပေးထားပြီးပြီကိုး"

နဂါးနက်အဘိုးအို ခေါင်းတဆတ်ဆတ် ညိတ်ပြန်သည်၊





ရှောင်းရိမှာ စိတ်မသက်မသာ ဖြစ်နေရ၏။

ကတိတည်သူဖြစ်၍ ပေးပြီးသည့် ကတိကို မဖျက်နိုင်တော့ နဂါးနက်အဘိုးအို ခိုင်းစေသမျှကို စိတ်ကျေနပ်သည်ဖြစ်စေ မကျေနပ်သည်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ပေးရတော့မည်ဟု စိတ်ဒုန်းဒုန်းချလိုက်ပြီး ဖြစ်၏။

"ပေးပြီးတဲ့ ကတိအတွက် မင်း နောင်တမရပါနဲ့။ ကျုပ်က မင်း မတတ်နိုင်တဲ့ကိစ္စကို မခိုင်းပါဘူး။ ကျုပ်အနေနဲ့ ခိုင်းတယ်လို့တောင် မပြောချင်ပါဘူး။ အကူအညီ တောင်းတယ်လို့ပဲ သဘောထားပါ"

"ဟုတ်ကဲ့.... ဆရာကြီးရဲ့ကိစ္စကို အမိန့်ရှိပါခင်ဗျာ"

နဂါးနက်အဘိုးအိုက ဆေးတံကိုချထားလိုက်ပြီး ချောင်းတစ်ချက် ဟန့်သည်။

"ကျုပ် နဂါးနက်မာစင်းလျှံမှာ သားနှစ်ယောက်နဲ့ သမီးတစ်ယောက် ရှိပါတယ်။ ကျုပ်ဟာ ဟောဒီ နဂါးနက်စံအိမ်ကနေ ဆယ်နှစ် အပြင်မထွက်ပါဘူးလို့ ကျိန်ဆိုထားတဲ့လူပါ။ ခုအချိန်မှာ ဘယ်လောက် အရေးကြီးတဲ့ကိစ္စပဲရှိရှိ ကျုပ် အပြင်မထွက်ပါဘူး။ ဒီလို အချိန်မှာ ကျုပ်ကိုယ်တိုင် ဆောင်ရွက်မှ ဖြစ်မယ့် ကိစ္စတစ်ခုပေါ်လာတယ်။ အဲဒီကိစ္စအတွက် ကျုပ်

အပြင်ကို ထွက်ရမယ်။ ဒါပေမယ့် ကျုပ်က ကျိန်စာဆိုထား တော့ ကိုယ့်ကိုယ်ကို ဒီစံအိမ်ထဲမှာ အကျဉ်းချ ထားရတယ်၊ ဘယ်မှ ထွက်လို့မဖြစ်ဘူး''

နဂါးနက်အဘိုးအိုက သူအပြင်မထွက်နိုင်သည့်အကြောင်း ကို လေးနက်သည်ထက် လေးနက်အောင် ပြောဆိုနေသည်၊

သူ့စကားက ယခုအချိန်အထိ လိုရင်းကို မရောက်သေး သဖြင့် ရွှောင်းရိက သည်းခံပြီး နားထောင်နေရ၏။

''ကျုပ် အပြင်ထွက်ဖို့ဖြစ်လာတာဟာ ကျုပ်ရဲ့ သားသမီး တွေ ကိစ္စပါပဲ။ လွန်ခဲ့တဲ့သုံးလက ကျုပ်ရဲ့သမီးလေး ဒီစံအိမ် ကနေ အပြင်ထွက်သွားတယ်၊ တစ်လကျော်သွားတဲ့ထိ ဘာ သတင်းမှ မရတဲ့အတွက် ကျုပ်ရဲ့ သားအကြီး မာထိဝါ လိုက်သွားတယ်၊ ဒါလဲ သတင်းမရတော့ သားအငယ် မာ ကုန်းဒကျောင်း လိုက်သွားတယ်။ ခုဆိုရင် သားအငယ် ထွက် သွားတာ တစ်လရှိပြီ။ ဒီနေ့ပဲ သူတို့နဲ့ ပတ်သက်တဲ့ သတင်း တစ်ခု ကျုပ်ဆီကို ရောက်လာလို့ မင်းက ကျုပ်ကိုယ်စား သူတို့ကို လိုက်ရှာပေးဖို့ တာဝန်ပေးချင်တာပါ''

နဂါးနက်အဘိုးအိုက လူပျောက်ရှာရန် တာဝန်ပေးခြင်း ဖြစ်၍ ရွှောင်းရိ စိတ်သက်သာရာရသွားသည်။





''ကိစ္စက လူပျောက်ရှာရမယ့် ကိစ္စပဲ။ ဒါပေမယ့် မင်း အနေနဲ့ လွယ်လွယ်ကူကူ လုပ်ကိုင်နိုင်မှာတော့ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူပျောက်တာဟာ ရွှေတောင်ပံသိန်းငှက် နဲ့ ပတ်သက်နေလို့ပဲ''

*

## အခန်း (၆)

အခန်းထဲတွင် တိတ်ဆိတ်ငြိမ်သက်ခြင်းက လွှမ်းမိုးနေသည်။

ရွှေတော…သိန်းငှက်ဆိုသည့် အမည်ကို ရှောင်းရိ၏ နားထဲတွင် ပဲ့တင်ထပ်မတတ် ကြားနေရ၏။

ထိုအမည်နှင့် ပတ်သက်ပြီး သူကြားဖူးထ…းသော သတင်းစကားများကို ပြန်သတိရလာသည်။

အမှန်စင်စစ် ရွှေတောင်ပံ သိန်းငှက်နှင့် ပတ်သက်သော ကိစ္စသည် အသက်ဘေးနှင့် နီးစပ်လွန်းသော ကိစ္စများသာ ဖြစ်တတ်၏။

ရွှေတောင်ပံ သိန်းငှက်က ရန်သူအဖြစ် သဘောထားခြင်း ခံရသူသည် နောင်ရေးမကောင်းတတ်တော့ဆိုသည့် စကားကို သူ အကြိမ်ကြိမ် အခါခါ ကြားဖူးထားသည်။





"ရွှေတောင်ပံ သိန်းငှက်ဟာ ဘယ်သူ ဘယ်ဝါဆိုတာ ကျုပ်မသိဘူး။ ကျုပ်လိုပဲ တခြား သိုင်းလောကသားတွေလဲ မသိကြဘူး။ သူ့ အမှတ်တံဆိပ်နဲ့ သူ့ နာမည်ပဲ သိုင်းလောကထဲမှာ ပျံ့နှံ့နေတယ်....။

"သူနဲ့ ထိပ်တိုက်တွေ့ပြီး မြင်ဖူး၊ တွေ့ဖူးတဲ့ လူတချို့တော့ ရှိပါတယ်။ ဒါပေမယ့် အဲဒီလူတွေဟာ သူနဲ့ တွေ့ပြီးတာနဲ့ သေဆုံးကုန်တော့ သူ့ အကြောင်း ဘာမှ ပြန်မပြောနိုင်ကြပါဘူး"

နဂါးနက် အဘိုးအိုက သေသေချာချာ ရှင်းပြနေသည်။

ရှောင်းရိမှာ ရွှေတောင်ပံ သိန်းငှက်အကြောင်း နားထောင်ရင်း သူကြားဖူးထားသည့် သတင်းစကားများကို ပြန်လည်စဉ်းစားသည်။

"ရွှေတောင်ပံ သိန်းငှက်က ကျုပ်သားနှစ်ယောက် သူ့ လက်ထဲ ရောက်နေတဲ့အကြောင်း ရွှေတောင်ပံသိန်းငှက်တံဆိပ် ခပ်နှိပ်ထားတဲ့ စာတစ်စောင် ပို့ပြီးပြောတယ်"

"ဒါဖြင့်ရင် ဆရာကြီးရဲ့ သမီးက"

"ကျုပ်သမီးနဲ့ ပတ်သက်တဲ့အကြောင်း စာထဲမှာ မပါပါဘူး။ ဒါပေမယ့် သမီးလဲ သူ့ လက်ထဲ ရောက်နေမှာ သေချာ



မင်းစာပေ

ပါတယ်။ ဒါကြောင့် ကျုပ်ရဲ့သားတွေ သူ့လက်ထဲ ရောက်ကုန်ကြတာပေါ့"

"သားနှစ်ယောက်အတွက် ဆရာကြီးက ဘာဆောင်ရွက်ပေးရမယ်လို့ သူ တောင်းဆိုသလဲ"

နဂါးနက် အဘိုးအိုက ခေါင်းခါပြသည်။

သူက စားပွဲပေါ်မှ စာတစ်စောင်ကို ယူပြီး ရှောင်းရီအား ပြ၏။

စာက နဂါးနက် အဘိုးအို အမည်တပ်ထားသော စာဖြစ်ပြီး အဘိုးအို၏ သားနှစ်ယောက် သူ့လက်ထဲတွင် ရှိနေကြောင်း အကြောင်းကြားသည့်စာပင် ဖြစ်၏။

စာအဆုံးတွင် ရွှေတောင်ပံ နှ ဖက်ပါသော သိန်းငှက် တစ်ကောင်၏ ပုံကို ရေးထိုးထားသည်။

"အခုအတိုင်းဆိုရင်တော့ ဆရာကြီးဆီကို နောက်ထပ် စာ ရောက်လာလိမ့်ဦးမယ် ထင်တယ်။ အဲဒီစာကျမှပဲ ရွှေတောင်ပံ သိန်းငှက်က သူ တောင်းဆိုချင်တာကို တောင်းဆိုလိမ့်မယ် ထင်တယ်





ရှောင်းရီ၏ စကားကြောင့် နဂါးနက် အဘိုးအိုက တွေဝေနေ ဖြစ်သွားသည်။

ရုန်း ၂၀၇၄၄

သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

"နောက် စာတစ်စောင်ရတဲ့ထိ ကျုပ် ထိုင်စောင့်မနေနိုင်ဘူး။ ဒီကြားထဲမှာ သူ့ကို တွေ့အောင်ရှာမှ ဖြစ်မယ်။ ဒီလို ရှာဖွေဖို့အတွက် မင်းဟာ အသင့်တော်ဆုံး လူတစ်ယောက်ပါ"

"ကျွန်တော့်ကို ဒါလောက် အထင်မကြီးပါနဲ့။ ဆရာကြီး မျှော်လင့်ထားသလောက် ကျွန်တော် စွမ်းဆောင်နိုင်မှာ မဟုတ်ပါဘူး....။

"ရွှေတောင်ပံ သိန်းငှက်ရဲ့ သိုင်းပညာဟာ သူမတူအောင် ထက်မြက်တယ်ဆိုတဲ့ သတင်း ကျွန်တော် ကြားဖူးထားပါတယ်။ သူဟာ သိပ်ရက်စက်သလို သိပ်လဲ လျှို့ဝှက်ပါတယ်။ သူ့ကို ရှာတွေ့နိုင်ဖို့ကပဲ တော်တော် ခက်ခဲတဲ့ ကိစ္စပါ"

ရှောင်းရီ၏ စကားကြောင့် နဂါးနက် အဘိုးအို မကျေမနပ် ဖြစ်သွားပုံ ရသည်။

အဘိုးအိုက ရှောင်းရီအား မျက်မှောင်ကြုံ့လျက် ကြည့်၏။

"ကျုပ်က မင်းကို ယုံကြည်လို့ ဒီတာဝန် ပေးနေတာပါ၊ ခြံဝကနေ အော်ပြောလိုက်တဲ့ မင်းအသံကို ကြားကတည်းက ကျုပ်ကိုယ်စား ဆောင်ရွက်မယ့်လူ တွေ့ပြီဆိုပြီး ဝမ်းသာနေခဲ့တယ်....။

"ရွှေတောင်ပံ သိန်းငှက်ရဲ့ သိုင်းပညာ ထက်မြက်တယ်ဆိုတာ ကျုပ် မငြင်းပါဘူး။ ဒါပေမယ့် တစ်ကိုယ်တော် ရှောင်းရိကလဲ ညံ့ဖျင်းတဲ့လူ မဟုတ်ပါဘူး....။

"ဒိုပြီး စိတ်ချရအောင် ကျုပ်က တစ်သက်လုံး တီထွင်လေ့ကျင့်ခဲ့တဲ့ ပညာတွေ မင်းကို သင်ပေးလိုက်ပါမယ်၊ မင်းဟာ ပြိုင်ဘက်ကင်း သိုင်းသမား တစ်ယောက်အနေနဲ့ ရွှေတောင်ပံ သိန်းငှက်ကို ရင်ဆိုင်ရမှာပါ"

နဂါးနက် အဘိုးအို၏ စကားကြောင့် ရှောင်းရိဝမ်းသာသွားသင့်သော်လည်း သူက ဝမ်းမသာဘဲ ခေါင်းကို လေးတွဲစွာ ခါယမ်းလိုက်သည်။

"ကျွန်တော် ဆရာကြီးဆီက သိုင်းပညာ မသင်ယူနိုင်ပါဘူးခင်ဗျာ"

"မင်းက ဘာဖြစ်လို့ မသင်ယူနိုင်တာလဲ"



"ကျွန်တော့် ဆရာက တခြားတစ်ယောက်ဆီမှာ တပည့်ခံတာကို ကြိုက်မှာ မဟုတ်ပါဘူး"

"မင်းရဲ့ ဆရာက ဘယ်သူလဲ"

"အခု ဆရာ မရှိတော့ပါဘူး။ သူ ကွယ်လွန်သွားပါပြီ"

နဂါးနက် အဘိုးအို၏ မျက်နှာတွင် အပြောင်းအလဲများစွာ ပေါ်သွားသည်။

သူက ရှောင်းရိအား စူးရှသော မျက်လုံးအစုံဖြင့် အတန်ကြာအောင် ကြည့်နေ၏။

ပြီးမှ သက်ပြင်းတစ်ချက် ချလိုက်ပြီး....

"မင်းရဲ့ ဆရာဟာ တပည့်ရွေး သိပ်ကောင်းပါတယ်။ သူ မသိနိုင်တော့တဲ့ အချိန်မှာတောင် သစ္စာစောင့်တဲ့ တပည့်ကို ရသွားခဲ့တာပဲ။ မင်းကို ကျုပ်က သိုင်းပညာ သင်ပေးပေမယ့် မင်း ကျုပ်ဆီမှာ တပည့်ခံဖို့ မလိုပါဘူး....။

"မင်းရဲ့ ဆရာဟာ မင်းကို ခုလက်ရှိ အခြေအနေထက် ပိုပြီး သိုင်းပညာ တိုးတက်စေချင်မှာပဲ။ တခြားက သိုင်းပညာကို ရလို့ပဲဖြစ်ဖြစ် မင်းကိုယ်တိုင် တီထွင်လို့ပဲ ဖြစ်ဖြစ် အတုမရှိ

သိုင်းပညာရှင်တစ်ယောက် ဖြစ်လာမယ်ဆိုရင် ဘယ်ဆရာမှ မကျေနပ်ဘဲ နေမှာ မဟုတ်ပါဘူး''

''ဒါပေမယ့်.... ကျွန်တော်''

''မင်း အနေနဲ့ ဒီမှာ သုံးရက်နေပြီး ကျုပ်နဲ့ သိုင်းပညာ ဖလှယ်ဝါ။ ဒါလောက်ဆိုရင် မင်းရဲ့ တိုးတက်မှုအတွက် လုံလောက်ပါပြီ''

နဂါးနက် အဘိုးအိုသည် သူ့ကို မဖြစ်မနေ သိုင်းပညာ သင်ပေးတော့မည်မှန်း ရှောင်းရီ သိလိုက်သည်။

သူက သိုင်းပညာ တိုးတက်မှုကို လိုတားသူပီပီ ဆက်လက် ငြင်းခုံခြင်း မပြုတော့ဘဲ ခေါင်းညိတ်လိုက်လေသည်။

''ကောင်းပါပြီ ဆရာကြီး။ ကျွန်တော်တို့ ဒီမှာ သုံးရက် နေပါ့မယ်။ ပြီးတာနဲ့ ကတိအတိုင်း ကျွန်တော် ဆောင်ရွက် ပါ့မယ်''

စိတ်ချမ်းသာသွားဟန်ဖြင့် နဂါးနက် အဘိုးအို၏မျက်နှာ ရွှင်ပျလာသည်။

သူက ရှောင်းရီအား ပြုံးလျက်ကြည့်ပြီး....





''ဒီညတော့ မင်း အနားယူလိုက်ပါ။ မနက်ဖြန်ကျမှဝဲ ကျုပ်တို့ အစီအစဉ်ကို စကြတာပေါ့။ ကလေးမလဲ ပင်ပန်း နေပြီ။ မင်းတို့အတွက် အခန်းကို ကျုပ်ရဲ့ လူယုံက လိုက်ပြ ပါလိမ့်မယ်''

စကားအဆုံးတွင် နဂါးနက် အဘိုးအိုက လက်ခုပ် တစ် ချက် တီးလိုက်သည်။

လက်ခုပ်သံနှင့် မရှေးမနှောင်းပင် လူပုကြီး အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။

*

တောက်ပ ပူနွေးသော နေရောင်ခြည်သည် မြက်ခင်းပြင် ပေါ်သို့ အဆီးအကားမဲ့ ကျရောက်နေသည်။

မြက်ခင်းပြင်ပေါ်တွင် နဂါးနက် အဘိုးအိုနှင့် ရှောင်းရီ တို့ မျက်နှာချင်းဆိုင် ရပ်နေ၏။

နဂါးနက် အဘိုးအိုက အချိုးအစားကျသော ရှောင်းရှိ၏ ခန္ဓာကိုယ် တည်ဆောက်ပုံကို စေ့စေ့စပ်စပ် ကြည့်ပြီး ဆတ်ခနဲ ခေါင်းညိတ်သည်။

"မင်းရဲ့ ခန္ဓာကိုယ်အနေအထားနဲ့ အရိုးအဆစ်တွေတည်နေပုံက ထိပ်တန်း သိုင်းသမား တစ်ယောက်ရဲ့ လက္ခဏာရှိပါတယ်။ မင်း တတ်မြောက်ကျွမ်းကျင်ထားတဲ့ပညာက လက်ဝါးသိုင်းနဲ့ လက်သီးထိုးပညာ မဟုတ်လား"

"ဟုတ်ကဲ့.... ဆရာက ကျွန်တော့်ကို ဓားကွက်တွေလဲ သင်ပေးခဲ့ပါတယ်၊ 'လျှပ်ပန်းရောင်ခြည်ဆယ့်ရှစ်ကွက်'လို့ခေါ်တဲ့ သိုင်းကွက်ကို ကျွန်တော် တတ်ထားပါတယ်"

"လက်စသတ်တော့ မင်းက လျှပ်ပန်းရောင်ခြည်သိုင်းသမားရဲ့ တပည့်ကိုး၊ သူဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က သိုင်းလောကထဲမှာ တန်ခွန်ထူခဲ့တဲ့ လူပဲ၊ သူ့ရဲ့ ဓားပညာကို အံ့မခန်းဓားပညာလို့တောင် ခေါ်ကြတယ်၊ မင်း ကျုပ်ကို အဲဒီဓားသိုင်းပညာနဲ့ တိုက်ခိုက်ကြည့်စမ်းပါ"

"ကျွန်တော့်မှာ လက်နက်မပါ ပါဘူးခင်ဗျာ၊ ရန်သူက လက်နက်နဲ့ တိုက်ခိုက်မှ ရန်သူ့လက်နက်ကို ကိုယ့်လက်နက်အဖြစ် အသုံးပြု တိုက်ခိုက်ပါတယ်"





"ကျုပ်တို့က ရန်သူတွေမှ မဟုတ်တဲ့၊ လက်ကိုပဲ ဓားအဖြစ် အသုံးပြုပြီး တိုက်ခိုက်ပေါ့"

"ဟုတ်ကဲ့.... ကျွန်တော့် သိုင်းကွက် စပါတော့မယ်"

ရှောင်းရှိက နဂါးနက်အဘိုးအိုအား ဂါရဝပြုသည်။

ပြီး ... သူ၏ညာလက်ကို ဓားတစ်စင်းလို အသုံးပြု၍ စတင်တိုက်ခိုက်၏။

ရှောင်းရှိတိုက်ခိုက်ပုံက လျှပ်စီးလက်သကဲ့သို့ပင် လျင်မြန်လှသည်။

သူ၏ လက်သည် လျင်မြန်ထက်မြက်သော ဓားပမာ နဂါးနက် အဘိုးအိုထံ အရပ်လေးမျက်နှာစလုံးမှ ထိုးဖောက် ဝင်လာ၏။

နဂါးနက်အဘိုးအိုက ကိုယ်ကို ယိမ်းနွဲ့လျက် ရှောင်းရှိ၏ တိုက်ကွက်ကို ပွတ်ကာသီကာ ရှောင်သည်။

ရှောင်တိမ်းရင်းမှ သူက ဘယ်လက်ကို ရင်ဘတ်ရှေ့တွင်ကာပြီး ညာလက်ကို တံတောင်ဆစ် ကွေး၍ မြွေဟောက်ပါးပျဉ်းထောင်သကဲ့သို့ ထောင်ထားပြီး လက်ညှိုးကို ရှေ့သို့ ထိုးထုတ်ကာ သိုင်းကွက်ဆင်လိုက်သည်။

"မင်းရဲ့ဓားကွက်တွေဟာ သိပ်ပြည့်ဝပါတယ်။ ဒါပေမယ့် သိုင်းကွက်ရှစ်နဲ့ ကိုးကြားမှာ ဟာကွက်တစ်ကွက် ပေါ်နေတယ်။ အဲဒီ အကူးအပြောင်းမှာ မင်းရဲ့ ချိုင်းကြားတစ်ခုလုံး ဟင်းလင်းပွင့်နေတယ်။' ဒီမှာကြည့်"

နဂါးနက်အဘိုးအိုက သိုင်းကွက်ပြောင်းသည်ထိ စောင့်ပြီး ရှောင်းရှိ၏ ချိုင်းကြားသို့ လက်ညှိုးဖြင့် ထိုးလိုက်သည်။

ရှောင်းရှိမှာ ရင်တွင် လှပ်ခနဲ ဟာခနဲဖြစ်ပြီး နောက်သို့ ခုန်ဆုတ်လိုက်၏။

"အခုလို ဟာကွက်ပေါ်နေတာ သိုင်းကွက်တီထွင်တဲ့ မင်းဆရာရဲ့ ချို့ယွင်းချက် မဟုတ်ဘူး။ သိုင်းကွက် သင်ယူထားတဲ့ မင်းရဲ့ ချို့ယွင်းချက်ပဲ။ သိုင်းကွက်ရှစ်ကနေ ကိုးကို အကူးမှာ လက်ကို ဘယ်ဘက်ကို နည်းနည်းနှိမ့်ချကြည့်စမ်း"

ရှောင်းရှိက နဂါးနက်အဘိုးအို ပြောသည့်အတိုင်း လှုပ်ရှားကြည့်သည်။

စောစောက ပေါ်ထွက်နေခဲ့သော ဟာကွက်မရှိတော့။

"အခု ဟာကွက်မရှိတော့ဘူး။ ကဲ.... ငါတို့ ယှဉ်ပြိုင်ကြည့်ရအောင်"





ရှောင်းရှိက သိုင်းကွက်ကို ပြန်စသည်။

နဂါးနက်အဘိုးအိုက လက်ညှိုးဖြင့် ရှောင်းရှိ၏သွေးကြောများကို ထိုးပြီး ပြန်လည်တိုက်ခိုက်သည်။

တစ်ခဏအတွင်းမှာပင် သိုင်းကွက် လေးဆယ်ခန့် ယှဉ်ပြိုင်မိသွား၏။

"ကျုပ်က အတွင်းအားမထုတ်ဘဲ တိုက်ခိုက်နေတာ အခု အတွင်းအား ထုတ်တော့မယ်"

သတိပေးစကားပြောပြီး နဂါးနက်အဘိုးအိုက လက်ညှိုးဖြင့် တရကြမ်းတိုက်ခိုက်သည်။

သူ၏ လက်ညှိုးသည် ပြင်းထန်သောအရှိန်ဖြင့် ရှောင်းရှိထံ တိုးဝင်၏။

ဓားအဖြစ် အသုံးပြုတိုက်ခိုက်နေသော ရှောင်းရှိ၏ လက်ကို လက်ညှိုးဖြင့် ထိုးမိသွားသည်။

"အား"

ရှောင်းရှိ၏ လက်မောင်းတစ်လျှောက် ကျင်တက်သွားပြီး နောက်သို့ ခုန်ဆုတ်လိုက်ရသည်။

နဂါးနက်အဘိုးအိုက ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ ရပ်လိုက်၏။

"ဒီလက်ညှိုးသိုင်းကွက်ကို မဟူရာလက်ညှိုးလို့ ခေါ်တယ်၊ အကွက်ပေါင်း သုံးဆယ့် ခြောက်ကွက်ရှိတယ်။ တော်ရုံ သိုင်းသမားဟာ လက်ညှိုးတိုက်ကွက် ဆယ်ကွက်ထက် ပိုပြီး မခုခံနိုင်ကြပါဘူး"

နဂါးနက်အဘိုးအိုက မဟူရာ လက်ညှိုးတိုက်ကွက် သုံးဆယ့်ခြောက်ကွက်ကို တစ်ကွက်ပြီး တစ်ကွက် ပြသည်။

သုံးကြိမ်မျှ အပြန်အလှန် ပြလိုက်သည်နှင့် ထိုသိုင်းကွက်များကို ရှောင်းရိ မှတ်မိသွားသည်၊

"ကျုပ်နဲ့အတူ ဒီသိုင်းကွက်တွေကို နှစ်ရက်လောက် လေ့ကျင့်လိုက်ရင် မှတ်မိသွားမှာပါ။ ကျွမ်းကျင်ဖို့အတွက်ကတော့ မင်း လေ့ကျင့်နိုင်ရင် လေ့ကျင့်နိုင်သလောက် ထူးခြားမှာပဲ"

"ဒီသိုင်းကွက်သုံးဆယ့်ခြောက်ကွက်ကို ကျွန်တော် မှတ်မိပြီလို့ ထင်ပါတယ် ဆရာကြီး"

နဂါးနက်အဘိုးအိုက မယုံနိုင်ဟန်အကြည့်ဖြင့် ရှောင်းရိအား ကြည့်သည်။





"ကျုပ်သုံးနှစ်လုံးလုံး အပတ်တကုတ် ကြိုးစား တီထွင်ထားတဲ့ပညာကို သုံးခါပြရုံနဲ့ မင်းမှတ်မိသွားတယ်ဆိုရင် မင်းဟာ တကယ်ထူးခြားတဲ့ လူပဲ ဖြစ်ရမယ်။ မင်း ဘယ်လောက်ထက်မြက်သလဲဆိုတာ သိရအောင် အစအဆုံး တစ်ခါလောက်ဖြည်းဖြည်းချင်း ကစားပြစမ်းပါ"

ရှောင်းရိက သူ မှတ်သားထားသည့် သိုင်းကွက်များကိုတစ်ကွက်ချင်း ဖြည်းညင်းစွာ ကစားပြသည်။

ရှောင်းရိ သိုင်းကွက်ထုတ်နေပုံကိုကြည့်ပြီး နဂါးနက်အဘိုးအို၏ မျက်နှာမှာ တဖြည်းဖြည်း ပြောင်းလဲလာသည်။

"ဟုတ်ပြီ.... ဟုတ်ပြီ.... ဒီအတိုင်းပဲ။ နေဦး....ဒီတစ်ကွက်မှာ လက်ကို ဘယ်ဘက်နည်းနည်းရွှေ့လိုက်။ ဒါမှ စုထားတဲ့အားတွေ လက်ညှိုးထဲ ရောက်မှာပေါ့။ ဟုတ်ပြီ၊ တစ်ချက်မှမလွဲဘူး....။

"မင်းက အစအဆုံး တစ်ကွက်မကျန် မှတ်မိနေတာကိုး။ ပိုပြီး မှတ်မိသွားအောင် သုံးခါလောက် လေ့ကျင့်လိုက်ပါ။ ပြီးတာနဲ့ ကျုပ် မင်းကို မဟူရာလက်ဝါးနဲ့ မဟူရာအားပညာသင်ပေးမယ်"

ရှောင်းရိက မဟူရာ လက်ညှိုးသိုင်းကွက်ကို တစ်ခေါက်ပြီးတစ်ခေါက်လေ့ကျင့်သည်။ တစ်ခါထက်တစ်ခါပို၍ လျင်မြန်ကျွမ်းကျင်လာ၏။

နဂါးနက် အဘိုးအို၏ မျက်နှာမှာ အပြုံးများဖြင့် ဝင်းလက်နေသည်။

သူက မဟူရာလက်ညှိုးသိုင်းကွက်ကို တစ်ခဏအတွင်း ဖိုင်နိုင်သွားသော ရှောင်းရီအား မဟူရာလက်ဓါးနှင့် မဟူရာ အတွင်းအား ပညာများ ဆက်လက်ပြသသည်။

ရှောင်းရီက သိုင်းကွက်များကို နားလည်အောင် ကြည့်ပြီး ပြန်လည် လေ့ကျင့်သည်။

တဖြည်းဖြည်းနှင့် သူသည် ထူးခြား အစွမ်းထက်သော သိုင်းပညာထဲ နစ်မြုပ်သွားလေ၏။

*



အခန်း (၇)

သုံးရက်မျှ အချိန် ကုန်သွားပြီးနောက် စတုတ္ထနေ့တွင် ရှောင်းရီတို့ နဂါးနက် စံအိမ်မှ ထွက်ခွာရန် ပြင်ဆင်ကြ၏။

ခရီးထွက်ခါနီးတွင် နဂါးနက် အဘိုးအိုက လာရောက်တွေ့ဆုံပြီး လိုအပ်သမျှကို အသေးစိတ် မှာကြားသည်။

"အရေးကြုံတဲ့အခါ ကျုပ်ပြောတဲ့လူကို သွားတွေ့ပါ။ မှာစရာရှိရင် သူ့ကို သွားမှာပါ။ သူက ကျုပ်နဲ့ ဆက်သွယ်ရမယ့် နည်းလမ်းကို သိပါတယ်။ ကျုပ်နဲ့ အမြဲအဆက်အသွယ်ရှိပြီး ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေကောင်း တစ်ယောက်ပါ"

"ဆရာကြီး မှာကြားသမျှကို ကျွန်တော် တစ်ခု မမေ့ပါဘူး။ ဆရာကြီးရဲ့ မိတ်ဆွေကိုလဲ ပြောထားတဲ့အတိုင်း သွားပြီး တွေ့ဆုံပါ့မယ်"

"ကျုပ်က ကျုပ်ရဲ့ ယုံကြည်အားကိုးမှုကို မင်းလက်ထဲ အပ်လိုက်ပါပြီ။ ကျုပ်ပြောထားတဲ့ ခရီးစဉ်အတိုင်း သွားပါ။ လမ်းမှားစရာ အကြောင်း မရှိတော့ပါဘူး"

ရှောင်းရိတို့ စကားပြောပြီးသွားချိန်တွင် လူပုကြီးက ကုန်းနှီး အပြည့်အစုံတပ်ထားသော မြင်းနှစ်ကောင်ကို ဆွဲပြီး ရောက်လာသည်။

မြင်းကုန်းနှီးတွင် ရိက္ခာခြောက်ထုပ်နှင့် ရေဘူးတို့ကို ချိတ်ဆွဲထားလျက် တွေ့ရသည်။

"နောက်သုံးလနေမှ ပြင်ပကို ထွက်နိုင်မယ့် ကျုပ်အတွက် မင်းက သုံးလကြိုတင်ပြီး ဆောင်ရွက်စရာရှိတာ ဆောင်ရွက်ဖို့ သွားပေတော့"

ရှောင်းရိတို့က နဂါးနက်အတိုးအိုအား ဂါရဝပြု နှုတ်ဆက်ပြီး မြင်းများပေါ်သို့ ခုန်တက်လိုက်ကြသည်။

ပြီး.... နဂါးနက် စံအိမ်ဝင်းအတွင်းမှ မြင်းကို ဖြည်းညင်းစွာ စီးထွက်လိုက်သည်။

မြင်းများသည် ရှောင်းရိတို့အား တင်ဆောင်ပြီး ခြေလှမ်းမှန်မှန် လှမ်းလျက် တောင်ကုန်းပေါ်မှ ဆင်းခဲ့သည်။





တောင်ကုန်းလေးပေါ်တွင် တည်ရှိနေသော နဂါးနက် စံအိမ်မှာ တဖြည်းဖြည်း ဝေးကျန်ရစ်သည်။

နဂါးနက် စံအိမ်သို့ ရောက်နေသည့်ရက်များတွင် တစ်ယောက်တည်း လိုလို နေနေခဲ့ရသော ပိုင်ရီဖုန်းသည် ယခုမှပင် ရွှင်ရွှင်ပျပျ ဖြစ်လာ၏။

"အစ်ကိုလဲ အစားတစ်လုတ်အတွက်နဲ့ တာဝန်ကြီး တစ်ခုကို ယူလိုက်ရပြီနော်"

သွားရမည့် ခရီးစဉ်ကို စဉ်းစား တွက်ချက်နေသည်။

ရှောင်းရိသည် ပိုင်ရီဖုန်း၏ စကားကြောင့် တွေးလက်စ အတွေး ပြတ်သွားရ၏။

သူက ပိုင်ရီဖုန်းအား ဖြည်းညင်းစွာ လှည့်ကြည့်ပြီး ခေါင်းဆတ်ခါလိုက်သည်။

"အစား တစ်လုတ်အတွက်ကြောင့် မဟုတ်ပါဘူး ညီမ၊ ကတိစကား တစ်ခွန်းအတွက်ပါ။ အစ်ကို့ ဆရာက ကတိတည်ဖို့ အတွက် အမြဲဆုံးမတယ်၊ ကတိမတည်တဲ့ လူထက် ခွေးလေ ခွေးလွင့် တစ်ကောင်က ပိုပြီး တန်ဖိုးရှိတယ်လို့ ပြောလေ့ရှိတယ်....။

F.7

"အစ်ကိုက ကတိပေးပြီးတဲ့နောက် သေလမ်းကို ငွားပါ ဆိုရင်လဲ သွားရမှာပဲ။ အခုဟာက သေလမ်း မဟုတ်ပါဘူး။ အစ်ကို ကိုယ်တိုင်က ရွှေတောင်ပံ သိန်းငှက်နဲ့ တွေ့ဖူးချင်နေတာ ဆိုတော့ နဂါးနက် ဆရာကြီးက ဘာဝန်ပေးလိုက်တာ ပိုအဆင်ပြေသွားပါတယ်"

ပိုင်ရီဖုန်းက ရှောင်းရီအား မျက်စောင်းလဲ့လေးဖြင့် ကြည့်ပြီး ချိုမြစွာ ပြုံးလိုက်သည်။

သူ၏ မျက်လုံးအစုံတွင် ရွှင်ပျရိပ်တို့ သိသာထင်ရှားစွာ ပေါ်နေ၏။

"အခု ကိစ္စထဲမှာ နဂါးနက် ဆရာကြီးရဲ့ သမီး ပါနေတဲ့ အတွက် အစ်ကို ပိုပြီး စိတ်ဝင်စားနေတယ် မဟုတ်လား"

ပိုင်ရီဖုန်း၏ စကားကြောင့် ရှောင်းရီ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ပြီးမှ လူက သဘောပေါက်သွားပြီး အသာအယာ ပြုံးလိုက်သည်။

"နဂါးနက် ဆရာကြီးရဲ့ သမီးက အသားမည်းမည်း သွားခေါခေါနဲ့ ဖြစ်ချင်ဖြစ်နေမှာ။ သူ့ကို အစ်ကို စိတ်မဝင်စားပါဘူး။ အစ်ကို စိတ်ဝင်စားတာက...."





ရှောင်းရီက စကားကို ဆုံးအောင်မပြောဘဲ ပိုင်ရီဖုန်းအား အဓိပ္ပာယ်ပါပါ အကြည့်ဖြင့် ကြည့်သည်။

ပိုင်ရီဖုန်း၏ ပါးမို့မို့တို့ သွေးရောင် လွှမ်းသွားပြီး သူက ကပျာကယာ မျက်လွှာ ချလိုက်သည်။

ရှောင်းရီသည် စကားထပ်မဆက်ဘဲ ချောမောလှပသော ပိုင်ရီဖုန်း၏ မျက်နှာလေးကို ငေးကြည့်သည်။

ပိုင်ရီဖုန်း၏ အနီရောင် ဝတ်စုံမှာ သန့်စင် နီလွင်နေဆဲ ဖြစ်သည်။

ပိုင်ရီဖုန်း၏ မျက်နှာမှာလည်း ခရီးကြမ်း နှင်ခဲ့ရသည့်တိုင်အောင် သန့်ရှင်း ကြည်လင်နေသည်။

ဆံပင်ကို သေသေသပ်သပ် ဖြီးလိမ်းပြီး ကျစ်ဆံမြီး ရှည်ရှည် ကျစ်ထားသဖြင့် သူ၏ မျက်နှာအလှမှာ ထင်ရှားပေါ်လွင် နေသည်။

ရှောင်းရီသည် သူ၏ ခရီးတွင် တိုက်တိုက်ဆိုင်ဆိုင် လာတွေ့သော ပိုင်ရီဖုန်းအကြောင်း အတွေးမျှင် တန်းမိသည်။

ထို့ကြောင့်ပင် မျက်လွှာလေးပင့်ပြီး ခိုးခိုးကြည့်နေသော ပိုင်ရီဖုန်း၏ အကြည့်ကို မမြင်မိခြင်း ဖြစ်၏။

တစ်ယောက်ကို တစ်ယောက် စိတ်လှုပ်ရှားစွာ ကြည့်ကြရင်း ခရီးပေါက်မှန်းမသိ ပေါက်လာသည်။

မွန်းတည့်ချိန်သို့ နီးကပ်လာမှ ဆာလောင်သဖြင့် တောင်ခြေ ကစ်ခုတွင် နားလိုက်ကြသည်။

သူတို့သည် မြင်းကုန်းနှီးတွင် လူပုကြီး ချိတ်ပေးလိုက်သော ရိက္ခာအိတ်ထဲမှ အစားအသောက်များကို စားသည်၊

တစ်ယောက်နှင့် တစ်ယောက် မျက်နှာချင်းဆိုင် ထိုင်ပြီး စားနေကြသော်လည်း တစ်ယောက်ကို တစ်ယောက် စကား မပြောမိကြပေ၊

တစ်ယောက် မျက်နှာကိုသာ တစ်ယောက် မကြာခဏ လှမ်းကြည့်မိကြသည်။

စားသောက် ပြီးစီးသွားသော်လည်း နေရာမှ မထကြဘဲ ဆက်ပြီး ထိုင်နေကြသည်၊

ရှောင်းရိက ပိုင်ရှိဖုန်းအား စူး လက် တောက် ပ သော အကြည့်ဖြင့် ဖျတ်ခနဲ လှမ်းကြည့်ပြီး....

"ညီမကို တစ်ခု မေးရမယ်"





ပိုင်ရှိဖုန်းသည် အိပ်ရာမှ လှုပ်နိုးခြင်း ခံလိုက်ရသည့်ပမာ ရှောင်းရိအား ကြောင်တောင်တောင်နိုင်သော အကြည့်ဖြင့် ကြည့်သည်၊ ရှောင်းရိက ပြုံး၍....

"တခြား အ ကြောင်း မေးမှာ မဟုတ်ပါဘူး။ ညီမရဲ့ အကြောင်းကို မေးမှာပါ။ အခုလောက်ဆိုရင် ညီမ အနေနဲ့ အစ်ကို ကို ညီမရဲ့အကြောင်း ဖွင့်ပြောဖို့ အချိန်တန်ပြီ ထင်ပါတယ်"

ပိုင်ရှိဖုန်းသည် ရှောင်ရိအား ငေးကြောင်ကြောင် ကြည့်နေရာမှ ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။

"ညီမအကြောင်းက ပြောစရာ သိပ်မရှိပါဘူးရှင်။ ညီမကို ညီမရဲ့မိဘတွေက ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ပေးစားမယ် ဆိုလို့ အိမ်က ထွက်ပြေးလာတာပါ။ ညီမရဲ့ မိဘတွေ ကျန်းနန်မှာ ရှိပါတယ်၊ ကျန်းနန်က သူဌေးကြီး ပိုင်ယွင်ဆိုတာ ညီမရဲ့ အဖေပါပဲ"

"ဩော်.... ညီမက သူဌေးကြီးပိုင်ယွင်ရဲ့ သမီးကိုး"

"ဟုတ်ပါတယ်။ အစ်ကိုက ညီမရဲ့အဖေကို သိလို့လား"

"လူချင်းမသိပါဘူး၊ နာမည်ကိုပဲ ကြားဖူးနေတာပါ၊ ညီမရဲ့ အဖေက ညီမကို ဘယ်သူနဲ့ ပေးစားမယ် လုပ်လို့လဲ၊ အဲဒီလူဟာ သိုင်းလောကသားထဲကပဲလား"

ပိုင်ရီဖုန်းက ကလေးဆန်သော အမူအရာဖြင့် ခစ်ခနဲ ရယ်လိုက်သည်။

"ညီမ.... မသိဘူး အစ်ကို"

"ညီမ မသိဘူး ဟုတ်လား၊ ကိုယ်နဲ့ လက်ထပ်ရမယ်ဆိုတဲ့ လူကို ဘယ်သူမှန်းမသိဘဲနဲ့ အိမ်က ထွက် ပြေး ခဲ့တယ် ပေါ့ ဟုတ်လား"

ပိုင်ရီဖုန်းက ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ် အစ်ကို"

"တကယ်လို့ ညီမနဲ့ လက်ထပ်ရမယ့် လူဟာ အစ်ကို ဆိုရင်ကော"

"ရှင်.... အစ်ကို ဘာပြောတာ"

"အဲဒါဆိုရင် ညီမ အိမ်က ထွက်ပြေးမှာပဲလား"





ပိုင်ရီဖုန်းက မဖြေဘဲ ခေါင်းကို ငုံ့လိုက်၏။

"အစ်ကိုက အိမ်ပြန်ပို့ပေးမယ် ပြောတုန်းက ညီမ အစ်ကို့ကို အိမ်ပြန်ပါမယ်လို့ ကတိပေးထားတာ ရှိတယ်နော်"

"ဟုတ်ကဲ့.... ညီမရဲ့ကတိကို ညီမ သတိရပါတယ်"

"အစ်ကို အခု နဂါးနက်ဆရာကြီးရဲ့ကိုစ္စကို ဆောင်ရွက်ရင်း ညီမကို အိမ်ပြန်ပို့ပေးမယ်၊ ညီမ ကတိမဖျက်ရဘူးနော်"

"ဟုတ်ကဲ့.... မဖျက်ပါဘူး"

"တခြားအလုပ်တွေ ဘာမှ မလုပ်ခင် အစ်ကိုတို့ ညီမရဲ့ မိဘတွေဆီကို သွားကြတာပေါ့၊ ညီမရဲ့မိဘတွေဟာ နဂါးနက် ဆရာကြီးလိုပဲ သမီးပျောက်နေတဲ့အတွက် စိတ်ပူနေကြမှာပါ"

*

နေမဝင်ခင်မှာပင် မြို့ငယ်လေးတစ်မြို့သို့ ရောက်လာသည်။

ထိုမြို့မှာ လမ်းလေးခုဆုံတွင် တည်ရှိပြီး မြို့ငယ်သလောက် ဖြတ်သန်းသွားလာသူ များပြားပြီး စည်စည်ကားကား ရှိ၏။

ရှောင်းရီတို့သည် ထိုမြို့တွင် ညအိပ်နားနေရန် ဆုံးဖြတ်ပြီး တည်းခိုခန်းတစ်ခုသို့ ဝင်သည်။

သူတို့က ရေမိုးချိုး အဝတ်အစားလဲပြီး တည်းခိုခန်းအောက်ထပ်ရှိ စားသောက်ခန်းသို့ ထွက်ခဲ့သည်။

လူစည်ကားသည့် မြို့ဖြစ်သည့်အတိုင်း စားသောက်ခန်းတွင် လူပြည့်နေသည်။

ရှောင်းရီတို့က ပြတင်းပေါက်အနီးတွင်ရှိသော စားပွဲတစ်လုံးတွင် ထိုင်လိုက်ကြသည်။

သူတို့ထိုင်မိသည်နှင့် စားပွဲထိုးလူငယ်တစ်ယောက် ရောက်လာသည်။

ရှောင်းရီက စားပွဲထိုးအား စားသောက်ဖွယ်ရာများ မှာလိုက်၏။

ပိုင်ရီဖုန်းက ဆိုင်အတွင်း၌ စားသောက်နေသူများကို တစ်ယောက်ချင်း စေ့စေ့စပ်စပ် လိုက်ကြည့်သည်။





ထိုသို့လိုက်ကြည့်ရင်း သူတို့စားပွဲနှင့် ကပ်လျက်စားပွဲတွင် ထိုင်နေသော လူငယ်တစ်ယောက်ကို သတိပြုမိသွား၏။

လူရွယ်မှာနုနယ်သေးကွေးပြီးရုပ်ရည်ချောမောသူဖြစ်သည်။

သူ၏ အဖြူရောင်ဝတ်စုံမှာ ဖုံအထပ်ထပ်တက်ပြီး အဖြူရောင် မပေါ်တော့ဘဲ နီကြောင် ညစ်ပေနေသည်။

သို့သော် ထိုညစ်ပတ်ပေရေနေခြင်းက လူရွယ်၏ ချောမောလှပသော ရုပ်ရည်ကို ဖုံးအုပ်နိုင်စွမ်း မရှိပေ။

လူရွယ်သည် အစားအသောက်များကို စားသောက်ရင်း ဘေးဘီ ဝန်းကျင်ကို မကြာခဏ ကြည့်သည်။

ကြည်လင်သော သူ၏ မျက်လုံးအစုံမှာ အရောင် တဖျပ်ဖျပ် လက်နေသကဲ့သို့ ထင်မှတ်ရသည်။

စားပွဲထိုးတစ်ယောက်က ရှောင်းရီတို့စားပွဲသို့ စားသောက်ဖွယ်ရာများ လာချပေးသည်။

ရှောင်းရီနှင့် ပိုင်ရီဖုန်းတို့က စားမည်အပြုတွင် ဆိုင်ရှင်ဖြစ်ပုံရသော ပိုးသားဝတ်စုံဝတ်ထားသည့် လူကြီးတစ်ယောက် လူငယ်၏ စားပွဲရှေ့တွင် လာရပ်သည်။

"မင်းက စားနေ သောက်နေလိုက်တာ။ အခု စားထား သောက်ထားတာတွေအတွက် ငွေရှင်းနိုင်လို့လား။ ငါတို့ဆိုင်က ငွေမရှင်းနိုင်တဲ့လူကို အပြစ်ပေးတတ်တယ်။ သိရဲ့လား"

လူငယ်က ဆိုင်ရှင်အား ဖျတ်ခနဲ မော်ကြည့်သည်။

သူ၏ မျက်လုံးအစုံတွင် မကျေမနပ်ဖြစ်သွားဟန် ဖျတ်ခနဲ ပေါ်လာ၏။

"ကျုပ် စားသောက်ထားတာ ရွှေဒင်္ဂါးတစ်ပြား မကျပါဘူး၊ ဟောဒီမှာ အစားအသောက်တွေအတွက် ကျသင့်ငွေ၊ ကျုပ်က အလကား မစားဘူး သိရဲ့လား"

လူငယ်က ရွှေဒင်္ဂါး တစ်ပြားကို စားပွဲပေါ် တင်လိုက်သည်။

စားသောက်ဆိုင်ပိုင်ရှင် မျက်မှောင်ကြုံ့လိုက်ပြီး ရွှေဒင်္ဂါးပြားကို ယူကြည့်သည်။

"ဒီရွှေဒင်္ဂါးပြား မင်း ဘယ်ကရတာလဲ"

"ခင်ဗျား မစော်ကားနဲ့။ ဒါ ကျုပ်ရဲ့ ကိုယ်ပိုင်ဗျ"





"မင်းလိုကောင်ကလေး ရွှေဒင်္ဂါးတစ်ပြား ပိုင်မှာ၊ သူခိုးလေး။ မင်း ဘယ်သူ့ဆီက ခိုးလာတာလဲ၊ မှန်မှန်ပြောစမ်း။ မင်းကို အချုပ်ထဲပို့မှ ဖြစ်မယ်"

ဆိုင်ရှင်၏ စကားကြောင့် လူငယ်လေးမှာ မခံမရပ်နိုင်ဒေါသဖြစ်သွားပုံ ရသည်။

သူက နေရာမှ ဝုန်းခနဲ ထရပ်ပြီး ဆိုင်ရှင်လူကြီးကို လက်ညှိုး ငေါက်ငေါက်ထိုးလျက်....

"ခင်ဗျား သက်သက်စော်ကားတာ။ ကျုပ်ရဲ့ ရွှေဒင်္ဂါးပြား ပြန်ပေးစမ်း"

ဆိုင်ရှင်ကြီးက လက်နှစ်ဖက် နောက်ပစ်ပြီး ရယ်မောလိုက်သည်။

"သူခိုးကို ပစ္စည်းပြန်ပေးရတဲ့ ထုံးစံ မရှိဘူး၊ မင်းကို အခုချက်ချင်း အချုပ်ထဲပို့မယ်"

ဆိုင်ရှင်ကြီး၏ စကားအဆုံးမှာ လူရွယ်က လျှပ်တစ်ပြက်လှုပ်ရှားလိုက်သည်။

သူ၏ ညာလက် လျှပ်ပြက်သကဲ့သို့ လှုပ်ရှားလျက် ဆိုင်ရှင်အား ဆွဲယူလိုက်ပြီး ရွှေဒင်္ဂါးပြားကို ပြန်လုယူကာ တွန်းထုတ်လိုက်၏။

ဆိုင်ရှင်ကြီး ကြမ်းပြင်ပေါ် ဝုန်းခနဲ ထိုးကျသွားသည်။

လူငယ်က ဘာမှ မဖြစ်သကဲ့သို့ ထိုင်ခုံတွင် ပြန်ထိုင်ပြီး စားလက်စ အစားအသောက်များကို ဆက်စားသည်။

ဆိုင်ရှင်ကြီးသည် ကြမ်းပြင်ပေါ် ဖင်ထိုင်လျက် ကျသွားရာမှ ရှုံ့ရှုံ့မဲ့မဲ့နှင့် ထရပ်သည်။

သူက လူငယ်၏ အနားသို့ မကပ်ဘဲ ခပ်လှမ်းလှမ်းမှနေ၍ ဒေါသရောင် လက်နေသော မျက်လုံးဖြင့် ကြည့်သည်။

"ထန်ဝမ်း၊ ကျောင်းလောင်မင်းတို့ ဘယ်ရောက်နေသလဲ၊ ဒီသူခိုးလေးကို ဖမ်းစမ်း"

ဆိုင်ရှင်၏ စကားအဆုံးတွင် စားသောက်ဆိုင်တွင် ထိန်းသိမ်း စောင့်ရှောက်ရန် ခေါ်ထားသော သိုင်းသမား လေးယောက်က ဟန်မပျက် အစားအသောက် ဆက်စားနေသော လူငယ်အား ဝိုင်းလိုက်ကြသည်။

"ခွေးကောင်လေး။ ထွက်ပြေးမယ် မကြံနဲ့"

"ဟား....ဟား။ ကျုပ်က ထွက်ပြေးတတ်တဲ့ကောင်မဟုတ်ဘူး"





"လူပါးဝတဲ့ကောင်လေး။ သေပေတော့"

သိုင်းသမားကြီး လေးယောက်က လူငယ်ထံသို့ တစ်ပြိုင်နက်တည်း ဝင်တိုက်ကြသည်။

ထိုသူလေးယောက် လက်မမြှောက်မီပင် လူငယ်က ထိုင်နေရာမှ ဖျတ်ခနဲထပြီး တိုက်ခိုက်သည်။

လူငယ်၏ ပြင်းထန်သော တိုက်ခိုက်မှုကြောင့် သိုင်းသမားလေးယောက် ကပျာကယာ နောက်ဆုတ်လိုက်ကြ၏။

"ဒီကောင့်ကို ပေါ့ပေါ့ဆဆ သဘောထားလို့ မရဘူး။ ဟေ့.... အားလုံး ထွက်ခဲ့စမ်း။ ဒီကောင်လေးကို မှတ်လောက်အောင် ဆုံးမလိုက်"

ဆိုင်ရှင်ကြီး၏စကားအဆုံးတွင် သိုင်းသမားဆယ်ယောက်ခန့် ထွက်လာပြီး လူငယ်အား ဝိုင်းရံလိုက်ကြလေ၏။

*

## အခန်း (၀)

လူငယ်အား ဝိုင်းရံထားသည့် လူစက်ဝိုင်းက တဖြည်းဖြည်း ကျဉ်းလာသည်။

လူငယ်က ဂရုမစိုက်ဘဲ အစားအသောက်ကို အခြေအနေ မပျက် ဆက်စားနေ၏။

ဆိုင်အတွင်းရှိ စားသောက်သူများမှာ ရန်ပွဲတစ်ပွဲ ဖြစ်လာတော့မည်ဟု သိသဖြင့် နေရာမှ လျင်မြန်စွာထပြီး ရှောင်ထွက်ကုန်ကြသည်။

ဆိုင်ထဲတွင် ရှောင်းရီတို့နှင့် သိုင်းလောကသားဖြစ်ပုံရသော လူသုံးယောက်တို့သာ ကျန်ရစ်သည်။

ရှောင်းရီသည် သိုင်းသမား ဆယ်ယောက်မန့်က ဝိုင်း၍ထားသည့် ကြားတွင် အစားအသောက်မပျက်သော လူငယ်အား ကြည့်ပြီး သဘောကျသွားသည်။





လူငယ်သည် အဝတ်အစား ပေရေစုတ်ပြတ်နေသော်လည်း အဆင့်အတန်း နိမ့်နိမ့်ထဲက မဟုတ်ဟု သူ ခန့်မှန်းမိ၏။

"ခွေးစုတ်လေး၊ စောစောက ရွှေဒင်္ဂါးပြား ပြန်ပေးစမ်း"

စားပြီးသွားသော လူငယ်က ရေနွေးကြမ်း သောက်ရင်းမှ ဆိုင်ရှင်ကြီးအား လှမ်းကြည့်သည်။

သူ၏ မျက်လုံးအစုံတွင် ရယ်မောသော အရိပ်အယောင်တို့ ထင်ထင်ရှားရှား ပေါ်နေသည်။

"ခင်ဗျားဟာ သူများပစ္စည်းကို သိပ်လိုချင်တဲ့ လူပါလား။ ဒါလောက် လိုချင်တာ ရော့....ယူဗျာ"

လူငယ်၏ လက်ထဲမှ ရေနွေးကြမ်းပန်းကန် ဝီခေါ်ပြီး ပြေးထွက်သွား၏။

ဆိုင်ရှင်ကြီးက အထိတ်တလန့် ရှောင်တိမ်းလိုက်သည့်တိုင် ပန်းကန်က ဆိုင်ရှင်ကြီး၏ ရင်ဘတ်ကို ဘုတ်ခနဲ ထိမှန်သွားသည်။

ဆိုင်ရှင်ကြီး မျက်လုံးအဝိုင်းသားနှင့် ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်လျက်သား ကျသွား၏။

လူငယ်အား ဝိုင်းရံထားသည့် သိုင်းသမားများမှာ သူတို့အလုပ်ရှင် ထိခိုက်သွားသဖြင့် လူရွယ်အား တစ်ပြိုင်နက်တည်း ဝင်ရောက် တိုက်ခိုက်လိုက်သည်။

လူငယ်သည် ကြမ်းပြင်ပေါ် ဖျတ်ခနဲ လှိမ့်ချပြီး ဝိုင်းရံထားသူ တစ်ယောက်၏ ခြေထောက်ကြားမှ အပြင်ဘက်သို့ ဘိုးထွက်သည်။

သိုင်းသမားများက ရုတ်တရက် လူငယ် ပျောက်သွားသဖြင့် ဟိုတိုသည်သည် ရှာကြသည်။

လူငယ်က စားပွဲတစ်လုံးအောက်မှ တိုးထွက်လာပြီး သိုင်းသမားကြီးတစ်ယောက်၏ ခြေထောက်ကို ဆွဲလိုက်သည်။

ထိုသိုင်းသမားကြီး ကြမ်းပြင်ပေါ် ဗိုင်းခနဲ လဲကျသွား၏။

လူငယ်က နေရာမှထပြီး ဆိုင်ထဲတွင် လှည့်ပတ်ပြေးသည်။

သူ့နောက်မှ အော်ဟစ်ပြောဆိုသည့် စကားသံ ဆိုင်ထဲတွင် ပွဲတင်ထပ်သွားသည်။

"ခင်ဗျားတို့ လူကြီးတွေဖြစ်ပြီး မတရား လုပ်ချင်ကြတယ်၊ ခင်ဗျားတို့အားလုံး အချုပ်ထဲရောက်အောင် ကျုပ် အခု မြို့စားကြီးကို သွားတိုင်မယ်"





လူငယ်က ဆိုင်ထဲတွင် လှည့်ပတ် ပြေးလွှားပြီး ဟိုလူ သည်လူနှင့် တိုက်မိသည်။

သူက တိုက်မိသည့် လူများကို တွန်းဖယ်ပြီး လှည့်ပတ် ပြေးမြဲ ပြေးသည်။

ပြေးရင်းက ရန်ပွဲကို အရေးမစိုက်သကဲ့သို့ စားသောက်နေသော ရှောင်းရိအား ဝုန်းခနဲ ဝင်တိုက်လိုက်သည်။

ရှောင်းရိ၏ကိုယ် ယိုင်သွား၏။

လူငယ်က ရှောင်းရိ၏ ပခုံးကို ထိန်းကိုင်ပြီး မတော်လို့ ပါဟု ခပ်တိုးတိုး ပြောသည်။

ပြီး.... ဆိုင်အတွင်းရှိ သိုင်းသမားများရန်မှ လွတ်အောင် လှည့်ပတ် ရှောင်တိမ်း ပြေးလွှားသည်။

လူငယ်ကြောင့် တစ်ဆိုင်လုံးဝုန်းဒိုင်းဆန်ပြီး စားပွဲကုလားထိုင်များ အလဲလဲအပြိုပြို ဖြစ်ကုန်သည်။

သိုင်းသမားကြီးများမှာ လူငယ်ကို ဖမ်းမမိနိုင်ဘဲ အချင်းချင်း တိုးမိတိုက်မိ ရိုက်ပုတ်မိနှင့် ရှိနေကြသည်။

4.8

ဗိုင်ရီဖုန်းသည် ကလေးဆန်ဆန် စိတ်ထားရှိသူပီပီ မြင်နေရသည့် မြင်ကွင်းကြောင့် လက်ခုပ်လက်ဝါးတီးလျက် ရယ်မောနေ၏။

ရှောင်းရိက လူငယ်၏ လှုပ်ရှားပုံကို စေ့စေ့စပ်စပ် လိုက်ကြည့်သည်။

ရုတ်တရက်ကြည့်လျှင် လူငယ်၏ လှုပ်ရှားပုံမှာ စည်းလွတ်ဝါးလွတ် နိုင်သော်လည်း အမှန်စင်စစ် လူငယ်သည် အဆင့်မြင့် သိုင်းပညာကို အသုံးပြုပြီး လှည့်ပတ် ရှောင်တိမ်းနေခြင်းသာ ဖြစ်သည်။

လူငယ်က ကိုးရိုကားရားနိုင်ဟန်ဖြင့် သူ၏ သိုင်းပညာကို ဖုံးကွယ်ထားကြောင်း ရှောင်းရိ သိလိုက်သည်။

"လူယုတ်မာကြီး၊ ခင်ဗျားကြောင့် အခုလိုဖြစ်ရတာ"

လူငယ်က ပြေးလွှားရှောင်တိမ်းရင်း ခေါက်ဆွဲညှပ်သော ကတ်ကြေးတစ်လက်ကို ဆွဲလာပြီး ထိုကတ်ကြေးဖြင့် ဆိုင်ရှင်ကြီး၏ ပုံပန်းကျနအောင်သတားသော မုတ်ဆိတ်မွေးကို ညှပ်ချလိုက်သည်။

ချပ်ခနဲ မြည်သံနှင့် အတူ ဆိုင်ရှင်ကြီး၏ မုတ်ဆိတ်မွေးတထွေးကြီး ကြမ်းပြင်ပေါ် ကျသွားသည်။





လူငယ်က ကတ်ကြေးကို ဝှေ့ယမ်းလျက် ဆိုင်အပြင်သို့ ပြေးထွက်၏။

"ပြေးပြီဟေ့.... လိုက်.... လိုက်"

"ဒီကောင်လေးကို မလွှတ်စေနဲ့"

ဆိုင်အတွင်းမှ အော်သံ ဟစ်သံများ ပေါ်လာသည်။

လူငယ်က ဆိုင်ထဲမှ ထွက်ပြီး လမ်းကြိုလမ်းကြားများထဲ ဝင်ပြေးသည်။

ဆိုင်အတွင်း၌ ရှိနေသော သိုင်းသမားများမှာ အပြင်သို့ ပြေးထွက်ပြီး လူငယ်နောက်သို့ လိုက်ကြသည်။

လူငယ်မှာ သူတို့ရှေ့မှ ပျောက်ချင်းမလှ ပျောက်သွားသဖြင့် ဟိုဟိုသည်သည် လှည့်ပတ်၍ ရှာဖွေသည်။

ရှာမတွေ့သည့်အဆုံးတွင် လက်လျှော့ပြီး ဆိုင်ထဲသို့ ပြန်ဝင်လာသည်။

"ရှာလို့မတွေ့ဘူး မဟုတ်လား။ အလကား ကောင်တေတစ်ယောက်မှ အသုံးမကျဘူး"

ဆိုင်ရှင်ကြီးက တိုနှဲ့နဲ့ဖြစ်နေသော မုတ်ဆိတ်မွေးကို သမ်းရင်းမှ မကျေမနပ်နှင့် ပြောသည်။

"ဒီကောင်လေးက မျောက်လိုပဲ လျှောက်ပြေးနေတာ၊ ကျွန်တော်တို့ ဘာမှ လုပ်လို့မရဘူး"

"မင်းတို့ ညံ့ရင် ညံ့တယ်လို့ ပြောပါ၊ ဒီကောင်လေးက တကယ့်သူခိုးလေး။ ကိုယ့်အိတ်ကိုလဲ ကိုယ် နှိုက်ကြည့်ကြ၊ မင်းတို့အိတ်ထဲကပါ နှိုက်သွားပြီလား မသိဘူး"

ဆိုင်ရှင်ကြီး၏ စကားကြောင့် သိုင်းသမားများမှာ ကိုယ့်အိတ်ကို နှိုက်စမ်းကြည့်ကြသည်။

ဝတ်စုံဖားဖားကြီးဝတ်ထားသောသိုင်းသမားခေါင်းဆောင်မှာ ဟိုက်ခနဲ ဖြစ်သွားပြီး....

"သွားပြီ.... ပါသွားပြီ"

"ဘာလဲဟေ့.... ဘာပါတာလဲ"

"ကျွန်တော့် ငွေအိတ် ပါသွားပြီ၊ ကောင်လေးက သူ့ တိုက်မိတုန်းမှာ နှိုက်ယူသွားတာ ဖြစ်မယ်"





"ကျွန်တော့်ဆီကလဲ ပါသွားပြီ....။ ဒီကောင်လေးတော့ လား တွေ့ရင် အသေကို သတ်မယ်"

ငွေအိတ်ပါသွားသူမှန်သမျှမှာ လူငယ်နှင့် တိုက်မိသူများချည်း ဖြစ်နေ၍ ရှောင်းရိသည် စိတ်ထဲတွင် မသင်္ကာဖြစ်လာပြီး သူ့အိတ်ကိုသူ စမ်းကြည့်သည်။

လူငယ်က ရှောင်တိမ်းရင်း မတော်တဆပိုလိုနှင့် သူ့ကိုပါ ဝင်တိုက်သွားခဲ့သည် မဟုတ်လား။

အိတ်ကို စမ်းရင်းမှ ရှောင်းရိ၏ မျက်လုံးအစုံ ပြူးကျယ်စိုင်းစက်သွားသည်။

သူ့အိတ်ထဲသို့ မည်သည့်အချိန်က ရောက်နေမှန်းမသိသော ငွေအိတ်များကို စမ်းမိ၏။

သူက လူငယ်၏ လှုပ်ရှားပုံကို မျက်မှောင်ကြုံ့ပြီး ပြန်စဉ်းစားသည်။

တစ်စုံတစ်ရာကို တွေးမိပြီး သူ အသာအယာပြုံးလိုက်၏။

လူငယ်သည် ဆိုင်ရှင်၏လူ သိုင်းသမားများအား လူချင်းဝင်တိုက်၍ ငွေအိတ်များ နှိုက်ယူခဲ့၏။

ထိုငွေအိတ်များကို ရှောင်းရီ၏အိတ်ထဲသို့ လူချင်းဝင်တိုက်ပြီး ထည့်ခဲ့ခြင်းပင် ဖြစ်သည်။

ထိုအကြောင်း တွေးမိသည်နှင့် ရှောင်းရီက ငွေအိတ်များကို ပို၍ လုံခြုံအောင် သိမ်းထားလိုက်လေသည်။

*

"ဟိုကောင်လေးက သိပ်ရယ်ရတာပဲနော်။ လူကြီးတွေကို အရူးလုပ်ပြီး ထွက်ပြေးသွားတယ်။ သူသာ သိုင်းပညာတတ်ရင် ဒီလူကြီးတွေ အကုန်လုံး အတုန်းအရုန်းဖြစ်ကုန်မှာ သေချာတယ်"

စားသောက်ပြီးစီး၍ ကျသင့်ငွေ ရှင်းနေစဉ်တွင် ပိုင်ရီဖုန်းက ရယ်မောလျက် ပြောသည်။

စားပွဲထိုးက မကျေမနပ်ဖြစ်သွားဟန်နှင့် ဖျတ်ခနဲ လှမ်းကြည့်ပြီး....

"ခင်ဗျားက သူခိုးလေးကို ချီးကျူးနေသလားဗျ"





"ချီးကျူးတော့ ဘာဖြစ်သလဲ....။ မင်းက မကျေနပ်ဘူးလား"

ပိုင်ရီဖုန်း၏ မာဆတ်ဆတ်အပြောကြောင့် စားပွဲထိုးအံ့အားတသင့် ဖြစ်သွားသည်။

သူက ခပ်ကြောင်ကြောင်အကြည့်ဖြင့် ပိုင်ရှီဖုန်းအား ကြည့်သည်။

"မင်းတို့က လူတစ်ယောက်ကိုဝိုင်းပြီးတော့လဲ အနိုင်ကျင့်သေးတယ်၊ မကျေမနပ်လဲ ဖြစ်ကြသေးတယ်။ အဲဒီ ကောင်လေးမို့ ထွက်ပြေးသွားတာ။ ငါသာဆိုရင် မင်းတို့ကို ကောင်းကောင်း ဆုံးမတယ်"

စားပွဲထိုးက ဘာမှမပြောဘဲ စားပွဲအနီးမှထွက်သွားသည်။

ပိုင်ရီဖုန်းမှာ ကျေနပ်နိုင်ဟန်မတူဘဲ နှုတ်မှ ပွစိ ပွစိနှင့် ရေရွတ်နေ၏။

ရှောင်းရီက ပိုင်ရီဖုန်းအား ကြည့်ပြီး ပြုံးသည်။

သူက တစ်စုံတစ်ရာ ပြောမည်အပြုတွင် ဆိုင်ရှင်ကြီး စားပွဲဘေးတွင် လာရပ်သဖြင့် မပြောဖြစ်ဘဲ ဖျတ်ခနဲ မော်ကြည့်လိုက်သည်။

"မိဘ်ဆွေတို့က ထွက်ပြေးသွားတဲ့ ကောင်လေးရဲ့လူတွေလား"

ဆိုင်ရှင်ကြီး၏ အမေးစကားကို ကြားသည်နှင့် ပြဿနာတစ်ခု အစပျိုးတော့မည်ဟု ရှောင်းရီ သိလိုက်သည်။

သူက မျက်နှာထားတင်းတင်းနှင့်....

"ဟုတ်တော့ ဘာဖြစ်မလဲ.... မဟုတ်ရင်ကော ဘာဖြစ်မလဲ"

"ဟုတ်တယ် မဟုတ်ဘူးဆိုတာပဲ ဖြေပါ။ အပိုတွေမပြောပါနဲ့"

ရှောင်းရီက ဆိုင်ရှင်ကြီးအား အေးစက်စက်နိုင်သော အကြည့်ဖြင့် ကြည့်သည်။

ပိုင်ရီဖုန်းက ဆတ်ခနဲ ထရပ်လိုက်ပြီး....

"ရှင်က ကိုယ့်ဆိုင်မှာ လာတည်းခိုတဲ့လူ လာစားသောက်တဲ့လူကို အသားလွတ် စော်ကားတတ်ပါလား။ ရှင်တို့ ရန်ရှာလိုက်တဲ့ ကောင်လေးဟာ စားသောက်သူ တစ်ယောက်ပဲ၊ ကျွန်မတို့ကလဲ သူလိုပဲ စားသောက်သူတွေဆိုတော့ အတူတူပဲလို့ ပြောလို့ရတယ်၊ ဒီအတွက် ရှင် ဘာလုပ်ချင်သလဲ၊ ကြိုက်သလိုလုပ်ပါ"





ဆိုင်ရှင်ကြီးက ဒေါသရောင်လက်နေသော မျက်လုံးအစုံဖြင့် ပိုင်ရီဖုန်းကို ကြည့်သည်။

"မင်း လျော်ကြေးပေးရမယ်။ လျော်ကြေးမပေးရင် ဒီဆိုင်ထဲက ထွက်သွားလို့ မရဘူး"

"ရပါတယ်။ ရော့.... လျော်ကြေးယူလိုက်"

ပိုင်ရီဖုန်းက ဆိုင်ရှင်ကြီးအား လက်သီးဆုပ်ဖြင့် လှမ်းထိုးလိုက်သည်။

နုနယ်သော ပိုင်ရီဖုန်း၏ လက်သီးချက်က ဆိုင်ရှင်ကြီးပခုံးပေါ်သို့ ဘုံးခနဲ ကျသည်။

အားခနဲ အော်သံနှင့်အတူ ဆိုင်ရှင်ကြီး နောက်သို့ လန်ကျသွား၏။

"ဟေ.... ဟိုမှာ ငါတို့ သခင်ကြီးကို တိုက်ခိုက်နေပြီ၊ ဝိုင်းလိုက်ကြစမ်း"

ဆိုင်အတွင်းရှိ သိုင်းသမားများသည် သားကောင်အသစ်တွေ့သည့်ပမာ ရှောင်းရီနှင့် ပိုင်ရီဖုန်းတို့ အနားသို့ ဝိုင်းလာကြသည်။

ပိုင်ရီဖုန်းက မာန်သွင်းအော်ဟစ်ပြီး ထိုသူများကို တိုက်ခိုက်၏။

"ဟေ့.... သတိထား၊ ကောင်မလေးက သိုင်းပညာ တတ်တယ်"

"ဟား....ဟား၊ ဒီကောင်မလေးကို အခုပဲ ကြမ်းပြင်ပေါ် လှဲသိပ်လိုက်မယ်"

သိုင်းသမား ခေါင်းဆောင်က ဆောင့်ကြွားကြွား အမူအရာနှင့် ပိုင်ရီဖုန်းအား လက်နှစ်ဖက်ဖြင့် ကုတ်ဆွဲသည်၊

ပွဲကြည့်သူ‌မှာ ထိုင်နေသော ရှောင်းရိသည် စားပွဲပေါ်ရှိ ခွက်ထဲမှ ဝါးတူတစ်ချောင်းကိုယူပြီး ပစ်လွှတ်လိုက်၏။

ထူက သိုင်းသမားခေါင်းဆောင်၏ နဖူးတည့်တည့်ကို ထိမှန်ပြီး ထိုသူ ဗိုင်းခနဲ လဲကျသွားသည်။

ရှောင်းရိက ဝိုင်းနေသော သိုင်းသမားများထံ ဝါးတူများ ကောက်ယူပြီး ပစ်လွှတ်၏။

အော်သံဟစ်သံ ပြေးလွှားသံတို့ ရုတ်တရက်ပေါ် လာသည်၊





သိုင်းသမား သုံး ယောက် လဲကျ သွားပြီး အများအပြား နောက်ဆုတ်သွားကြသည်။

ရှောင်းရိက နေရာမှထပြီး ကြမ်းပြင်ပေါ် လဲကျနေသော ဆိုင်ရှင်ကြီးအား ဆွဲထူလိုက်သည်၊

"ခင်ဗျားက ဆိုင်မှာ တည်းခိုတဲ့လူတွေကို အကာအကွယ် မပေးဘဲ စော်ကားတယ်။ ရှောင်းရိဟာ အခုလို မတရားလုပ်တာကို ဘယ်တော့မှ သည်းမခံဘူး"

"ခင်.... ခင်ဗျား.... ရှောင်း.... ရိ"

"ဟုတ်တယ်.... ကျုပ် ရှောင်းရိပဲ။ ကျုပ်တို့ တည်းခိုခန်းခတွေ ပေးထားတာ ပြန်ပေးစမ်း။ ခင်ဗျားလိုလူမျိုးရဲ့ တည်းခိုဆောင်မှာ မတည်းဘူး"

"ကျုပ်.... တောင်း.... တောင်းပန်"

"တောင်းပန်မနေနဲ့.... ခင်ဗျားဟာ နိုင်လို့ ရမယ် ထင်တဲ့လူကို အနိုင်ကျင့်တတ်တဲ့ သူပဲ"

ရှောင်းရိက ဆိုင်ရှင်ကြီး၏ အိတ်ထဲမှ သူ ပေးထားသော ကျသင့်ငွေများကို ပြန်ယူလိုက်သည်၊

ပြီး.... ကြောက်ကြောက်ရွံ့ရွံ့ ဖြစ်နေသော ဆိုင်ရှင်ကြီးကို နောက်သို့ တွန်းထုတ်လိုက်သည်။

"အုပ်စုကောင်းတယ်ဆိုပြီး လူတွေကို အနိုင်မကျင့်ပါနဲ့၊ လူတိုင်းဟာ အနိုင်ကျင့်မခံတတ်ကြဘူး"

စကားအဆုံးတွင် ရှောင်းရိက စားပွဲတစ်လုံးကို ဝုန်းခနဲ ကန်ထုတ်လိုက်သည်။

စားပွဲပေါ်ရှိ ပန်းကန်များ ခွက်များ လွင့် စဉ် ကုန် ပြီး ရှောင်ထွက်သွားသော စားသောက်ဆိုင်မှ သိုင်း သမားများအား ထိမှန်သည်။

ရှောင်းရိသည် စားသောက်ဆိုင်ပိုင်ရှင်နှင့် သူ့လူ သိုင်း သမားများအား အေးစက်စက်နိုင်သောအကြည့်ဖြင့် ကြည့်ပြီး ဆိုင်အပြင်ဘက်သို့ လှမ်းထွက်သည်။

ပိုင်ရီဖုန်းက ရှောင်းရိ ဘေးမှ ကပ်ပြီး လိုက်လာ၏။

"ဒီစားသောက်ဆိုင် ပိုင်ရှင်ဟာ အန္တရာယ်ပေးမယ့်လူမဲ၊ သူ့ကို သတိထားမှဖြစ်မယ်"

"နိုင်မယ်ထင်ရင် အနိုင်ကျင့်၊ ရှုံးမယ်ထင်ရင် တောင်းပန် တတ်တဲ့ လူမျိုးပါ။ ဒီလိုလူမျိုးကို ဂရုစိုက်မနေပါနဲ့။ အစ်ကို





တို့ အခု သန့်ပြန့်တဲ့ တည်းခိုခန်းတစ်ခုမှာ သွားတည်းမယ်၊ ပြီးရင် မနက်ကျတော့ ခရီးဆက်မယ်။ ညီမကို မိဘတွေဆီ ပို့ပေးဖို့က အရေးကြီးတယ်"

"အစ်ကိုက မိဘဆီ ပြန်ပို့ဖို့ပဲ ပြောနေတယ်၊ ညီမ မျက်နှာကို မမြင်ချင်တော့ဘူးလား"

"မဟုတ်ပါဘူး ညီမရယ်၊ အစ်ကိုက ညီမကို အန္တရာယ် ကင်းစေချင်လို့ပါ၊ အစ်ကို ခေတနာ ထားတာကို ညီမ နားလည်ဖို့ ကောင်းပါတယ်"

ရှောင်းရိက နူးညံ့ပျော့ပျောင်းသောလေသံဖြင့်ပြောသည်။

ပိုင်ရီဖုန်းမှာ ကျေနပ်ပုံမရဘဲ နှုတ်ခမ်းစူထားသည်။

ပိုင်ရီဖုန်း၏ ချစ်ခင်စရာကောင်းသော ထိုအမူအရာကြောင့် ရှောင်းရိ ပြုံးလိုက်ပြီး....

"ညီမ ပြုံးနေရင် လှသလို အခုလို နှုတ်ခမ်းစူထားရင်လဲ လှတာပါပဲ"

ရှောင်းရိ၏စကားက ပိုင်ရီဖုန်းအား ကြည်နူးသွားစေဟန် တူ၏။

မျက်စောင်းလဲ့လေးဖြင့် ကြည့်လာသော သူ့အကြည့်တွင် ကျေနပ်ဟန်တွေ ပါနေလေသည်။

*

## အခန်း (၉)

နံနက်ခင်း၏ နေခြည်နုတို့ အခန်းထဲသို့ တိုးဝှေ့ဝင်ရောက်လာသည်။

နွေးထွေးသော နေခြည်၏ အထိအတွေ့ ချောင်းရှိအား လှုပ်နှိုးလိုက်သလို ရှိ၏။

ချောင်းရှိ အိပ်နေရာမှ ငေါက်ခနဲ ထထိုင်လိုက်သည်။

သူသည် ခုတင်ပေါ်မှ ဖြည်းညင်းစွာ ဆင်းသည်။

အခန်းကျဉ်းလေးထဲတွင် ညင်သာစွာ လှုပ်ရှားပြီး သိုင်းကွက် များကို စတင် လေ့ကျင့်သည်။

မဟူရာ သိုင်းကွက်များကို လေ့ကျင့်ရင်း တဖြည်းဖြည်း သူ၏ လှုပ်ရှားမှုက မြန်ဆန်လာသည်။

ထုတ်ဖော် အသုံးပြုနေသော သိုင်းကွက်များကလည်း အားမာန်ပါလာ၏။

မြင်းမြင်းထန်ထန် လှုပ်ရှားလေ့ကျင့်ပြီးနောက် ရှောင်းရိ ခုတင်ပေါ် တက်ထိုင်လိုက်သည်။

သူ၏ စိတ်အာရုံကို တည်ငြိမ်စွာထိန်းပြီး အတွင်းအား စတင် လေ့ကျင့်၏

သူ၏ စိတ်အခန်းမှာ တည်ငြိမ်သည်ထက် တည်ငြိမ်လာသည်၊

အတွင်းအား လေ့ကျင့်မှု မှန်ကန်သဖြင့် သူ၏ ခန္ဓာကိုယ် အနှံ့ရှိ သွေးကြောများထဲတွင် ပူနွေးသော အားလှိုင်းများ ပျံ့နှံ့ စီးဆင်းနေသည်။

အချိန်က တရွေ့ရွေ့ ကုန်လာ၏။

ရှောင်းရိ၏ အတွင်းအား လေ့ကျင့်နေခြင်း အမြင့်ဆုံးသို့ ရောက်လာသည်။

သူ၏ ခန္ဓာကိုယ်မှ အပူငွေ့များ တငွေ့ငွေ့ ထွက်လာသည်၊

သူ၏ နဖူးပြင်တွင် ချွေးသီးများ သီးစို့လာသည်။

အတန်ကြာအောင် အတွင်းအား လေ့ကျင့်ပြီးနောက် သက်ပြင်းချသံနှင့်အတူ သူ့ခန္ဓာကိုယ် လှုပ်ရှားလာသည်။





သူက ခုတင်ပေါ်တွင် တင်ပျဉ်ခွေ ထိုင်နေရာမှ ထလိုက်၏။

"ဒေါက်....ဒေါက်....ဒေါက်"

ကြည်လင်လန်းဆန်းသောစိတ်နှင့် အခန်းအပြင်သို့ ထွက်မည် အပြုတွင် တံခါးခေါက်သံ ပေါ်လာသည်။

ရှောင်းရိက တံခါးအနီးသို့ လျှောက်သွားပြီး တံခါးရွက်ကို ဆတ်ခနဲ ဆွဲဖွင့်လိုက်သည်။

တံခါးအပြင်ဘက်၌ ရပ်နေသော တည်းခိုဆောင်ဝန်ထမ်း လူငယ်တစ်ယောက်ကို တွေ့လိုက်ရ၏။

"အစ်ကိုလေးအတွက် စာတစ်စောင် လာပေးတာပါ"

လူငယ်၏ စကားကြောင့် ရှောင်းရိ မျက်မှောင်ကြုံ့သွားသည်။

သူက လူငယ်အား စူးစူးစမ်းစမ်းနှင့် ကြည့်လိုက်ပြီး....

"ဘာစာလဲ.... ဘယ်သူက ပေးလိုက်တာလဲ"

"အစ်ကိုလေးနဲ့ အတူပါလာတဲ့ မမလေးက ပေးသွားတာပါ"

"ဟင်.... သူ အခု ဘယ်မှာလဲ"

"လွန်ခဲ့တဲ့ တစ်နာရီလောက်က မြင်းစီးပြီး ထွက်သွားပါတယ်။ သူက သူထွက်သွားပြီး တစ်နာရီလောက် ကြာရင် အစ်ကို့ကို ဒီစာ ပေးပေးပါ ဆိုလို့ ကျွန်တော် လာပေးတာပါ"

ရှောင်းရိက လူငယ်ပေးသည့် စာကို လှမ်းယူပြီး ဖတ်လိုက်သည်။

"အစ်ကို....

ညီမ အိမ်ကို ပြန်မလိုက်ချင်လို့ ထွက်သွားပါပြီ၊ ညီမအပေါ် စေတနာထားတဲ့အတွက် အစ်ကို့ကို ကျေးဇူးတင်ပါတယ်၊ အစ်ကို ကျန်းနန်ကို ရောက်ရင် ညီမရဲ့ မိဘတွေနဲ့ ဝင်တွေ့ပြီး ညီမအကြောင်း ပြောပြပေးပါ။ ဖေဖေက ညီမကို အိမ်ထောင်ပြုပေးမယ့် အစီအစဉ် ဖျက်လိုက်ရင် ညီမ အိမ်ပြန်ပါမယ်"

ညီမ
ပိုင်ရီဖုန်း

စာကို ဖတ်ပြီးသည်နှင့် ရှောင်းရိ စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။





သူသည် စာကိုကိုင်ပြီး တစ်ခဏမျှ ငိုင်သွား၏၊

ပြီးမှ သက်ပြင်းချလျက် ခေါင်းကို လေးတွဲ့စွာ ခါသည်။

ပိုင်ရီဖုန်းနှင့် တွေ့ရသည်မှာ ရက်ပိုင်းမျှသာ ရှိသေးသော်လည်း သူ့အနေနှင့် ပိုင်ရီဖုန်းအပေါ် သံယောဇဉ် တွယ်နေမိပြီ ဖြစ်သည်။

ထို့ကြောင့်ပင် ပိုင်ရီဖုန်း ထွက်သွားပြီဟု သိလိုက်သည်နှင့် သူ့ရင်ထဲမှာ ဟာခနဲ ဖြစ်သွားရ၏။

ဝန်ထမ်းလူငယ်က ငေးငိုင်သွားသော ရှောင်းရိအား တစ်ချက် ကြည့်ပြီး ပြန်ထွက်သွားသည်၊

ရှောင်းရိမှာ သတိဝင်လာလျက် အခန်းထဲသို့ ပြန်ဝင်ပြီး အဝတ်အိတ်ကို ယူ၍ ပြန်ထွက်လာသည်။

သူက တည်းခိုခန်းရှိရာ အပေါ်ထပ်မှဆင်းပြီး အောက်ထပ် စားသောက်ခန်းသို့ ဝင်သည်။

သူက စားသောက်ခန်းအတွင်း ထောင့်ကျကျ စားပွဲတွင် ထိုင်ပြီး အစားအသောက်များကို မှာယူ စားသောက်သည်။

နံနက်ပိုင်းမို့ ဆိုင်ထဲတွင် စားသောက်သူ များများစားစား မရှိ၊ ရှောင်းရိ၏ စားပွဲအပါအဝင် စားပွဲသုံးလုံးတွင်သာ လူရှိသည်။

ရှောင်းရိသည် ခေါက်ဆွဲပြုတ်ပူပူကို စားသောက်နေရင်း ပိုင်ရီဖုန်းအကြောင်း စဉ်းစားနေမိ၏။

ပိုင်ရီဖုန်း ထွက်သွားရာကို စုံစမ်းပြီး လိုက်လံရှာဖွေရ ကောင်းမည်လားဟု ဝေခွဲမရ ရှိနေသည်။

အနားမှာ လာရပ်သည့် လူရိပ်တစ်ရိပ်ကြောင့် ရှောင်းရိ၏ အတွေး ပြတ်သွားရသည်။

သူက စားပွဲဘေးတွင် လာရပ်သူအား လှမ်းကြည့်လိုက်၏

ထိုသူမှာ စားသောက်ဆိုင်တွင် ဆိုင်ရှင်နှင့် ပြဿနာဖြစ်ခဲ့သော အပြာရောင်ဝတ်စုံနွမ်းနွမ်းနှင့် လူငယ်ပင် ဖြစ်သည်။

လူငယ်က စုတ်ပြတ်ပေရေနေသော သူ့အသွင်နှင့် ဆန့်ကျင်စွာ ကြည်လင်ရှန်းလဲ့သော မျက်လုံးအစုံဖြင့် ရှောင်းရိအား ကြည့်သည်။

ရှောင်းရိနှင့် မျက်လုံးချင်းအဆုံတွင် နီထွေးထွေး ပါးလျှပ်လျှပ် နိုင်သော နှုတ်ခမ်းလေးတွင် အပြုံးရိပ် ထင်လာ၏။





သူက ပြုံးရင်း ရှောင်းရိ ရှေ့တွင် လက်ဖြန့်လိုက်သည်။

"ဘာလဲ"

"ပေး....ပါ"

ရှောင်းရိ မျက်မှောင်ကြုံ့လိုက်သည်။

ညစ်ပတ်ပေရေနေသော လူငယ်အား ခြေဆုံး ခေါင်းဆုံး ကြည့်ပြီး....

"မင်း ဘာတွေ လာတောင်းနေတာလဲ"

"အစ်ကိုကလဲ မေ့နေပြီလား။ ကျွန်တော် အစ်ကိုကို အပ်ထားတဲ့ ငွေအိတ်သုံးအိတ် ရှိတယ်လေ"

ရှောင်းရိက ရန်ပွဲဖြစ်စဉ် လူငယ်က သူ့အား ဝင်တိုက်ပြီး အိတ်ထဲသို့ ကတ္တီပါရုံ့အိတ် သုံးအိတ်ထည့်သွားခဲ့တာကို သတိရလာ၏။

"မင်း ခိုးထားတဲ့ ငွေအိတ်တွေကို ပြောတာလား၊ ငါက မင်း လာတောင်းတော့မယ်တောင် မထင်ဘူး"

လူငယ်၏ မျက်နှာ တင်းခနဲ ဖြစ်သွားသည်။

သူက ရှောင်းရိအား စူးရှရှနိုင်သော အကြည့်ဖြင့် ကြည့်ပြီး....

"ခိုးတာမဟုတ်ပါဘူး။ အနိုင်ကျင့်တဲ့လူကို ပြန်အနိုင်ယူတာပါ။ အဲဒီ ငွေအိတ်တွေ ခင်ဗျား ကျွန်တော့်ကို ပြန်ပေးမလား၊ မပေးဘူးလား"

ခြိမ်းခြောက်ဟန်ဖြင့် မေးလာသည့် လူငယ်အား ကြည့်ပြီး ရှောင်းရိ ရယ်လိုက်သည်။

သူကအင်္ကျီအိတ်ထဲမှ ကတ္တီပါရှုံ့အိတ်သုံးအိတ်ကိုထုတ်၍...

"မင်း ပစ္စည်းကို ငါက အနိုင်ကျင့်ပြီး ယူမထားပါဘူး၊ ရော့....ရော့"

လူငယ်က အိတ်သုံးအိတ်ကို ဖျတ်ခနဲ လှမ်းယူသည်။

ရှောင်းရိအား ပြုံးပြပြီး နေရာမှ လှစ်ခနဲ ပြေးထွက်သွားသည်။

ရှောင်းရိမှာ လျင်မြန်စွာ ပြေးထွက်သွားသော လူငယ်အား ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

*





စားသောက် ပြီးစီးသည်နှင့် လမ်းဆုံ မြို့ငယ်လေးမှ ထွက်သည်။

အတွေးပေါင်း များစွာကို တွေးတောလျက်နှင့် ရှောင်းရိသည် ကျန်းနန်နယ်ဘက်သို့ ဦးတည် ထွက်ခဲ့သည်။

ရာသီဥတု သာယာကြည်လင်ပြီး ခရီးလမ်းက ပြောင့်ဖြူးနေသဖြင့် ခရီးသွားအတော်များများ လမ်းပေါ်သို့ထွက်လာကြ၏။

လမ်းပေါ်တွင် စည်စည်ကားကား ရှိနေသဖြင့် ခါတိုင်းခရီးများမှာလို ပျင်းရိငြီးငွေ့ခြင်းမရှိဘဲ ရှောင်းရိ စိတ်ရှင်လန်းတက်ကြွနေ၏။

ရှောင်းရိ၏ ရှေ့တွင် မြင်းစီးသမားသုံးယောက်ခြံရံသော အလုံပိတ် မြင်းလှည်းတစ်စီးရှိသည်။

ထိုမြင်းလှည်းက ရှေ့မှနေ၍ ဖြည်းဖြည်းမှန်မှန် မောင်းနှင်နေသည်။

ရှောင်းရိကလဲ နောက်မှနေ၍ ဖြည်းဖြည်းမှန်မှန်ပင် လိုက်ခဲ့၏။

နေက တဖြည်းဖြည်း မြင့်လာသည်။

အရိပ်ရှားပါးသော လမ်းတစ်လျှောက်တွင် အပူငွေ့တွေ ပျံ့နေ၏။

နေ့လယ်ခင်းသို့ရောက်သည်နှင့် ရှေ့မှ သွားနေသော အလုံပိတ် မြင်းလှည်းအုပ်စု နံနက်စာစားရန် ရပ်တန့်လိုက်ကြသည်၊

ရှောင်းရိကလည်း ထိုမြင်းလှည်းအုပ်စုနှင့် မနီးမဝေးတွင် မြင်းကို ဇက်သပ်၍ ရပ်လိုက်ပြီး မြင်းပေါ်မှ ဆင်း၍ သစ်ပင် တစ်ပင်အောက်တွင် ထိုင်နားသည်၊

နံနက်စာ စားချိန်သို့ ရောက်နေပြီဖြစ်သော်လည်း သူ့မှာ ဆာလောင်ခြင်းမရှိသေး၊

သူက ပါလာသည့်ရိက္ခာခြောက်ထုပ်ထဲမှ မုန့်ခြောက်တစ်ခု ကို ထုတ်စားပြီး သစ်ပင်အောက်တွင် တစ်ရေးအိပ်လိုက်သည်၊

မအေးမြစွာ ဝန်းဝေ့တိုက်ခတ်နေသော လေပြည်က ရှောင်းရိ အား ချော့သိပ်နေသလိုရှိသည်။

သူသည်သစ်ပင်ရိပ်တွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွား၏၊

ရုတ်တရက် ပေါ်ထွက်လာသည့် ဆူဆူညံညံ အသံဗလံများ ကြောင့် ရှောင်းရိ အိပ်ပျော်နေရာမှ ဖျပ်ခနဲ လန့်နိုးလာသည်၊





သူက ဖျတ်လတ်သောသတိဖြင့် အသံပေါ်ထွက်လာရာဆီ သို့ လှမ်းကြည့်၏။

အလုံပိတ် မြင်းလှည်းနောက်မှပါလာသော လူသုံးယောက် ကို အညိုရောင်ဝတ်စုံဝတ်ထားသည့် လူဆယ်ယောက်က ဝိုင်း တိုက်ခိုက်နေသည်ကို တွေ့ရ၏။

မြင်းလှည်းသမားမှာ မြင်းလှည်းခေါင်မိုးပေါ်တွင် ထိုင် နေပြီး ကူပါ ကယ်ပါနှင့် တစာစာ အော်နေသည်၊

အညိုရောင်ဝတ်ဆယ်ယောက်သည် အပြင်းအထန် ခုခံနေ သော လူသုံးယောက်အား ထိုးဖောက်နိုင်ရန် ကြိုးစားသည်၊

လူသုံးယောက်က အလျှော့မပေးဘဲ အလုံပိတ်မြင်းလှည်း ဆီသို့ အဝင်လမ်းကို ပိတ်ဆို့ထား၏။

မြင်းလှည်းပေါ်တွင် အဖိုးတန်ပစ္စည်းများပါလာလိမ့်မည် ဟု ရှောင်းရိ တွက်ဆသည်။

သူက ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသော တိုက်ပွဲကို ပွဲကြည့်သူပမာ ထိုင်ကြည့်၏။

"ဟော့လူတွေ.... ဒါ ဘာလုပ်တာလဲ။ လူဆယ်ယောက်က လူသုံးယောက်ကို ဝိုင်းပြီး တိုက်ခိုက်နေတာ မရှက်ဘူးလား"

အော်ဟစ်ပြောဆိုသံနှင့်အတူ လူရိုက်တစ်ရိုက် တိုက်ပွဲစည်း အတွင်းသို့ ခုန်ဝင်လာ၏။

မြေပြင်ပေါ် မခြေချသည်နှင့် တစ်ပြိုင်နက် ထိုသူက အညို ရောင်ဝတ် ဆယ်ယောက်အား တချက်မ်း ဝင်ရောက် တိုက် ခိုက်သည်။

ရှောင်းရိ၏ အာရုံ တိုက်ပွဲအတွင်းသို့ ဝင်ရောက်လာသူထံ ရောက်သွားသည်။

ထိုသူမှာ အပြာရောင်ဝတ်စုံအနွမ်း ဝတ်ထားသည့် လူငယ် ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

အပြာရောင်ဝတ်လူငယ်က နေရာအနှံ့အပြားသို့ ခုန်ပျံပြေ လွှားပြီး ဝတ်စုံညိုများအား တိုက်ခိုက်သည်။

ဝတ်စုံညိုများသည် စုပေါင်းတိုက်ကွက်ကို အသုံးပြု တိုက် ခိုက်နေကြောင်း ကြည့်နေရင်းမှ ရှောင်းရိ သိလာသည်။

ယခုအတိုင်း တိုက်ခိုက်သွားလျှင် လူသုံးယောက်နှင့် အပြာ ရောင်ဝတ် လူငယ်တို့သည် စုပေါင်းတိုက်ကွက်ကြား၌ ပိတ်မိ သွားမှာ သေချာနေ၏။

အညိုရောင် ဝတ်စုံဝတ်များက ရုတ်တရက် အနေအထား ပြောင်းလိုက်ကြသည်။





ငါးယောက်စီ တစ်တန်းတန်းပြီး မြင်းလှည်းဆီသို့ ထိုး ဖောက် ဝင်ရောက်နိုင်ရန် ကြိုးစား၏။

ဓားလှံလက်နက်များ စုပြုံတိုးဝင်လာတတ်သော စုပေါင်း တိုက်ကွက်ကြောင့် လူသုံးယောက်နှင့် အပြာရောင်ဝတ်လူငယ် တို့ နောက်ဆုတ်သွားရသည်။

လက်ချည်းသက်သက် တိုက်ခိုက်နေသော အပြာရောင်ဝတ် လူငယ်က သူ့ခါးမှ ဓားပျော့ကို ဆွဲထုတ်လိုက်သည်။

ရှောင်းရိက အပြန်အလှန် တိုက်ခိုက်နေသည့် တိုက်ကွက် များကိုကြည့်ပြီး ဟာကွက်ရှာသည်။

အညိုရောင်ဝတ်များ၏ စုပေါင်း တိုက်ကွက်မှ မသိမသာ ပေါ်လာတတ်သော ဟာကွက်ကို သူမြင်လိုက်သည်။

သူက ဘေးပတ်ဝန်းကျင်တွင်ရှိသော ခဲလုံးများကို ကောက် ယူ စုစည်းသည်။

ပြီး.... အညိုရောင်ဝတ်များအား တိုက်ခိုက်နေသည့် လူ သုံးယောက်နှင့် အပြာရောင်ဝတ် လူငယ်တို့ကို ခဲလုံးဖြင့် ပစ် ပေါက်၏။

ခဲလုံးများ လေထုထဲဖြတ်သန်းသွားသံ တဝီဝီနှင့် ပေါ်နေသည်။

ထိုခဲလုံးများက လူသုံးယောက်နှင့် အပြာရောင်ဝတ်လူငယ်တို့၏ လက်နက်များကို ထိမှန်သည်။

၎င်းတို့၏လက်နက်များ ဦးတည်ရာ လမ်းကြောင်းပြောင်းပြီး အညိုရောင်ဝတ်များ၏ ပုံပျက်ပန်းပျက် တိုးဝင်သည်။

စုပေါင်းတိုက်ကွက်ဆင်နေသည့် အညိုရောင်ဝတ်များ ညီညွတ်မှု **အစီအစဉ်** ပျက်သွား၏။

မထင်မှတ်သောနေရာမှ သူတို့ထံ တိုးဝင်လာသည့်လက်နက်များကို ကပျာကယာ ရှောင်သည်။

ရှောင်းရီက ခဲလုံးများကို အပြန်အလှန်တိုက်ခိုက်နေသည့် ဘက်နှစ်ဘက်စလုံးသို့ ထိမှန်အောင် ပစ်လိုက်သည်။

လက်နက်များကိုခဲလုံးထိသံတချွမ်းချွမ်းနှင့် ပေါ်လာသည်။

လက်နက်များ၏လမ်းကြောင်းပြောင်းပြီး အညိုရောင်ဝတ်နှစ်ယောက် ဒဏ်ရာရသွား၏။





ဒဏ်ရာရသူတို့၏ နာနာကျင်ကျင် အော်ဟစ်သံ ပေါ်လာပြီးနောက် စုပေါင်းတိုက်ကွက် ပျက်စီးသွားသည်။

အညိုရောင်ဝတ်များသည် ဆက်လက် တိုက်ခိုက် ခြင်းမပြုတော့ဘဲ ဒဏ်ရာရသူတို့ကို တွဲခေါ်၍ နောက်သို့ လျင်မြန်စွာ ဆုတ်လိုက်ကြ၏။

"ဟေ့.... အခုမှ ကြောက်ပြီး ပြေးမလို့လား။ မပြေးနဲ့"

အပြာရောင်ဝတ်လူငယ်က အော်ဟစ်ပြီး ရှေ့သို့တိုးထွက်ရန် ပြင်သည်။

သို့သော် ခဲလုံးတစ်လုံးက အရှိန်ဖြင့် ပြေးလာပြီး သူ၏ သွေးကြောပေါ် ထိမှန်သဖြင့် သွေးကြောပိတ်ပြီး ရှေ့မတိုးနိုင်တော့ပေ။

ခဲဖြင့်ပစ်ခတ်ပြီး သွေးကြောပိတ်ယိုက်သူမှာ ရှောင်းရီမှန်းသိလိုက်သဖြင့် အပြာရောင်ဝတ်လူငယ်က ရှောင်းရီအား ဒေါသဖြင့် ကြည့်သည်။

ရှောင်းရီသည် ပျင်းတိပျင်းတွဲဟန်ဖြင့် နေရာမှ ထလိုက်သည်။

မြင်းလှည်းကိုကာကွယ်နေသော လူသုံးယောက်က ရှောင်း ရှိအား လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်၏။

"ကျုပ်တို့ကို အခုလိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ် မိတ်ဆွေ"



အခန်း (၁၀)

အပြာရောင်ဝတ်လူငယ်က ရှောင်းရှိအား လှမ်းကြည့်ပြီး နှာခေါင်းရှုံ့လိုက်သည်။

မကျေမနပ် ဖြစ်နေဟန်က သူ့မျက်နှာတွင် ထင်နေဆဲ ဖြစ်၏။

ရှောင်းရှိက ခဲဖြင့်ပစ်ပေါက်ပြီး ပိတ်ထားခဲ့သည့်အကြော ကို ပြန်ဖွင့်ပေးပြီးဖြစ်သော်လည်း အကြောပိတ်ခဲ့ခြင်းအပေါ် မကျေမနပ် ဖြစ်နေဟန်ရှိသည်။

"ဒီလူတွေ ကျုပ်တို့ကို နှောင့်ယှက်တာ ခုတစ်ကြိမ်နဲ့ဆိုရင် သုံးခါရှိသွားပါပြီ။ ခုတစ်ကြိမ်ကျမှပဲ သူတို့ မရှုမလှ အရေး နိမ့်ပြီး ထွက်သွားခဲ့တယ်"

"သူတို့က စုပေါင်းတိုက်ကွက်ကို အသုံးပြုကြတာဆိုတော့ ခုခံရမလွယ်ဘူး။ ရေရှည်ဆွဲပြီး တိုက်ခိုက်ရင် ကိုယ်ပဲ ခံရမှာ။

ခင်ဗျားတို့က ဒါကို သဘောပေါက်ပုံမရလို့ ကျွန်တော် ဝင် ကူလိုက်တာပဲ...။

"ဒီကြားထဲမှာ ဟောဒီ ညီလေးက သူတို့ကို လိုက်ပြီး တိုက်ခိုက်မယ် လုပ်သေးတယ်။ တစ်ယောက်တည်းနဲ့ သူတို့ကို တိုက်ခိုက်ရင် သူတို့တိုက်ကွက်ကြားမှာ ပိတ်မိပြီး ဒုက္ခရောက်သွားနိုင်လို့ ကျုပ် သူ့ကို အကြောပိတ်တားဆီးလိုက်ရတယ်"

ရှောင်းရိက လူသုံးယောက်အား ရှင်းပြရင်း အပြာရောင်ဝတ် လူငယ်ပါ သဘောပေါက်အောင် ပြောလိုက်သည်။

သို့သော် အပြာရောင်ဝတ်လူငယ်၏ မျက်နှာမှာ ပြောင်းလဲခြင်း မရှိဘဲ ရှိရှောင်းရိအား မကျေမနပ်နှင့် ကြည့်မြဲ ကြည့်နေသည်။

"ကျုပ်တို့က ကျွန်းနန်ကို သွားကြမယ့် ခရီးသည်တွေပါ၊ မြင်းလှည်းပေါ်ပါလာတဲ့ ကျုပ်တို့ သခင်မလေးကို ကျွန်းနန် အရောက် သွားပို့ဖို့ ထွက်ခဲ့တာ။ လမ်းမှာ ရန်သူတွေနဲ့ တွေ့တာပဲ၊ ရန်သူတွေက ကျုပ်တို့ သခင်မလေးကို ဘာဖြစ်လို့ အနှောင့်အယှက် ပေးချင်နေကြသလဲ မသိဘူး"

"ခင်ဗျားတို့ သခင်မလေး ဆိုတာက...."

"ကျွန်းနန်မြို့စားကြီးရဲ့ သမီး သခင်မလေး လင်းလင်းပါ၊ ကျုပ်က တိမ်ပျံကုန်းချီပါ။ သူက ခေါးစကြာဟုန်ရင်၊ သူက





တော့ လေခွဲလက်စါး ကွမ်းကျော်က [illegible] ကျွန်းနန် မြို့စားကြီးရဲ့ အမှုထမ်းတွေပါပဲ

ရှောင်းရိက သိုင်းသမားကြီး သုံးယောက်အား ကြည့်ပြီး လက်နှစ်ဖက်ဆုပ်၍ ဂါရဝ ပြုလိုက်သည်။

"ကျုပ်က ရှောင်းရိပါ"

"ရှောင်းရိဆိုတာ ညီလေးကိုး၊ လူကို ခုမှ တွေ့ဖူးပေမယ့် ညီလေးရဲ့ နာမည်ကို ကြားဖူးနေတာ ကြာပါပြီ။ လမ်းကြုံမယ် ဆိုရင် ကျုပ်တို့နဲ့ လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"

"ကျုပ်လဲ ကျွန်းနန်ကို သွားမှာပါပဲ။ ဒါထက် ဒီညီလေးကကော"

"ကျုပ်နာမည် မာလုံး။ ကျွန်းနန်ကို သွားမှာပဲ"

အပြာရောင်ဝတ် လူငယ်က ရှုတည်တည် မျက်နှာထားနှင့် ပြောလိုက်သည်။ ရှောင်းရိက ပြုံးပြီး....

"ကျွန်တော်တို့ အားလုံး ကျွန်းနန်ကို သွားကြမှာဆိုတော့ တစ်ခရီးတည်း ဖြစ်နေကြပြီ။ အပေါ်ရအောင် အတူတူပဲ သွားကြတာပေါ့"

*.10

"ကောင်းပါတယ်၊ ဒီကညီလေးကိုလဲ ဖိတ်ခေါ်ပါတယ်၊ ကျုပ်တို့ကို ဝင်ပြီး ကူညီတဲ့အတွက်လဲ ကျေးဇူးတင်လို့ မဆုံးပါဘူး၊ ကျွန်းနန်ကို ရောက်တဲ့အခါလဲ မြို့စားဂေဟာမှာပဲ တည်းခိုဖို့ အခုကတည်းက ကြိုပြီး ဖိတ်ထားပါတယ်"

မာလုံးက သူ့ပုံစံအတိုင်း နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်၊

"ကျွန်တော်က ကိစ္စ မရှိပါဘူးဗျာ၊ ဒီအစ်ကိုကြီးကို ရအောင် ခေါ်ပါ"

တိမ်ပျံကုန်းချိက ခေါင်းကို တွင်တွင်ခါလိုက်ပြီး....

"ဘာဖြစ်လို့ ကိစ္စမရှိရမှာလဲ၊ ညီလေးက ကျုပ်တို့ကို အရင်ဆုံး ဝင်ကူညီတာ ကျေးဇူးတင်မယ်ဆိုရင် ညီလေးကို ပိုပြီး ကျေးဇူးတင်ရမှာပေါ့"

ကြားရသည့် စကားများကြောင့် မာလုံး စိတ်ပြေသွားဟန် ရှိသည်၊

သူ့မျက်နှာ တဖြည်းဖြည်း ပြုံးလာပြီး ခေါင်းညိတ်ပြလိုက်၏။





"ကျွန်တော် လိုက်ခဲ့ပါမယ်၊ ကျွန်တော့်မှာက မြင်းမပါတော့ မြင်းလှည်း အမိုးပေါ်ကနေ ထိုင်လိုက်ရမှာပဲ"

"ညီလေး လိုက်မယ်ဆိုရင် အစ်ကိုနဲ့အတူ မြင်းတစ်ကောင်တည်း ပေါ်မှာ စီးပြီး လိုက်ခဲ့ပါ၊ အစ်ကို့မြင်းက လူ နှစ်ယောက်ကို အသာလေး နိုင်ပါတယ်"

ရှောင်းရိ၏ စကားအဆုံးတွင် မာလုံးက ခေါင်းကို သွက်သွက် ပါအောင် ခါပြလိုက်၏။

"နေပါစေ၊ မြင်းလှည်း အမိုးပေါ်ကပဲ လိုက်မယ်"

မာလုံး၏ ခါးခါးသီးသီး ငြင်းဆန်လိုက်ပုံကြောင့် ရှောင်းရိ အံ့အား သင့်သွားသည်။

သူက မာလုံးအား တစ်စုံတရာ ပြောမည်အပြုတွင် တိမ်ပျံကုန်းချိက ရှေ့တိုးလာပြီး....

"ကျုပ်တို့ သွားကြမှပဲ"

စကားအဆုံးတွင် သူက မြင်းပေါ်သို့ ခုန်တက်လိုက်သည်၊

ပြီး.... မြင်းလှည်းအနီးသို့ ကပ်သွားပြီး....

''သခင်မလေး၊ ကျွန်တော်တို့ ခရီးဆက်ပါမယ်''

''ကောင်းပါပြီ ဦးလေး ကုန်းချို၊ အကူအညီပေးတဲ့ လူတွေအပေါ် တာဝန်ကျေအောင် ဆက်ဆံပါ''

''စိတ်ချပါ သခင်မလေး''

တိမ်ပျံ ကုန်းချိုက မြင်းလှည်းသမားအား အချက်ပြလိုက်သည်။

ပြီးမှ သတိရဟန်ဖြင့် မာလုံးဘက်သို့ လှည့်၍....

''ညီလေး၊ မြင်းလှည်းအမိုးပေါ်က လိုက်မှာ မဟုတ်လား၊ အပေါ်ကို တက်တော့လေ''

မာလုံးက ခေါင်းညိတ်ပြပြီး ပခုံးတစ်ချက်လှုပ်၍ မြင်းလှည်း အမိုးပေါ်သို့ ခုန်တက်လိုက်သည်။

သူ၏ သေးငယ်သောကိုယ် ညင်သာ ပေါ့ပါးစွာ မြင်းလှည်း အမိုးပေါ်သို့ ရောက်သွား၏။

မြင်းလှည်းသမားကြီးက မြင်းလှည်းကို မောင်းထွက်လိုက်သည်။





ယခုတစ်ကြိမ်တွင် တိမ်ပျံ ကုန်းချိုက လေခွဲလက်ဝါးအား မြင်းလှည်းရှေ့မှ သွားရန် ခိုင်းလိုက်သည်။

သူက ခါးစကြာဟုန်ရင်၊ ရှောင်းရိတို့နှင့်အတူ မြင်းလှည်း နောက်မှ လိုက်သည်။

''အစ်ကိုကြီးတို့ မြို့စားကြီးသမီးကို ဒါလောက် အစောင့်အရှောက် နည်းနည်းလေးနဲ့ ခေါ်လာတာ ကျွန်တော် စဉ်းစားလို့ မရဘူး၊ တကယ်ဆိုရင် တစ်ဖွဲ့တစ်ဖွဲ့လောက်နဲ့ လိုက်ပို့ဖို့ ကောင်းတယ်''

တိမ်ပျံကုန်းချိုက ရှောင်းရိအား ဖျတ်ခနဲ လှမ်းကြည့်ပြီး....

''ကျုပ်တို့က ရန်သူကို လှည့်စားချင်လို့ အခုလို လုပ်တာပါ၊ ဒါပေမယ့် ကျုပ်တို့ရည်ရွယ်ချက် မအောင်မြင်ပါဘူး၊ လမ်းထက်ဝက်မှာတင် ရန်သူတွေက သတင်းရပြီး လိုက်နှောင့်ယှက်တယ်....။

''သခင်မလေးကို ပီကင်း ပြန်ပို့ရကောင်းမလားလို့တောင် ကျုပ်တို့ စဉ်းစားသေးတယ်၊ သခင်မလေးက ခေါင်းမာမာနဲ့ နောက်ကြောင်း ပြန်မလှည့်ဘူးဆိုလို့ ဒီထိအောင် ရောက်လာတာပါ''

"ဩော်.... အစ်ကိုကြီးတို့က ပီကင်းမြို့တော်ကနေ လာတာကိုး"

"ဟုတ်ပါတယ်။ သခင်မလေးဟာ သူ့ သူငယ်ချင်း မင်းသမီးလေးနဲ့ လာတွေ့ပြီး ပြန်ခဲ့တာ"

"မင်းသမီးလေးဆိုတာ အမတ်ချုပ်ကြီး သမီးကို ပြောတာလား"

"ဟုတ်ပါတယ်။ သခင်မလေးနဲ့ မင်းသမီးလေးဟာ ငယ်ကတည်းက အတူနေခဲ့ကြတော့ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတယ်။ သခင်မလေးဟာ ကျန်းနန်ကနေ တစ်နှစ်တစ်ခါတော့ မင်းသမီးလေးဆီကို ရောက်အောင် လာတတ်တယ်"

"နောက်တစ်နှစ် လာတဲ့ အခါကျရင်တော့ အစောင့်အရှောက် များများနဲ့ လာဖို့ အစ်ကိုကြီးတို့ သခင်မလေးကို ပြောလိုက်ပါ"

တိမ်ဖျံကုန်းချိက ရှောင်းရိအား ခေါင်းညိတ်ပြလိုက်သည်၊

သူ့ မျက်လုံးအစုံက အငြိမ်မနေဘဲ ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ် အကဲခတ် ကြည့်ရှုနေ၏။





အန္တရာယ်ကိုသတိထားဟန် သူ့မျက်နှာတွင်ပေါ်နေသည်။

ရှောင်းရိက စပ်စပ်စုစုနှင့် မေးမြန်းနေခြင်းကို ရပ်လိုက်သည်။

မြင်းလှည်းနောက်မှလိုက်ရင်း သူ၏ အတွေး လှမ်းဆုံမြို့လေး ဆီသို့ ရောက်သွားသည်။

လှမ်းဆုံမြို့လေးတွင် သူနှင့် ခွဲခွာသွားခဲ့သော ပိုင်ရီဖုန်းအကြောင်း စဉ်းစားမိလာ၏။

ပိုင်ရီဖုန်း၏ ချောမောလှပသော မျက်နှာလေး သူ့အာရုံမှာ ထင်လာသည်။

သူ့ရင်တွင် ကြည်နူးသွားသည့် အဖြစ်ကို ပထမဆုံးအကြိမ်အဖြစ် သတိပြုမိလိုက်လေ၏။

*

စမ်းချောင်း တစ်ချောင်းသည် ကျောက်ဆောင် ကျောက်တုံးများ ကြားမှ ကွေ့ရစ် စီးဆင်းနေသည်။

စမ်းချောင်း၏အထက် ကုန်းမြင့်လေးတွင် ဟောင်းနွမ်းအိုမင်းနေပြီ ဖြစ်သော ဇရပ်တစ်ဆောင် ရှိသည်။

ထိုဇရပ်မှာ ခရီးသွားများ နားခိုရန် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက ဆောက်လုပ်ထားသော ဇရပ် ဖြစ်သည်၊

ဇရပ်၏ ကြီးမားသော တိုင်ကြီးများမှာ ခိုင်ခံ့နေဆဲရှိသည်၊

အမိုးအကာ ပြည့်စုံပြီး ယနေ့တိုင် ခရီးသွားများ နားခိုနေဆဲ ဖြစ်၏။

ကျွန်းနန်းသို့ ဦးတည် ခရီးနှင်လာသည့် ရှောင်းရိတို့သည် ထိုဇရပ်အနီးသို့ ရောက်လာ၏။

တိမ်ပျံကုန်းချီက အချက်ပြလိုက်သည်နှင့် မြင်းလှည်းမောင်းသမားကြီးက မြင်းလှည်းကို ဇရပ်ရှေ့တွင် ရပ်လိုက်သည်၊

မားစကြာ ဟုန်ရင်သည် ဇရပ် ပတ်ဝန်းကျင်ကို မြင်းဖြင့် တစ်ပတ် ပတ်ကြည့်သည်။

လေခွဲလက်ဝါးကွမ်ကျောက်ကူ မြင်းပေါ်မှဆင်းပြီး ဇရပ်ထိပ်တွင် အသင့်ရပ်၏။





အန္တရာယ်၏ အရိပ်အယောင်ကို မတွေ့ရသဖြင့် တိမ်ပျံကုန်းချီက မြင်းလှည်းအနားသို့ ကပ်သွားပြီး လှည်းအိမ်ကို အသံမြည်အောင် ခေါက်လိုက်သည်။

"ကျုပ်တို့ ညအိပ်စခန်းကို ရောက်ပြီ သခင်မလေး....။ အညောင်းပြေ အောက်ဆင်းပါဦး"

အတွင်းမှ တုံ့ပြန်စကားသံကို မကြားရ၊ တစ်ခဏအကြာတွင် မြင်းလှည်းတံခါး ဖျတ်ခနဲ ပွင့်သွားသည်။

အတွင်းမှ တစ်ထပ်ကာထားသော အပြာရောင် ခန်းဆီးစ လှုပ်သွားပြီး ဖြူနုဖွေးနုသော လက်ကလေး တစ်ဖက် ထွက်လာသည်။

ထိုလက်က ခန်းဆီးစကို အသာအယာဖယ်ရှားလိုက်သည်။

အပြာရောင်ခန်းဆီးစကြားမှ လပြည့်ဝန်း ထွက်ပြူလာသလို ဖွေးဖွေးနုလျက် နုနယ်လှပသော မျက်နှာလေး ပေါ်လာသည်။

မြင်သူ ငေးသွားလောက်အောင် လှပသော မျက်နှာရှင် သခင်မလေး လင်းလင်းက မြေပြင်ပေါ်သို့ ညင်သာစွာဆင်းလိုက်၏။

အဝါနုရောင် ပိုးသားဝတ်စုံသည် လေတွင် တဖျပ်ဖျပ် လှုပ်နေပြီး သခင်မလေး တစ်ကိုယ်လုံး လေနှင့်အတူ လွင့်ပါ တော့မလားဟု ထင်ရသည်။

သခင်မလေး လင်းလင်းသည် မြေပြင်ပေါ် ခြေချမိသည်နှင့် တိမ်ပျံ ကုန်းချီ၏ ဘေးတွင် ရှိနေသော ရှောင်းရိမှား ပြုံး လျက် လှမ်းကြည့်သည်။

"ရှောင်းရိ ဆိုတဲ့ နာမည်ဟာ နေပြည်တော်ထိအောင်ပျံ့နှံ့ ကျော်ကြားတဲ့ နာမည်ပါပဲ။ ရောက်နေတဲ့နေရာက မလုံခြုံလို့ အပြင်ထွက်ပြီး နှုတ်မဆက်မိတာကို ခွင့်လွှတ်ပါရှင်"

"ကိစ္စမရှိပါဘူး။ အန္တရာယ်ကင်းတဲ့နေရာကိုရောက်မှ အပြင် ထွက်တာ သခင်မလေးအတွက် ပိုကောင်းပါတယ်"

သခင်မလေး လင်းလင်းက ပါးချိုင့်ခွက် လေး များ ပေါ် အောင် ပြုံးမြဲပြုံးသည်။

သူ့အကြည့်တစ်ချက် မြင်းလှည်း အမိုးပေါ်သို့ ဖျတ်ခနဲ ရောက်သွားပြီး....

"အမိုးပေါ်က မောင်လေးလဲ အောက်ဆင်းခဲ့ပါဦး"

မာလုံးက ညစ်ပတ်ပေကျံနေသော မျက်နှာကို လက်ဖြင့် သုတ်လိုက်သည်။





သူ့လက်မှ ချေးများကြောင့် မျက်နှာမှာ ပို၍ ပေညစ် သွားသည်။

သူက ဖြူဖွေးစင်ကြယ်သော သွားတန်းလေး ပေါ်အောင် ရယ်ပြီး မြင်းလှည်းအောက်သို့ ခုန်ဆင်းလာသည်။

"အစ်မတော် သခင်မလေးကို ဂါရဝပြုပါတယ်ဗျာ။ ကျွန် တော့်လို လမ်းဘေးက လူတစ်ယောက်ကို အဆင့်အတန်းမခွဲဘဲ ဆက်ဆံတဲ့အတွက် ဂုဏ်ယူလို့ မဆုံးပါဘူး"

"မောင်လေးက ကိုယ့်ကိုယ်ကို သိပ်နှိမ့်ချတာကိုး။ ခရီး ကြမ်းကြောင့် ပေပေရေရေ ဖြစ်နေပေမယ့် မောင်လေးဟာ လူချောလေးတစ်ယောက်ဆိုတာ ဖုံးကွယ်လို့ မရပါဘူး။ မင်း က ကိုယ့်ကိုယ်ကို လမ်းဘေးကလူလို့ ပြောပေမယ့် မမက တော့ မင်းကို မောင်အရင်းတစ်ယောက်လို သဘောထားလိုက် ပါပြီ"

သခင်မလေး လင်းလင်း၏ စကားကြောင့် မာလုံး ဝမ်းသာ ဝမ်းနည်း ဖြစ်သွားပုံရသည်။

သူက ဆတ်ခနဲ ရှေ့တိုးလာပြီး သခင်မလေးလင်းလင်း၏ လက်ကို ဆွဲယူ နမ်းရှုံ့လိုက်သည်။

"ကျွန်တော့် ဘဝမှာ အခုလို ဂုဏ်ပြုခံရတာ တစ်ခါမှ မရှိသေးပါဘူး။ မမကို သိပ် ကျေးဇူးတင်ပါတယ်"

မာလုံးက လင်းလင်းအား ပြောရင်း ရှောင်းရီ ဘက်သို့ လှည့်လိုက်သည်။

ပြုံးကြည့်နေသော ရှောင်းရီ၏ မျက်နှာကို မြင်သည်နှင့် သူက နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

"ဒီညစ်ပတ်အိုးလေးကို မောင်တစ်ယောက်လို သဘောထားသလို ကျုပ်ကိုလဲ အစ်ကို တစ်ယောက်လို သဘောထားပါ။ ဒီခရီးလမ်းမှာ သခင်မလေးအတွက် ဘာ အရာနှယ်မှ မရှိစေရဘူးလို့ အာမခံပါတယ်"

"ဟွန့်.... သူ့ကိုယ်သူ အစ်ကိုကြီးဖြစ်အောင် ချက်ချင်း လုပ်ပစ်တယ်"

ရှောင်းရီ၏ စကားအဆုံးတွင် မာလုံးက မကြားတကြား လေသံဖြင့် ပြောသည်။

မာလုံး၏ စကားကို အတိုင်းသား ကြားလိုက်သော်လည်း ရှောင်းရီက မကြားဟန်ပြု နေလိုက်သည်။





မာလုံးအပေါ် သူက ခပ်ဆိုးဆိုး ခပ်တေတေ ညီတစ်ယောက်အဖြစ် သဘောထားမိသွားသည်။

ထိုသို့ သဘောထားမိခြင်းအတွက် သူ့ကိုယ်သူ အံ့ဩနေမိ၏။

"ဒီမှာ ညအိပ်မှာဆိုတော့ ဇရပ်ပေါ် တက်ကြရအောင်၊ အချိန်တွေ အများကြီးရှိတာပဲ။ ဒီည တစ်ညလုံး စကားပြောကြတာပေါ့"

*

## အခန်း (၁၁)

ညအမှောင်က လျင်မြန်စွာ ရောက်လာသည်။

တစ်လောကလုံး မှောင် မည်း နေ သော် လည်း ဇရပ် ပတ်ဝန်းကျင်တွင် လင်းနေ၏။

ဇရပ်ရှေ့တွင် သစ်ခြောက် ဝါးခြောက်များဖြင့် ဖိုထားသော မီးဖိုကြီး တစ်ဖို ရှိသည်။

ထိုမီးဖိုမှ မီးတောက်အလင်းသည် ဇရပ်ရှေ့ပိုင်း တစ်ခုလုံးကို လင်းနေစေ၏။

လင်းလင်း၊ ရှောင်းရိနှင့် မာလုံးတို့သည် မီးပုံကြီးရှိသော ဇရပ် ညာဘက်ခြမ်းတွင် ထိုင်ပြီး စကားစမြည် ပြောဆိုနေကြသည်။



အချိန်တိုတိုလေးအတွင်း၌ သူတို့ သုံးယောက်သည် နှစ်ပေါင်း များစွာကတည်းက သိကျွမ်း ရင်းနှီးလာသူများပမာ ရင်းနှီးလာကြ၏။

“ပီကင်းမြို့တော်မှာ ရှိကတည်းက အစ်ကို့ သတင်းကို ညီမ ကြားတယ်။ သိုင်းလောကသားတွေနဲ့ ရင်းနှီးပတ်သက်တဲ့ မင်းသမီးလေးက အစ်ကို့အကြောင်းကို ပြောပြခဲ့တယ်။

အစ်ကိုဟာ သိုင်းပညာထက်မြက်ပြီး မဟုတ်မခံစိတ်ရှိတယ် ဆိုတာ သိရတယ်....။

“ဒါပေမယ့် ကြေးစားသိုင်းသမားအဖြစ် အစ်ကို ကျင်လည် လှုပ်ရှားနေတာကို မင်းသမီးလေးက သဘောမကျဘူး။

ညီမအနေနဲ့လဲ အစ်ကို့ကို ကြေးစား သိုင်းသမား မဖြစ်စေချင်ပါဘူး”

“ကြေးစား သိုင်းသမားပေမယ့် အစ်ကို အခကြေးငွေ ယူပြီး ဘယ်သူ့ကိုမှ မတရားမလုပ်ခဲ့ပါဘူး။ စားဝတ်နေရေး အတွက် ကြေးစား မလုပ်လို့ မဖြစ်တာနဲ့ လုပ်နေရတာ ပါ”

"ဒါဆိုရင် ညီမ အစ်ကို့ကို ဘာစ်ခုပြောချင်တယ်၊ အစ်ကို ညီမ စကားကို နားထောင်မလား"

"ညီမ၊ ဘာပြောမလို့လဲ၊ ပြောပါ"

"ကျွန်းနန်ကို ရောက်တဲ့အခါကျရင် အစ်ကို ညီမရဲ့ ဖေဖေ ဆီမှာ အမှုထမ်းပါလား။ ဖေဖေက ထူးချွန် ထက်မြက်တဲ့ သိုင်းပညာရှင်တွေ လိုတဲ့အကြောင်း မကြာခဏ ပြောတတ်တယ်၊ အစ်ကို့ကိုဆိုရင် ဖေဖေ သဘောကျမှာ သေချာတယ်။

"ကျွန်းနန်က နယ်ခြားနဲ့နီးတော့ ဒုစရိုက်သမားတွေ အဝင်အထွက် များတယ်။ ရောက်လာတဲ့လူတွေဟာ နယ်စုံက ဆိုတော့ ပြဿနာလဲ စုံတယ်၊ ဒါတွေကို ဖြေရှင်းဖို့အတွက် ဖေဖေ့မှာ ယုံကြည်စိတ်ချရတဲ့လူ လိုနေတာ အမှန်ပဲ"

"ညီမက ဒါလောက် လိုလိုချင်ချင် တိုက်တွန်းနေမှတော့ အစ်ကို စဉ်းစားပါ့မယ်၊ အစ်ကိုနဲ့အတူ ညီလေးပါ ပါမယ် ဆိုရင် သိပ်ကောင်းလိမ့်မယ်"

ရှောင်းရှိ၏ စကားကြောင့် မာလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

သူက ခေါင်းတခါခါ လက်တကားကားနှင့်....





"အစ်ကို့ကိစ္စ အစ်ကို လုပ်ပါ။ ကျွန်တော့်ကို ဆွဲမထည့်ပါနဲ့။ ကျွန်တော်က တစ်နေရာတည်းမှာ ငြိမ်ငြိမ်နေချင်တာ မဟုတ်ဘူး။ နေရာအနှံ့ လျှောက်သွားချင်တာဆိုတော့ တာဝန်ကြီးကြီးနဲ့ မဖြစ်ပါဘူး"

လင်းလင်းက မျာမျာသလဲ ငြင်းနေသော မာလုံးအား လှမ်းကြည့်ပြီး ပြုံးလိုက်သည်။

မီးပုံမှ မီးရောင်အလင်းဖြင့် ရှောင်းရှိသည် လင်းလင်း၏ မျက်နှာကို ငေးစိုက်ကြည့်မိ၏။

ပိုင်ရီဖုန်းသည်လည်း လင်းလင်းလိုပင် ဖြစ်မျိုးမှဲ့မထင် လှပသည်ဟု တွေးမိပြီး တစ်ဆက်တည်း ပိုင်ရီဖုန်းအကြောင်း ခေါင်းထဲသို့ ဝင်လာသည်။

"ကျွန်းနန်က သူဌေးကြီး ပိုင်ယွင်ကို ညီမ သိသလား"

လင်းလင်း ခေါင်းညိတ်ပြသည်။

တာ
နှန်တစ်

"သိပါတယ်။ ဘာဘ ပိုင်ယွင်ဟာ ဖေဖေနဲ့ သိပ်ရင်းတယ် မိတ်ဆွေတစ်ယောက်ပါပဲ။ အစ်ကိုက ဘာဘပိုင်ယွင်နဲ့ ...းတွေ ...ါလိမ့် လား"

ရှောင်းရှိ ခေါင်းခါပြလိုက်၏။

"မသိပါဘူး။ ပိုင်ရီဖုန်းဆိုတဲ့ ညီမတစ်ယောက်ကို တွေ့ဖူးပြီး သူက သူ့အဖေဟာ သူဌေးကြီး ပိုင်ယွင်လို့ ပြောပြထားလို့ ဒီနာမည်ကို သိနေတာပါ"

"အစ်ကိုက ပိုင်ရီဖုန်းနဲ့ တွေ့ခဲ့ပြီးပြီကိုး။ ကျွန်းနန်မှာတော့ ပိုင်ရီဖုန်းဟာ သိပ်လှတဲ့ မိန်းကလေးအဖြစ်နဲ့ ကျော်ကြားပါတယ်"

လင်းလင်း၏ စကား အဆုံးတွင် မာလုံးက ခစ်ခနဲ ရယ်လိုက်၏။

"မောင်လေးက ဘာဖြစ်လို့ ရယ်တာလဲ"

"ပိုင်ရီဖုန်းဆိုတဲ့ အစ်မကို ကျွန်တော်တွေ့ဖူးပါတယ်၊ လမ်းအဖြူမိန်မာသူနှင့် အစ်ကိုနဲ့ အတူ ရှိနေတာပဲ။ မမ ပြောသလိုဆိုရင် ချောင်တော် လှပါတယ်။ ဒါပေမယ့် မမကို ပြိုင်ရင်တော့ မဟုတ်ဘူး"

ရှောင်
သွားသ မမက သူ့ထက် ပိုလှတယ်လို့ မင်း ပြောချင်သလား
ောင်လေး"

မာလုံးက ခေါင်းခါလိုက်သည်။





"မဟုတ်ပါဘူး။ မမကလဲ လှတယ်.... သူကလဲ လှတယ်။ နှစ်ယောက်စလုံး လှကြပေမယ့် ပြိုင်ရင်တော့ တစ်ယောက်ကို တစ်ယောက် နိုင်မှာမဟုတ်ဘူး။ မမတို့က အတူတူပဲ လှကြတယ်လို့ ကျွန်တော် ပြောချင်တာပါ"

မာလုံး၏ လိမ္မာပါးနပ်သော ပြောဆိုပုံကြောင့် လင်းလင်း ရယ်လိုက်သည်။

ရယ်ရင်းမှ သူက မီးအရှိန်ကျစပြုလာသော မီးပုံကို လှမ်းကြည့်သည်၊

မီးပုံခြားတွင် ထိုင်နေသော မားစကြာဟုန်ရင်က ထင်းခြောက်များကို မီးပုံထဲ ထည့်သည်။

ထင်းကို မီးစွဲပြီး တစ်ခဏအတွင်း ဟုန်းဟုန်းတောက်လာ၏။

"မောင်လေးက စကားပြောတဲ့နေရာမှာ သိပ်ပါးနပ်တာပဲ၊ မမကို မင်း ဘယ်လိုပဲ မြှောက်ပြောပြော၊ ကျွန်းနန်တစ်နယ်လုံးက ပိုင်ရီဖုန်းကို အလှဆုံးလို့ သတ်မှတ်ထားကြတယ်"

"မမက မြို့စားကြီးရဲ့ သမီးဆိုတော့ နယ်သူနယ်သားတွေက မမနဲ့ ပိုင်ရီဖုန်းကို မနှိုင်းယှဉ်ဘဲ နေကြတာ ဖြစ်ပါလိမ့်မယ်"

သူ့ စကားကို အတည်ဖြစ်အောင်ပြောနေသော မာလုံးအား
ကြည့်ပြီး လင်းလင်း ရယ်ပြန်သည်။

မာလုံးသည် ကလေးဆန်ပြီး ဇွတ်တရွတ်နိုင်သူဖြစ်ကြောင်း
လင်းလင်း သဘောပေါက်လာ၏။

"မမကို အခုလို မြှောက်ပင့်ပြောတဲ့အတွက် ကျန်းနန်ကို
ရောက်တဲ့အခါ အချုပ်ခန်းထဲ သွင်းထားမယ်"

"မမက အချုပ်ခန်းထဲသွင်းမယ်ဆိုရင် ကျွန်တော် ဘာဖြစ်
လို့ မနေရဲရမှာလဲ။ နေရဲပါတယ်"

ရင်းနှီးခင်မင်စွာ အပြန်အလှန်ပြောဆိုရင်း ရယ်မောမိကြ
သည်။

သူတို့၏ စကားဝိုင်းထဲသို့ မဝင်ဘဲ မီးပုံအနီးတွင် ထိုင်နေ
သော တိမ်ပျံ ကုန်းချီသည် ညနက်ပြီဟု သတိပေး ဟန်နှင့်
ချောင်းတစ်ချက်ဟန့်ပြီး သမ်းဝေလိုက်သည်။

ပြီး.... လင်းလင်းဘက်သို့ လှည့်၍....

"သခင်မလေး.... မနက်ဖြန် မနက်စောစော ခရီးဆက်နိုင်
အောင် အိပ်ရာဝင်ဖို့ အချိန်တန်ပါပြီ"



လင်းလင်းက တိမ်ပျံကုန်းချီအား လှမ်းကြည့်ပြီး ခေါင်း
ညိတ်ပြလိုက်သည်။

"ဟုတ်သားပဲ.... တော်တော် ညဥ့်နက်နေပြီ။ အိပ်ကြရ
အောင်"

သခင်မလေး၏ စကားအဆုံးတွင် ခပ်ဝေးဝေးမှ ခြူသံ
တစ်သံ ပေါ်လာသည်။

လွင်သာသော ခြူသံတချင်ချင်က ဇရပ်နှင့် တဖြည်းဖြည်း
နီးလာ၏။

*

ချင်ခနဲ ချင်ခနဲ မှန်မှန်မြည်နေသော ခြူသံ ဇရပ်ရှေ့သို့
ရောက်တွင် ပျောက်သွားသည်။

အရှိန်ကောင်းနေဆဲ မီးပုံမှ မီးအလင်းတွင် ဇရပ်ရှေ့၌
ရပ်နေသော အစိမ်းရောင်ဝတ် အဘွားအို တစ်ယောက်အား
တွေ့လိုက်ရ၏။

အဘွားအိုၡ လက်ထဲတွင် နက်မှောင်သော တောင်ဝှေး တစ်ချောင်းကို ကိုင်ထားပြီး တောင်ဝှေးအဖျားတွင် ရှိနေသေ ချူက လှုပ်လိုက်တိုင်း အသံမြည်နေသည်။

အဘွားအိုသည် ရှောင်းရိတို့လူစုအား တစ်ချက် ကြည့်ပြ ဇရပ်ပေါ်သို့ တက်လာသည်၊

ရှောင်းရိတို့နှင့် ဆန့်ကျင်ဘက်အခြမ်းတွင် ထိုင်ချလိုက်၏

သူ၏ တောင်ဝှေးကို ဇရပ်ကြမ်းပြင်ပေါ် ဒုတ်ခနဲ မြ အောင် စိုက်ချလိုက်သည်၊

တောင်ဝှေးစိုက်လိုက်စဉ်တွင်ချူသံက ဆူညံစွာမြည်သွာ

"ချူသံက သိပ်သာယာတာပဲနော်၊ ဒီအဘွားကြီးက ဘ သူလဲ မသိဘူး"

မာလုံးက ခပ်တိုးတိုး မေးလိုက်သည်။

"အဲဒါ ချူဘွားဘွား ဆိုတာပဲ။ ချူဘွားဘွား လာ ပြဿနာပေါ်လာတတ်တယ်လို့ သိုင်းလောကထဲမှာ ပြော ကြတယ်"



"သူက လူတွေကို ရန်လုပ်တတ်လို့လား"

ရှောင်းရိက မာလုံးအား ဖျတ်ခနဲ လှမ်းကြည့်ပြီး ခေါင်းခါပြသည်။

"ချူဘွားဘွားက ထူးဆန်းငါးဖော်ထဲက တစ်ယောက်ပဲ။ သူ့ရန်သူနဲ့ တွေ့ရင်တောင် ရန်မလုပ်တတ်ဘူး။ သူ့ကို တိုက်ခိုက်လာတဲ့အခါမှ မလွဲမကင်းသာ ပြန်တိုက်ခိုက်တတ်တယ်။ သူဟာ သားပျောက်ရှာနေတဲ့ စိတ္တဇခရီးသည်လို့ ပြောကြတာပဲ။ အဲဒီစကား ဘယ်လောက်ထိမှန်မလဲဆိုတာတော့ မသိဘူး"

ရှောင်းရိက မာလုံးအား ခပ်တိုးတိုး ရှင်းပြသည်၊

မာလုံးသည် စိတ်ဝင်စားဟန်ဖြင့် ချူဘွားဘွားအား ကြည့်နေ၏။

ချူဘွားဘွားသည် ကြမ်းပြင်ပေါ် စိုက်ထားသည့်တောင်ဝှေးကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး မျက်လုံးအစုံမှိတ်လျက်ထိုင်နေသည်။

"ဒီအဘွားကြီးရဲ့ ရုပ်ရည်က သိပ်သန့်ပြန့်တာပဲ။ ဒါလောက်အသက်ကြီးနေတာတောင် ချောတုန်းလှတုန်း ရှိနေသေးတယ်"

မာလုံး၏ အသံက အနည်းငယ် ကျယ်သွားသည်။

တောင်ဝှေးကိုင်ပြီး ထိုင်နေသော ခြူဘွားဘွား မျက်လုံး တစ်ချက် ဖွင့်ကြည့်၏။

သူ့အကြည့်က စကားပြောလိုက်သည့် မာလုံးထံ တန်းတန်း မတ်မတ် ရောက်လာသည်။

မီးပုံ အလင်းရောင်ဖြင့် မြင်နေရသော မာလုံးအား စူးစူးစိုက်စိုက် တစ်ချက်ကြည့်ပြီး မျက်လုံး ပြန်မှိတ်လိုက်သည်။

ခြူဘွားဘွားမှာ အန္တရာယ်ပေးမည့်သူ မဟုတ်သဖြင့် တိမ်ဖျံကုန်းချီသည် လင်းလင်းအား အိပ်လိုက်ရန် ခပ်တိုးတိုး လာပြောသည်။

လင်းလင်းက အသားကင်နှင့် ပေါက်စီခြောက်များကို ထုတ်ယူပြီး....

"ခြူဘွားဘွားကို ကြည့်ရတာ ခရီးဝေးက လာတဲ့ပုံပဲ၊ ပါလာတဲ့ အစားအသောက်တွေ သွားကျွေးလိုက်ပါဦး၊ ဒီ ရောဘူးပါ ယူသွားပါ"

လင်းလင်းက ခြူဘွားဘွားအား လှမ်းကြည့်ပြီး ပြောသည်၊





အစားအစာထုပ်ကို တိမ်ဖျံကုန်းချီ မထိခင် မာလုံးက လှမ်းယူလိုက်၏။

"ကျွန်တော် သွားပေးလိုက်ပါ့မယ်"

"သူ အနှောင့်အယှက်ဖြစ်အောင် စကားတွေ သွားပြောမနေနဲ့နော်၊ မောင်လေး"

"စိတ်ချပါ မမ"

မာလုံးက စားသောက်ဖွယ်ရာများ ယူပြီး ခြူဘွားဘွား အနီးသို့ ချဉ်းကပ်သွားသည်။

သူက ခြူဘွားဘွား ရှေ့တွင်ထိုင်ပြီး လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုသည်။

"ကျွန်တော်တို့ ကျန်းနန်ကို သွားမယ့် ခရီးသွားတွေပါ။ ကျွန်တော်တို့မှာ ပါတဲ့ အစားအစာတွေနဲ့ ဘွားဘွားကို လာပြီး ဂါရဝ ပြုပါတယ်"

ခြူဘွားဘွား၏ မျက်လုံးအစုံ ဖြည်းညင်းစွာ ပွင့်လာသည်။

သူက သေးငယ်စူးရှသော မျက်လုံးအစုံဖြင့် မာလုံးအား ကြည့်လိုက်ပြီး....

"မင်းက သိပ်လိမ္မာပါလား မင်းကျွေးတာကို ငါစားရမှာပေါ့"

ခြူဘွားဘွားက ရေဘူးကိုယူပြီး ရေတစ်ငုံ သောက်သည်။

ပြီး.... စားသောက်ဖွယ်ရာများကို စတင် စားသောက်သည်။

မာလုံးသည် ခြူဘွားဘွား၏ ရှေ့တွင် ငြိမ်သက်စွာ ထိုင်နေသည်။

ခြူဘွားဘွားက အစားအစာ စားသောက်ရင်းမှ မာလုံးအား တစ်ချက် တစ်ချက် လှမ်းကြည့်သည်။

ခြူဘွားဘွား၏ မျက်လုံးအစုံမှာ တဖြည်းဖြည်း ဆွေးရိပ်သန်းပြီး ရီဝေလာသည်။

ညက နက်သည်ထက် နက်လာပြီ ဖြစ်သည်။

မီးပုံမှ ထင်းတုံးများ မီးစွဲလောင်သဖြင့် တဖျစ်ဖျစ်မြည်နေသံ၊ ညပိုးမွှားများ အော်မြည်သံ၊ ညလေပြည် တိုက်ခတ်စဉ် ပေါ်ထွက်လာတတ်သော သစ်ရွက်လှုပ်သံတို့သည် စည်းချက် ညီသော ဂီတသံပမာ ပေါ်ထွက်နေ၏။



"မင်းတို့နဲ့ အတူပါလာတာ ကျွန်းနန့် သခင်မလေး မဟုတ်လား"

ခြူဘွားဘွား၏အသံ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလျက်ပေါ်လာသည်။

မာလုံးက ကပျာကယာ ခေါင်းညိတ်လိုက်ပြီး....

"ဟုတ်ပါတယ် ဘွားဘွား။ ဒီအစားအစာတွေကို သခင်မလေးက ပို့ခိုင်းတာပါ"

ခြူဘွားဘွား ခေါင်းတဆတ်ဆတ် ညိတ်သည်။

"သူက စိတ်သဘောထား ကောင်းမွန်တဲ့ မိန်းကလေးပဲ အင်း.... ဒီည သူ့အတွက် အန္တရာယ်ကြီးတစ်ခု ကျရောက်လာတော့မယ်ဆိုတာ မသိရှာဘူး"

"ဘယ်က အန္တရာယ်လဲ ဘွားဘွား။ ဘယ်သူက သခင်မလေးကို အန္တရာယ် ပြုမှာလဲ"

"ရှူး.... တိုးတိုးပြောစမ်း။ ညဆိုတာ လုံခြုံမှု မရှိဘူး၊ စကားသံတွေကို လေက သယ်သွားတတ်တယ်။ မင်းပ သခင်မလေးရဲ့ မိတ်ဆွေ မဟုတ်လား"

"ဟုတ်ပါတယ် ဘွားဘွား"

"ဒါဆိုရင် သခင်မလေး မသိအောင် အစီအစဉ် လုပ်ပြီး ရန်သူနဲ့ ရင်ဆိုင်ဖို့ ပြင်ဆင်ထားပါ"

"ဟုတ်ကဲ့.... ဒါထက် ရန်သူဆိုတာက"

"ရန်သူ လာနေပြီ"

မာလုံး ရင်ထိတ်သွားသည်။

သူက မျက်လုံးအဝိုင်းသားနှင့် အမှောင်ထဲသို့ လှမ်းကြည့်၏။

လေတစ်ချက် ဝေ့ခနဲ တိုက်ခတ်လာသည်။

အေးစိမ့်စိမ့်နိုင်သော ရယ်မောသံတစ်သံ လေ နှင့် အတူ ပျံလွင့်လာသည်။

ထိုရယ်သံကြောင့် မာလုံး၏ ကျောရိုးထဲမှ စိမ့်ခနဲ အေး ချင်သွား၏။

"ရန်သူလာနေပြီ။ မင်းရဲ့ မိတ်ဆွေတွေဆီကို သွားနေပါ၊ ခင်မလေးကို အကာအကွယ်ပေးပါ။ သခင်မလေးကို မှ စ်ပေါက်တောင် မစွန်းပါစေနဲ့"





မာလုံး နေရာမှ ထလိုက်သည်၊

အေးစိမ့်သော ရယ်သံ တဖြည်းဖြည်း နီးလာလေ၏၊

*

ခြူးသံကြားရစဉ်ကလိုပင် အေးစိမ့်သော ရယ်သံ ဇရပ် ရှေ့သို့ အရောက်တွင် ပျောက်သွားသည်။

ဇရပ်ရှေ့တွင် အနီရောင်ဝတ်ရုံဝတ်ဆင်ထားသော တိဗက် လားမားကြီးတစ်ဦးအား တွေ့လိုက်ရသည်။

လားမားကြီးမှာ ဝတုတ်တုတ် အရပ်ထောင်ထောင်မောင်း မောင်းနှင့် ဖြစ်ပြီး အရောင် တောက်နေသော မျက်လုံးများ မှာ အဆမတန် ပြူးကျယ်နေသည်။

ရွှေရောင်ဝင်းနေသော ပုတီးတစ်ကုံးကို လက်တွင် ကိုင် ထားသည်။

အမှောင်ထဲမှ တိုးထွက်ရောက်ရှိလာသော လားမားကြီး၏ အသွင်မှာ ကြောက်စရာကောင်းနေ၏။

လားမားကြီးက ဇရပ်တစ်ဆောင်လုံးကို ပြူးကျယ်သော မျက်လုံးအစုံဖြင့် ဝေ့ကြည့်လိုက်သည်။

ခြူဘွားဘွားအား တွေ့သည့်အခါ မျက်မှောင် တစ်ချက် ကြုံ့လိုက်သည်။

"မလိုအပ်တဲ့လူတွေလဲ ဒီကို ရောက်နေပါလား၊ ခြူဘွားဘွားကို လားမား ဝါအိက ဂါရဝ ပြုပါတယ်၊ ဒီနေရာမှာ ကျုပ်ရဲ့ ကိစ္စလေးတစ်ခု ဆောင်ရွက်စရာရှိလို့ ခြူဘွားဘွား မျက်စိမှိတ် နားပိတ်ထားပါ"

"မျက်စိက မှိတ်လို့ရပါတယ်၊ ဒါပေမယ့် နားကတော့ ပိတ်လို့မရဘူး။ လားမားကြီး ပြောတဲ့အတိုင်း မဖြစ်နိုင်တဲ့ အတွက် ခွင့်လွှတ်ပါ"

ခြူဘွားဘွား၏ စကားကြောင့် လားမားကြီး ဆွံ့အ ဖြစ်သွားသည်။

သူ၏ ပြူးကျယ်သော မျက်လုံးအကြည့် ခြူဘွားဘွား ထံသို့ ရောက်လာ၏။



"ကျုပ်က ရန်မများချင်လို့ မေတ္တာရပ်ခံနေတာ။ ခင်ဗျား က ရန်လိုနေသလား"

"ရန်လိုတာဟာ ခြူဘွားဘွားရဲ့ အလုပ် မဟုတ်ပါဘူး။ မဖြစ်နိုင်တဲ့ကိစ္စကို မဖြစ်နိုင်တဲ့အကြောင်း ပြောနေတာပါ။ ရှင့်ကိစ္စက ဘာကိစ္စလဲ။ ကျွန်မနဲ့ ဖြေရှင်းရမယ့် ကိစ္စမဟုတ် ဘူး ထင်ပါတယ်"

"ကျုပ်ကိစ္စက ခင်ဗျားနဲ့ မဆိုင်ပါဘူး။ ဟောဒီ သခင်မ လေးကို ခေါ်သွားမယ့် ကိစ္စပါ"

"သူတို့နဲ့ကိစ္စရှိတာ သူတို့နဲ့ပဲ ပြောပါ။ ကျုပ် အေးအေး ဆေးဆေး နေပါရစေ"

"ခင်ဗျား အေးအေးဆေးဆေးနေတာကို ကျုပ်က သဘော ကျပါတယ်။ ကျုပ် ကိစ္စရှိတာကို ဆောင်ရွက်ပါရစေ"

လားမားဝါအိက ရှောင်းရီတို့ဘက်သို့ လှည့်လိုက်သည်။

အေးစိမ့်သော ရယ်သံနှင့် ရယ်ပြီး သူ၏ လက်ထဲမှ ရွှေ ပုတီးကုံးတစ်ချက် ဝှေ့ယမ်းလိုက်သည်။

တဝုန်းဝုန်းမြည်သွားသောလေထုလှုပ်ရှားသံနှင့်အတူ ဇရပ် ရှေ့ မီးပုံမှ မီးတောက်များ ဟုန်းခနဲ ထလာသည်။

"ကျန်းနန်မြို့စားရဲ့လူတွေ နားထောင်စမ်း၊ ကျုပ် အခု သခင်မလေးကို ခေါ်သွားမယ်။ အသက်အသေခံပြီး မိုက်မဲတဲ့ အလုပ်ကို ဘယ်သူမှ မလုပ်ပါနဲ့။ အားလုံး နောက်ဆုတ်လိုက်ကြပါ"

လားမားကြီး၏ စကားကြောင့် ရှောင်းရိတို့ တစ်ယောက် မျက်နှာကို တစ်ယောက် ကြည့်လိုက်သည်။

မာလုံးက ကျယ်လောင်သောအသံဖြင့် ရယ်လိုက်ပြီး....

"ကျွန်တော်က ကျန်းနန်မြို့စားရဲ့ လူ မ ဟုတ် တဲ့ အ တွက် နောက်ဆုတ်စရာမလိုဘူးပေါ့ ဟုတ်လား"

မာလုံး၏စကားက လားမားကြီးအား ဒေါသထွက်အောင် ဆွပေးလိုက်သကဲ့သို့ ရှိ၏။

လားမားကြီးက စူးဝါးသော အသံဖြင့် တစ်ချက် အော် လိုက်ပြီး....

"ကျန်းနန်မြို့စားရဲ့ လူမဟုတ်ရင် မင်း သခင်မလေးနောက် ကနေ ခွေးတစ်ကောင်လို ဘာဖြစ်လို့ တကောက်ကောက်နဲ့ လိုက်လာတာလဲ"



"လားမားကြီးက တရားဘာဝနာ ပွားများပြီး မနေတဲ့ အပြင် မိုက်မိုက်ရိုင်းရိုင်းလဲ ပြောတတ်တာပဲကိုး၊ ကျုပ်တို့က ကိုယ့်လမ်းကိုယ်သွားနေတာ။ ခင်ဗျားကသာ နောက်ကနေ အနှောင့်အယှက်ပေးနေတာ မဟုတ်လား"

မာလုံး၏ စကားက လားမားကြီးအား ယမ်းပုံမီးကျ ဒေါသဖြစ်သွားစေသည်။

သူက ရွှေပုတီးကို ဝှေ့ယမ်းပြီး မာလုံးအား ရိုက်ချလိုက် သည်။

ပြင်းထန်သော အားလှိုင်းရိုက်ခတ်မှုနှင့်အတူ ရိုက်ချက်က မာလုံးထံသို့ ကျလာသည်။

မာလုံးသည် တစ်ချက် ရယ်လိုက်ပြီးနောက် ဘေးတစ်ဖက် သို့ ခုန်ထွက်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူ့ခါးတွင် ပတ်ထားသော ဓားပျော့ ကို ဖြေပြီး လားမားကြီးထံသို့ ထိုးသွင်းလိုက်သည်။

ဓားပျော့က မြွေလိမ်မြွေကောက် သဏ္ဍာန်ဖြင့် လားမား ကြီး ထံသို့ တိုးဝင်သွားသည်။

"ဟား....ဟား.... လက်တစ်ဆုပ်စာလောက်ရှိတဲ့ ကောင်လေးက ငါ့ကို အာခံနေပါလား။ ခွေးကောင်လေး၊ သေဖို့ပြင်"

လားမားကြီးက ပုတီးကို ဝှေ့ယမ်းလိုက်ပြန်သည်။

မာလုံးသည် ဓားမြှောင့်ကို လှုပ်ခါလျက် ရှေ့သို့ ခုန်ထွက်လိုက်၏။

သူ၏ ဓားမြှောင့်သည် စောစောကအတိုင်းပင် လားမားကြီးထံသို့ မြွေလိမ်မြွေကောက် တိုးဝင်သွားသည်။

လားမားကြီးက ရွှေပုတီးဖြင့် မာလုံး၏ ဓားကို ရိုက်ဖယ်၏၊

မာလုံးက ဓားချက်ကို ပြန်ရုပ်သိမ်းပြီး ဘေးတစ်ဖက်သို့ ခုန်ထွက်သည်။

ထိုနေရာမှနေ၍ ပထမ ပုံစံအတိုင်း ဓားကို ထိုးသွင်းသည်၊

"ဟီတ်...မင်းက ဓါးသိုင်းကွက် တစ်ကွက်ပဲ တတ်သလား၊ ဒါနဲ့များ ငါ့ကို အာခံရဲသေးတယ်"

"ဒီသိုင်းကွက် တစ်ကွက်တည်းကိုပဲ ခုခံကြည့်စမ်းပါဦး လားမားကြီး"



လားမားကြီးက မာလုံး၏ ဓားချက်ကို ရိုက်ဖယ်လိုက်ပြန်သည်။

မာလုံးက လက်နက်ချင်း အထိမခံဘဲ ဓားလမ်းကြောင်း ပြောင်းလိုက်သည်။

သူလုပ်နေပုံက လားမားကြီးအား တိုက်ခိုက်သည်နှင့်မတူဘဲ မထိတထိ စသလို ဖြစ်နေသည်။

တိုဗက်လားမားကြီးက ဝမ်းခေါင်းသံဖြင့် ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး ရွှေပုတီးကို လျင်မြန်စွာ ဝှေ့ယမ်းသည်။

ရွှေပုတီး ဝှေ့ယမ်းသံက တဝီးဝီးနှင့် မြည်နေ၏။

တစ်တောင်ခန့် ရှည်သော ရွှေပုတီးသည် ကြောက်စရာကောင်းသော လက်နက်အဖြစ် မာလုံးထံသို့ ဝင်လာသည်။

"မာလုံး.... သတိထား"

လားမားကြီး၏ တိုက်ကွက်ကို မျက်ခြည်မပြတ် အကဲခတ်လေ့လာနေသော ရှောင်းရိက အော်ဟစ်ပြီး မာလုံးအား တွန်းထုတ်လိုက်သည်။

တစ်ပြိုင်နက်တည်းပင် မာလုံး၏ ဓားမြှောင်ကို ဆွဲယူလိုက်ပြီး ရွှေပုတီးကို ခုတ်ဖြတ်လိုက်၏။

လက်နက်ချင်း ပြင်းထန်စွာ ထိသံ ပေါ်လာသည်။

ရှောင်းရီ၏ လက်မောင်းတစ်လျှောက် ကျဉ်တက်သွားပြီး လက်ထဲမှဓား လွှတ်ကျတော့မလို ရှိသည်။

လားမားကြီး၏ အတွင်းအားမှာ ကြောက်စရာကောင်းလောက်အောင် ပြင်းထန်မှန်း ရှောင်းရီ သိလိုက်သည်။

သိုင်းစွမ်းအား ကြီးမားသော လားမားကြီးလို ပုဂ္ဂိုလ်အားခိုင်းစေနိုင်သူသည် မည်သူများပါလိမ့်ဟု ဒုတိယတိုက်ကွက်အတွက် ပြင်ဆင်ရင်း သူ အပြေးအလွှား စဉ်းစား၏။

လားမားကြီးသည် ကြားဝင်ရှုပ်သော ရှောင်းရီကို မျက်လုံးပြူးပြူးနှင့် တစ်ချက်ကြည့်ပြီး ရွှေပုတီးဖြင့် ရိုက်ချသည်။

ရှောင်းရီက ထိပ်တိုက် ရင်မဆိုင်တော့ဘဲ ရွှေပုတီးချက်ကိုခုန်ရှောင်ပြီး လားမားကြီးထံ ဓားဖြင့် ထိုးသွင်းသည်။

ရွှေပုတီးသည် ဇရပ်ကြမ်းပြင်ပေါ် အရှိန်နှင့် ကျသွားသည်။



ကြမ်းပြင်သစ်သား ဝုန်းခနဲ ကျိုးပဲ့ပြီး သစ်တို သစ်စများ လွင့်စဉ်ကုန်၏။

ရှောင်းရီ၏ ဓားချက်က လားမားကြီး၏ လည်ပင်းဆီသို့ တန်းဝင်သွားသည်။

လားမားကြီးသည် ကြီးမားသောခေါင်းကို ညာဘက်သို့ တိမ်းပြီး ရှောင်သည်။

တစ်ပြိုင်နက်တည်းပင် ဘယ်လက်ဖြင့် ဓားမြှောင်ကို ရိုက်ထုတ်လိုက်၏။

ရှောင်းရီ၏ လက်မောင်းတစ်လျှောက် ကျဉ်တက်သွားပြီး လက်ထဲမှ ဓားမြှောင် လွှတ်ကျသွားသည်။

လားမားကြီးက ဝမ်းခေါင်းသံဖြင့် အော်ဟစ်ပြီး ရှောင်းရီကို တရကြမ်း တိုက်ခိုက်သည်။

ထိုအချိန်မှာပင် မာလုံး၊ တိမ်ပျံကုန်းချို၊ ဓားစကြာဟန်ရင်တို့က လားမားကြီးအား လေးဘက် လေးတန်မှ ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ကြ၏။

လားမားကြီးသည် အော်ဟစ်ရယ်မောပြီး ရှောင်းရီတို့ကို တုံ့ပြန် တိုက်ခိုက်သည်။

ရှောင်းရိတို့မှာ လေးယောက်ပေါင်း တိုက်ခိုက်နေသည့်တိုင် လားမားကြီး အနားသို့ မကပ်နိုင်ဘဲ ရှိနေကြ၏။

လားမားကြီးအား ထိခိုက်အောင် စွမ်းဆောင်နိုင်ဖို့ နေနေသာသာ လားမားကြီး၏တိုက်ကွက် မမိအောင် မနည်းကြိုးစားနေရသည်။

လေခွဲလက်ဝါး ကွမ်ကျောက်ကူသည် သခင်မလေး လင်းလင်း အနားမှာ ရပ်ပြီး ဝင်လာသမျှ ရန်စွယ်ကို ကာကွယ်ရန် ပြင်ထားသည်။

မြင်းလှည်းသမားကြီးက ပြင်းထန်သော တိုက်ပွဲကို မကြည့်ဘဲ မီးပုံထဲသို့ ထင်းများ မပြတ်အောင် ထည့်နေသည်။

ညနက်သည်ထက် နက်လာသည်။

မီးပုံက မီးအရှိန် ကောင်းနေဆဲ။

ရှောင်းရိတို့နှင့် လားမားကြီး၏ တိုက်ပွဲကလည်း အရှိန်ကောင်းနေဆဲ။

*



လားမားကြီးအား တိုက်ခိုက်နေသော ရှောင်းရိ၏ နားထဲသို့ တိုးညင်း ပျော့ပျောင်းသည့် အသံတစ်သံ ဝင်လာသည်။

ရှောင်းရိက လားမားကြီးအား လက်ချည်း သက်သက်ဖြင့် တိုက်ခိုက်နေရင်းမှ မျက်မှောင်ကြုံ့သွား၏။

သူက အသံရှင်ကို မျက်လုံးဝေ့၍ ရှာသည်။

"လူကို ရှာမနေပါနဲ့။ ကျုပ်ပြောတာကို နားထောင်ပါ။ လားမားကြီးရဲ့ နားထင်ကို ထိအောင်ကြိုးစား"

လျှို့ဝှက်အသံဖြင့် ပြောလိုက်သည့်စကား ရှောင်းရိ နားထဲသို့ ဝင်လာသည်။

အကူအညီပေးမည့်သူတစ်ယောက် ရှိနေပြီဆိုသည့် အသိကြောင့် သူ အားတက်လာ၏။

"အတွင်းအားထုတ်ထားပြီး ကျုပ်ဆီကအားကိုလက်ခံပါ"

လျှို့ဝှက်အသံကို ဆက်ကြားရသည်။

သူက အတွင်းအားကို အမြင့်ဆုံးသို့ရောက်အောင် စုစည်းလိုက်သည့် အပူလှိုင်းတစ်လှိုင်း သူ့ကျောပေါ်သို့ ကျလာ၏။

သူ့ကိုယ်အတွင်း၌ ရုတ်ခြည်းပင် ခွန်အားတိုးပွားလာသလို ခံစားလိုက်ရသည်။

ဒါ.... အဝေးရောက်အတွင်းအားပို့ ပညာပဲ။ ဒီပညာကို လူတစ်ထောင်မှာ တစ်ယောက် မတတ်ဘူး။ ငါ့အနားမှာ ထိပ်တန်း အဆင့်ရှိတဲ့ သိုင်းပညာရှင်တစ်ယောက် ရှိနေပြီ။ ငါ ဘာကိုမှ ကြောက်နေစရာ မလိုဘူး။

ရှောင်းရိသည် အားတက်သရောနှင့် မဟူရာလက်ညှိုးသိုင်းကွက် သုံးပြီး လားမားကြီးအား တိုက်ခိုက်သည်။

သူ၏ တိုက်ခိုက်မှုမှာ စောစောကထက် ဆယ်ဆခန့်မြန်လာပြီး ဆယ်ဆခန့် အင်အားပြင်းထန်လာသည်။

ရှောင်းရိ၏ မဟူရာလက်ညှိုးက လားမားကြီးထံ အဆက်မပြတ် ဝင်သည်။

လားမားကြီး၏ ခန္ဓာကိုယ်ပေါ်ရှိ အဓိကသွေးကြော တစ်ခုပြီး တစ်ခုသို့ တိုက်ခိုက်သည်။

လားမားကြီးမှာ ထိတ်လန့်သွားပြီး ကပျာကယာ ရှောင်တိမ်း၏။

“ဟ.... ဘယ်လိုလဲ ဟေ့။ မင်း ဒါလောက် အစွမ်းမထက်ပါဘူး။ ဘာဖြစ်လို့ ချက်ချင်း ပြောင်းလဲသွားတာလဲ”





လားမားကြီးက အင်္ကျီလက်နားစကို ဝှေ့ယမ်းလိုက်သည်။

သူ၏ အင်္ကျီလက်ဖျားမှ လေပွေဝဲ တစ်ခု ပေါ်လာပြီး ရှောင်းရိတို့ထံ ရွေ့လာသည်။

ရှောင်းရိက မာန်သွင်းပေး အော်ဟစ်ပြီး လေထဲသို့ ခုန်တက်လိုက်သည်။

သူ့လက်ညှိုးချက်က လားမားကြီး၏ ဦးခေါင်းဆီသို့ စိုက်ကျသွား၏။

ဒုတ်ခနဲ ဒုတ်ခနဲ မြည်သွားသံနှင့်အတူ အားခနဲ နာနာကျင်ကျင် အော်ဟစ်လိုက်သည့် လားမားကြီး၏ အသံကို ကြားရသည်။

လားမားကြီးမှာ ဒယီးဒယိုင်နှင့် နောက်ဆုတ်သွား၏။

“ဘာဖြစ်လို့ ရပ်လိုက်တာလဲ။ ဆက်တိုက်ပါ။ သိုင်းကွက်မပြတ်စေနဲ့။ ဆက်တိုက်”

လျှို့ဝှက်အသံ ပေါ်လာပြန်သည်။

ရှောင်းရိသည် ရှေ့ကိုခုန်ထွက်ပြီး တိုက်ကွက်ထုတ်သည်။

သူ တိုက်ကွက် မထုတ်ခင် လျှပ်တစ်ပြက်မျှသော အချိန်အတွင်း လားမားကြီး၏လက် လှုပ်ရှားသွားသည်။

လားမားကြီး၏ လက်ထဲမှ ထွက်လာသော အဆိပ်အပ်တစ်ချောင်း ရှောင်းရီ လက်မောင်းကို စိုက်ဝင်သွားသည်။

ရှောင်းရီ နောက်သို့ ခုန်ဆုတ်လိုက်သည်။

လားမားကြီးကလည်း နောက်သို့ လျင်မြန်စွာ ဆုတ်ပြီး အမှောင်ထဲသို့ ဒယီးဒယိုင်နှင့် ဝင်ရောက် ပျောက်ကွယ်သွားသည်။

"ပြေးပြီ.... ပြေးပြီ"

"သူ့ကို မလွှတ်စေနဲ့"

မာလုံးနှင့် တိမ်ပျံကုန်းချီတို့၏ အော်ဟစ်သံများ ပေါ်လာသည်။

ရှောင်းရီကသူတို့နှစ်ယောက်စလုံးကို လှမ်းတားလိုက်သည်၊

သူက တစ်စုံတစ်ရာ ပြောမည်အပြုတွင် ခေါင်းထဲ၌ မိုက်ခနဲ ဖြစ်ပြီး လဲကျတော့မလို ဖြစ်လာ၏။





"အစ်ကို"

"ညီလေး ဘာဖြစ်သွားသလဲ"

"အဆိပ်.... အပ်"

ရှောင်းရီက စကားဆုံးအောင် မပြောနိုင်ဘဲ မြေပြင်ပေါ်သို့ ဝုန်းခနဲ လဲကျသွား၏။

"အစ်ကို"

မာလုံးက ရှောင်းရီအား ပွေ့ထူရန် ပြေးဝင်သည်။

ဇရပ်ပေါ်မှ တောင်ဝှေးနက်ကြီးတိုးထွက်လာပြီး မာလုံးအား တွန်းဖယ်လိုက်၏။

"သူ့ကို မထိနဲ့။ သူ အဆိပ်အပ်ထိသွားပြီ၊ ဒီအဆိပ်ကသိပ်ပြင်းတယ်။ ထိတဲ့လူပါ ဒုက္ခရောက်သွားရလိမ့်မယ်"

စကားသံနှင့်အတူ ခြုံဘွားဘွား နေရာမှထလာသည်။

ခြုံသံ တချွင်ချွင် ပေါ်လာပြီးနောက် မဟူရာတောင်ဝှေးက ရှောင်းရီ၏ လက်မောင်းပေါ်ရှိ သွေးကြောများကို ထိုးပိတ်လိုက်သည်။

အဆိပ်အပ်ကြောင့် မူးနောက် ရီဝေနေသော ရှောင်းရှိ ပျော့ခွေ ကျသွား၏။

သူ့ရင်ထဲတွင် လှိုင်းကြမ်းကြီးတစ်ခု မွှေနှောက်မနေသကဲ့သို့ ခံစားရလာသည်။

သူ၏ တစ်ကိုယ်လုံးမှာ မီးတောက်ထဲတွင် ကျနေသကဲ့သို့ တရှိန်ရှိန် ပူနေ၏။

သူ၏ မျက်လုံးအစုံ နီရဲလာလျက် မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည်။

ချိုဘွားဘွားက ရှောင်းရှိ၏ ကိုယ်ပေါ်မှ သွေးကြောများကို တောင်ဝှေးဖြင့် လျင်မြန်စွာ ထောက်သည်။

တစ်ဆက်တည်းပင် ရှောင်းရှိ၏ လက်မောင်းတွင် စိုက်ဝင်နေသော အဆိပ်အပ်ကို နုတ်လိုက်သည်။

"ဒီမှာ ကြည့်စမ်း။ ဒီအဆိပ်အပ်မှာ သုတ်လိမ်းထားတဲ့ အဆိပ်ဟာ သိပ်ကြောက်စရာ ကောင်းတယ်။ ဒီအဆိပ်ကို ဝိညာဉ်တစ်ရာနုတ် အဆိပ်လို့ ခေါ်တယ်။ အဆိပ်တွေ သူ့အသည်းနှလုံးထဲ မရောက်အောင်တော့ ထိန်းထားနိုင်ပြီ၊ သူ့အသက် မဆုံးရှုံးရအောင် ထပ်ပြီး ကြိုးစားကြရမယ်"

*



## အခန်း (၁၃)

မီးပုံမှမီးများ ငြိမ်းသေသွားပြီ....

ထွက်ပြူစ နေမင်း၏ အလင်းရောင်က တစ်လောကလုံးသို့ ပျံ့နှံ့နေ၏။

သာယာကြည်လင်သော နေ့သစ်တစ်နေ့တွင် တည်းခိုဇရပ်ပေါ်၌ ရှိနေသော လင်းလင်းတို့ လူစုသည် ငြိမ်သက်စွာ ထိုင်နေကြ၏။

ဇရပ်အလယ်တွင် ရှောင်းရှိ လဲလျောင်းနေ လျက် သားရှိသည်။

မိုးလင်းစမှနေ၍ ချိုဘွားဘွားက ဆေးမြစ် တစ်မျိုးပြီးတစ်မျိုး ကျို၍ တိုက်ကျွေးထားသော်လည်း မျက်နှာပြင်တစ်ပြင်လုံး ဖြူဖပ် ဖြူရော် ဖြစ်လျက် သတိလစ် မေ့မြောနေသည့် ရှောင်းရှိအတွက် မထူးခြားသေးပေ။

လင်းလင်းနှင့် မာလုံးတို့သည် ဖြူရော် သွေးဆုတ်နေသော မျက်နှာနှင့် သတိလစ် မေ့မြောနေဆဲဖြစ်သော ရွှောင်းရိကို စိုးရိမ်စွာ ကြည့်နေကြသည်။

ရွှောင်းရိ၏ အသက်ရှူသံမှာ တိုးလွန်းပြီး တစ်ချက် တစ်ချက် ပျောက်သွားတော့မလို ပြတ်တောက် သွားတတ်သည်၊

ခြူဘွားဘွားက ရွှောင်းရိ အနားသို့ ချဉ်းကပ်သည်။

ရွှောင်းရိ၏ သွေးကြောများကို စမ်းသပ်သည်။

ပြီး.... သူ့အင်္ကျီအိတ်အတွင်းမှ ဆေးဘူးတစ်ဘူးကို ထုတ်ယူ၍ ဘူးထဲမှ နီညိုညို ဆေးလုံးတစ်လုံး ထုတ်လိုက်သည်။

"နောက်ဆုံး ဒီဆေးနဲ့ သူ့ အသက်ကို ကယ်ရမှာပဲ၊ ဒီဆေးက တစ်လတိတိ အဆိပ်မပျံ့အောင် ထိန်းထားနိုင်တဲ့ ဆေးပါ၊ အဆိပ်ပြေအောင်တော့ မတတ်နိုင်ဘူး"

"ဒီအဆိပ်က ဘာဆေးနဲ့မှ ပျောက်နိုင်မလဲ ဘွားဘွား"

မာလုံးက စိတ်လှုပ်ရှားသံနှင့် မေးသည်။

"အဆိပ်ကို အဆိပ်နဲ့မှ နိုင်တယ်လို့ ဆေးဆရာကြီး တစ်ယောက်က ပြောဖူးတယ်။ ဝိညာဉ်တစ်ရာနတ် အဆိပ်ဟာ



ဖြေဆေးမရှိတဲ့ အဆိပ်ပဲ။ အဆိပ်သုံးသွားတဲ့ လားမားကြီးကိုယ်တိုင်က ဖြေဆေးကို မသိဘူး....။

"ဒါပေမယ့် အချိုရှိရင် အချဉ်ရှိရတယ်၊ အပူရှိရင် အအေးရှိရတယ်။ ဒီသဘောအတိုင်းပဲ အဆိပ်ရှိရင် ဖြေဆေးရှိရတယ်။ ဒီအဆိပ်ကို အဆိပ်နဲ့ဖြေမှ ရမယ်။ ငါတွေ့ဖူးသမျှ အဆိပ်တွေထဲက အပြင်းထန်ဆုံး အဆိပ်ဟာ ရေခဲတောင် မြွေနက်အဆိပ်ပဲ"

"အဲဒီအဆိပ်ကို ရေခဲတောင်မှာ သွားရှာရမှာလား ဘွားဘွား"

"ရေခဲတောင် ဘယ်နေရာမှာ သွားရှာမလဲ၊ အချိန်က တစ်လပဲရှိတယ်။ ဒီတစ်လအတွင်း ရေခဲတောင်မြွေနက်အဆိပ် မရရင် သူ့အရိုးအဆစ်တွေ တစ်ခုစီကြွေပြီး သေရလိမ့်မယ်"

ခြူဘွားဘွား၏ စကားကြောင့် မာလုံးနှင့် လင်းလင်းတို့ မျက်နှာပျက်သွားကြသည်။

လင်းလင်းမှာ သိုင်းပညာ မတတ်သကဲ့သို့ ဆေးပညာ အကြောင်းလည်း မသိသဖြင့် ရွှောင်းရိ၏ ဝေဒနာ သက်သာရေးအတွက် မည်သို့ ဆောင်ရွက်ပေးရမှန်းမသိ ဖြစ်နေသည်၊

မာလုံးမှာ သိုင်းပညာတတ်မြောက်သူဖြစ်သဖြင့် သူ တတ်စွမ်းသော ပညာနှင့် အဆိပ်ဖြေဆေးကို အရရှာမည်ဟု တွေးနေသည်။

"အခုအတိုင်းဆိုရင် ဘွားဘွားပြောတဲ့ အဆိပ်က မရနိုင်တော့ဘူးပေါ့"

"ရနိုင်ပါတယ်။ မင်းတို့ မြွေနန်းရှင်မ ဆိုတာ ကြားဖူးသလား။ ရေခဲတောင် မြွေနက်အဆိပ်က သူ့ဆီမှာပဲ ရနိုင်တယ်။ ဒါပေမယ့်"

"ဒါပေမယ့်.... ဘာဖြစ်သလဲ ဘွားဘွား"

"မြွေနန်းရှင်မရဲ့ စိတ်သဘောထားက မှန်းဆရ ခက်တယ်။ သူ့ဆီမှာရှိတဲ့ အဆိပ်ကို ပေးမယ် မပေးဘူး ဆိုတာ မသိနိုင်ဘူး။ ဘာပဲဖြစ်ဖြစ် သူ့နေရာက ဒီကနေ ခုနစ်ရက်ခရီးမှာ ရှိနေတော့ ဘွားဘွားတို့ သူ့ဆီကိုပဲ သွားရလိမ့်မယ်"

မာလုံးနှင့် လင်းလင်းတို့ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။

"ဘွားဘွားက သူနဲ့ မရင်းနှီးဘူးလား"



"ရင်းနှီးပါတယ်။ ရင်းနှီးတာနဲ့ သူက အဆိပ်ကို ပေးလိမ့်မယ်လို့ တွက်ထားရင် မှားမယ်။ ဘွားဘွား ပြောသလိုပဲ။ သူ့စိတ်က ခန့်မှန်းရခက်တော့ ပေးချင်ရင်လဲ ပေးမှာပဲ။ မပေးဘဲနေချင်ရင်လဲ နေလိမ့်မယ်"

"သူက မပေးဘူးဆိုရင် ဘယ်လိုလုပ်မလဲ ဘွားဘွား"

"မပေးရင် ရအောင်ယူရမှာပေါ့"

"သိုင်းပညာရှင်တစ်ယောက်က လိုလိုချင်ချင်နဲ့ မပေးတဲ့ ပစ္စည်းကို ရအောင်ယူမယ်ဆိုရင် သူ့ကို တိုက်ခိုက် အနိုင်ယူမှ ဖြစ်မှာ"

"ဟုတ်တယ် လူလေး။ မြွေနန်းရှင်မဟာ သိုင်းပညာ သိပ်ထက်မြက်တော့ သူ့ကို အနိုင်ယူဖို့မလွယ်ဘူး။ ဘာပဲဖြစ်ဖြစ် ဘွားဘွားတို့မှာ လုပ်စရာ ဒီတစ်လမ်းပဲ ရှိတယ်။ ဒီအတိုင်း လုပ်ရမှာပဲ"

"ဒါဆိုရင်လဲ ကျွန်တော်တို့ မြွေနန်းရှင်မရဲ့နေရာကို အမြန်ဆုံး ရောက်အောင် သွားကြရအောင်။ အဲဒီအတွက် ဘွားဘွားက ကျွန်တော်တို့ကို ကူညီမယ်ဆိုရင်"

"ဘွားဘွား ကူညီပါ့မယ်။ ဒါပေမယ့် မင်း ဘွားဘွားကို ကတိတစ်ခုတော့ ပေးရလိမ့်မယ်"

မာလုံးက မေးခွန်းထုတ်ဟန် အကြည့်ဖြင့် ခြူဘွားဘွားအား ကြည့်သည်။

"ကျွန်တော် ဘာကတိပေးရမှာလဲ ဘွားဘွား"

"ဘွားဘွားက သိုင်းပညာဖြန့်ဝေပေးတာကိုလက်ခံရမယ်"

"ဘွားဘွားရဲ့တပည့်ခံရမယ်လို့ ပြောတာလား"

"တပည့်ခံဖို့ မလိုပါဘူး။ ဘွားဘွားရဲ့ သိုင်းပညာကို အမွေဆက်ခံရင် တော်ပါပြီ"

မာလုံး တွေခနဲ ဖြစ်သွားသည်။

ဆုံးဖြတ်ရခက်ဟန်ဖြင့် သူ တစ်ခဏမျှ ငြိမ်နေသည်။

အတန်ကြာတွင် ကြမ်းပြင်ပေါ် လဲနေဆဲဖြစ်သော ရှောင်းရိအား လှမ်းကြည့်ပြီး ခေါင်းညိတ်လိုက်၏။

"ကျွန်တော်.... ဘွားဘွားပြောတာကို လက်ခံပါတယ်"

ခြူဘွားဘွား၏ မျက်နှာ ဝင်းထိန်သွားသည်။



သူက ဝမ်းသာအားရဖြစ်သွားလျက် နေရာမှ ထလိုက်၏။

သူ၏ တောင်ဝှေးပေါ်မှ ခြူလှုပ်ရှားသံ ထွက်လာသည်။

"နောက်ထပ် ဘာမှ ပြောစရာမရှိတော့ဘူး။ ဘွားဘွားတို့ သွားကြမယ်။ သူ့ကို မြင်းလှည်းပေါ်တင်ပြီး ခေါ်သွားကြတာပေါ့"

"ဟုတ်ကဲ့.... ဘွားဘွား"

လင်းလင်းက သူ့လူများဖြစ်သော တိမ်ပျံနှင့် ဓားစကြာတို့အား လှမ်းကြည့်လိုက်သည်။

သူတို့က ရှောင်းရိကို ခေါင်းမှတစ်ယောက် ခြေထောက်မှ တစ်ယောက် မပြီး ဇရပ်ရှေ့တွင် ရပ်ထားသော မြင်းလှည်းပေါ် တင်သည်။

"သမီး သူနဲ့အတူ မြင်းလှည်းထဲက လိုက်ခဲ့ပါ။ လူလေးလဲ သူ့ဘေးမှာနေပါ။ ဘွားဘွားတို့ မြွေနန်းရှင်မဆီကို သွားကြမယ်"

*

မြေနန်းရှင်မထံသွားသည့် လမ်းမှာ ကြမ်းတမ်းလွန်းလှ၏။

ကျောက်တောင်များကို ဖြတ်၊ နွံအိုင်များကို ကျော်နှင့် သုံးရက်တိုင်တိုင် ကုန်းလမ်းအတိုင်းသွားပြီးနောက် မြစ်ဆိပ် တစ်ခုသို့ ရောက်သည်။

ခုနစ်ရက်မျှ သွားရမည့်ခရီးတွင် သုံးရက် အချိန်ကုန်သွား ခဲ့ပြီ။

ကျန်လေးရက်မှာ ရေလမ်းခရီးဖြစ်၍ လင်းလင်းက တိမ်ပျံ ကုန်းချီအား ရွက်လှေတစ်စင်းငှားရန် စေခိုင်းလိုက်သည်။

တိမ်ပျံကုန်းချီက တစ်နေကုန် မြစ်ကမ်းတစ်လျှောက် ရှာ ဖွေပြီး ညနေစောင်းကျမှ အငှားလိုက်မည့် ရွက်လှေကို တွေ့ရ သည်။

ရွက်လှေမှာ မြစ်ကြောင်းအတိုင်းသွားရန် အလွန် သင့် လျော်သော ရွက်လှေဖြစ်၏။

လှေထိုးသား ခုနစ်ယောက်ပါပြီး လှေသူကြီး အပါအဝင် လူရှစ်ယောက်မျှ ရှိသည်ဆိုသဖြင့် တိမ်ပျံကုန်းချီက မဆုံးဖြတ် တတ်ဘဲ သူ့သခင်မလေး လင်းလင်းအား တစ်ခေါက် ပြန် မေးသည်။



လူ အနည်းအများထက် ရွက်လှေရရန်က အဓိက ဖြစ်သဖြင့် လင်းလင်းက ပြောသည့်ဈေးအတိုင်း ငှားရန် ခိုင်းလိုက်သည်။

တိမ်ပျံကုန်းချီ ရွက်လှေ ငှားရမ်းပြီးသောအခါ ရွှောင်းရိ အား ရွက်လှေပေါ်တင်၍ သီးသန့်အခန်း တစ်ခန်းတွင် ထား သည်။

အခန်းထဲတွင် လူနာစောင့်တစ်ယောက် နေပြီး ကျန်လူ များက ရွက်လှေ ကုန်းပတ်ပေါ်မှ လိုက်ရန် စီစဉ်၏။

သို့သော် ရွက်လှေက ညတွင်းချင်း မထွက်နိုင်ဘဲ နောက် တစ်နေ့ မိုးလင်းမှပင် မြစ်ကြောင်းအတိုင်း စုံဆင်းခဲ့သည်။

လင်းလင်းသည် ပြင်ပသို့မထွက်ဘဲ ရွှောင်းရိ ရှိနေသော သီးသန့်ခန်းတွင်သာ နေသည်။

မာလုံးက အပြင်ထွက်လိုက်၊ အခန်းထဲ ဝင်လာလိုက်နှင့် လှုပ်ရှားသွားလာနေ၏။

ပထမနေ့တွင် လေရသဖြင့် ရွက်လှေက ရွက်စုံဖွင့်ပြီး မြစ် ကြောင်းအတိုင်း စုန်ဆင်းသည်။

ရေစုန် လေစုန်မို့ ရွက်လှေ၏ အသွားနှုန်းက အလွန် လျင်မြန်နေ၏။

နေ့လယ်စာ စားပြီးချိန်တွင် လင်းလင်းနှင့် မာလုံးတို့ နှစ်ယောက် စလုံး ရှောင်းရီ၏ ဘေးတွင် ရှိနေကြသည်။

သူတို့က အသက်မှန်မှန်ရှူပြီး အိပ်မောကျနေသကဲ့သို့ ရှိသော ရှောင်းရီအား ခင်မင်ကြင်နာစွာ ကြည့်နေကြ၏။

"ခြူဘွားဘွား ပြောတဲ့အတိုင်း မြွေနက် အဆိပ်ရရင် အစ်ကို့ အဆိပ်ဝေဒနာကို ကုနိုင်မှာ အမှန်ပဲလား။ အဆိပ်ကို အဆိပ်နဲ့ ကုမယ်ဆိုတာ မမ စိတ်ထဲမှာ တစ်မျိုးပဲ"

စိုးရိမ်စိတ်၊ ပူပန်စိတ်ဖြင့် ပြောနေသော လင်းလင်းအား မာလုံးက နှစ်သိမ့်ဟန်ဖြင့် ပြုံးပြသည်။

"ခြူဘွားဘွားဟာ အတွေ့အကြုံကြွယ်ဝတဲ့ သိုင်းပညာရှင် တစ်ယောက်ပဲ။ အခုလို အဆိပ်မိတာမျိုးကို သူ မကြာခဏ တွေ့ဖူးမှာပါ။ ဒါမျိုးကို ဘယ်လိုကုရတယ်ဆိုတာ သူလိုလူမှ မသိရင် တခြား ဘယ်သူမှ မသိနိုင်ပါဘူး"

"မမက အစ်ကို့ ဝေဒနာ ပျောက်စေချင်လွန်းလို့ မေးတာပါ။ ခြူဘွားဘွားကို မယုံလို့ မဟုတ်ပါဘူး။ မမက သိုင်းပညာလဲ မတတ်၊ ဆေးပညာလဲ မတတ်တော့ အဆိပ် အကြောင်း ဘာမှ မသိဘူး။ အဆိပ်နဲ့လဲ မရင်းနှီးဘူး။ အစ်ကို က မမအတွက် တိုက်ခိုက်ရင်း အခုလို ဖြစ်သွားတာဆိုတော့





အစ်ကို တစ်ခုခု ဖြစ်သွားရင် မမ တစ်သက်လုံး စိတ်ဆင်းရဲရ လိမ့်မယ်"

မာလုံးက လင်းလင်း၏ လက်ဖဝါးနုလေးကို ဆုပ်ကိုင် လိုက်သည်။

လင်းလင်း၏ လက်မှာ စိတ်လှုပ်ရှားလွန်းသဖြင့် အေးစက် နေ၏။

"ဒါကတော့ မလွှဲမရှောင်သာ ဖြစ်သွားတာပဲ။ မမက အစ်ကို့ကို ဒီလိုဖြစ်ပါစေတော့ဆိုပြီး တမင် လုပ်ထားတာမှ မဟုတ်တာ။ အစ်ကို ကိုယ်တိုင်ကလည်း သူ့ကိုယ်သူ ဒီလို ဖြစ်လိမ့်မယ်လို့ ထင်ထားပုံ မရဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်တော် တို့ အစ်ကို့အတွက် အစွမ်းကုန် ကြိုးစားကြရမှာပဲ"

ရှောင်းရီအတွက် သောကရောက်ရလွန်းသဖြင့် လင်းလင်း ၏ မျက်လုံးအစုံတွင် မျက်ရည်စိုင်းနေသည်။

"အစ်ကို့ကို ခြူဘွားဘွားက အဆိပ်ထိန်းဆေး တိုက် ထားတဲ့အတွက် ကျေးဇူးတင်ရမှာပဲ။ နဂိုအတိုင်းသာဆိုရင် နေ့လား ညလားဆိုပြီး စိတ်ပူနေရမယ်၊ ပြီးတော့ အစ်ကို့ကို ထိချင် ကိုင်ချင် ပြုစုချင်လို့မှ ပြုစုလို့ရမှာ မဟုတ်ဘူး"

"ခြူဘွားဘွားက အခု ထိလို့ ကိုင်လို့ ရပြီလို့ ပြောထား သားပဲ"

"ဟုတ်ပါတယ်၊ အဲဒါကြောင့် တော်သေးတယ်လို့ ပြော တာပေါ့၊ မဆီမဆိုင် ဝင်ကူညီတဲ့ ခြူဘွားဘွားကို ကျေးဇူး တင်ရမယ်"

သူတို့ စကားပြောနေစဉ် ရွှောင်းရှိ၏ နဖူးပြင်ပေါ်၌ အမည်းရိပ် တစ်ရိပ် ပေါ်လာသည်ကို တွေ့လိုက်ရ၏။

မျက်ခုံးနှစ်ခုကြား နှာတံ အပေါ်တည့်တည့်တွင်ရှိသော အမည်းရိပ်သည် ပျောက်ကွယ်သွားခြင်း မရှိသကဲ့သို့ ကြီးထွား လာခြင်းလည်း မရှိချေ။

အပြင်ဘက်သို့ ကြည့်သာရုံမြင်သာရုံ ဟပြီး တိုက်ပွဲအခြေ အနေကို ကြည့်သည်။

"မောင်လေး.... အစ်ကို့ နဖူးပေါ်မှာ အမည်းရိပ်ပေါ်နေ တယ်။ ခြူဘွားဘွားကို ခေါ်ပြရင် ကောင်းမယ်ထင်တယ်"

"ဟုတ်သားပဲ.... ခြူဘွားဘွား တိုက်ထားတဲ့ အဆိပ်ထိန်း ဆေးအစွမ်း မပြတော့ဘူးလား မသိဘူး"





မာလိုးက စိတ်ပျက်လက်ပျက် ရေရွတ်ရင်း ထိုင်နေရာမှ ထသည်။

သူက သီးသန့်ခန်းထဲမှထွက်ပြီး အပြင်ဘက် ကုန်းပတ် ပေါ်တွင် ရှိနေသော ခြူဘွားဘွားအား အကျိုးအကြောင်း ပြောပြလိုက်သည်။

ခြူဘွားဘွား နေရာမှ ရုတ်တရက်ထပြီး ရွှောင်းရှိ ရှိနေ သည့် အခန်းထဲသို့ ဝင်ခဲ့လေသည်။

"ကြည့်ပါဦး ဘွားဘွား.... အစ်ကို့ နဖူးမှာ အမည်းရိပ် ပေါ်နေတယ်၊ အဆိပ်ထိန်းဆေး အာနိသင် မရှိတော့ဘူး ထင်တယ်"

ခြူဘွားဘွားသည် ရွှောင်းရှိ၏ လက်ကောက်ဝတ်ကို သွေး စမ်းကြည့်သည်။

ပြီး.... အမည်းကွက်ထင်လာသည့် နေရာကို ငုံ့ကြည့်၏။

"အမည်းကွက်ပေါ်လာတာ အဆိပ်တွေ လာစုနေလို့ပဲ၊ ဒီအမည်းကွက်ပျောက်အောင် ကုနိုင်ရင် သူ့ အဆိပ်မိနေတာ ပျောက်ပြီ"

"အခု အစ်ကို့အတွက်စိုးရိမ်စရာမရှိဘူးလား ဘွားဘွား"

ခြူဘွားဘွားက ခေါင်းညိတ်ပြသည်။

သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"စိုးရိမ်စရာမရှိပါဘူး၊ အခုအတိုင်းပဲ သူ အိပ်မောကျနေမှာပါ"

ခြူဘွားဘွားက နှစ်သိမ့်ဟန်ဖြင့် ပြောသည်။

စကားပြောရင်းနှင့် သူက ရှောင်းရီအား အကြောပြုပြင်ပေးလိုက်သည်။

ပြီး.... သူက အပြင်ထွက်ရန် နေရာမှ ထလိုက်၏။

သီးသန့်ခန်း တံခါးဝသို့ သူ အရောက်တွင် အပေါ်မှ အော်ဟစ်ငေါက်ငန်းသံ တိုက်ခိုက်သံများကို ကြားရသည်။

ခြူဘွားဘွားက လင်းလင်းတို့အား ထားခဲ့ပြီး ကုန်းပတ်ပေါ်သို့ တက်လိုက်လေသည်။



# အခန်း (၁၄)

မာလုံးသည် အပြင်ဘက်မှအသံများကို နားထောင်ရင်း အခန်းထဲတွင် နေနေရကောင်းနိုး အပြင်ထွက်ရကောင်းနိုးနှင့် ဝေခွဲမရ ဖြစ်နေ၏။

အပြင်ဘက်မှ မာန်သွင်းအော်ဟစ်သံ တိုက်ခိုက်သံတို့ ပို၍ဆူညံလာသည်။

ခြူဘွားဘွား၏ ခြူသံကို မပြတ်ကြားရ၏။

မာလုံး၏ စိတ်ထဲတွင် မရိုးမရွ ဖြစ်လာ၏။

ကုန်းပတ်ပေါ်မှ တိုက်ပွဲအခြေအနေကို ကြည့်ချင်စိတ်က ထိန်းမနိုင် သိမ်းမရ ပေါ်လာသည်။

ထို့ကြောင့် သူက လင်းလင်းအား လှမ်းကြည့်ပြီး....

"ကျွန်တော် အပြင်ကို ခဏထွက်ကြည့်မယ် မမ"

မာလုံး၏ စကားကြောင့် လင်းလင်း၏ မျက်နှာလေး အိုစာသွားသည်။

သူက ခေါင်းကို မညိတ်ချင် ညိတ်ချင်နှင့် ညိတ်လိုက်၏၊

မာလုံးက အိပ်မောကျနေသကဲ့သို့ရှိသော ရှောင်းရိအား တစ်လှည့်၊ မျက်နှာပျက်နေသော လင်းလင်းအား တစ်လှည့် ကြည့်ပြီး သက်ပြင်းချလိုက်၏။

"ကျွန်တော် အပြင်ထွက်ပြီး မကြည့်ပါဘူး မမ။ တံခါးကို ဟရုံလေး ဟပြီး ကြည့်မှာပါ။ အပြင်မှာ ဘာတွေဖြစ်နေသလဲဆိုတာ ကျွန်တော် သိပ်သိချင်တယ်"

"အပြင်ကိုမထွက်ဘဲ ကြည့်ရင်တော့ ကောင်းပါတယ်၊ ကြည့်ပါ မောင်လေး"

"စိတ်ချပါ မမ.... ကျွန်တော် အပြင်မထွက်ပါဘူး"

မာလုံးက နေရာမှ လျင်မြန်စွာ ထသည်။

တံခါးရှိရာသို့လျှောက်သွားပြီး တံခါးကို ဖွင့်လိုက်သည်၊





အပြင်ဘက်သို့ကြည့်သာရုံ မြင်သာရုံ ဟပြီး တိုက်ပွဲအခြေအနေကိုကြည့်သည်။

ကုန်းပတ်ပေါ်တွင် အပြန်အလှန်တိုက်ခိုက်နေသော တိမ်ပျံကုန်းချီနှင့် လှေထိုးသား တစ်ယောက်တို့အား တွေ့ရသည်။

လှေထိုးသားက တင်းပုတ်ကြီးဖြင့် တိမ်ပျံကုန်းချီအား တိုက်ခိုက်နေသည်။

တိမ်ပျံကုန်းချီသည် ဓားတစ်လက်ဖြင့် လှေထိုးသားအား လျင်မြန်သွက်လက်စွာ ခုခံတိုက်ခိုက်နေသည်။

ရှက်လှေ ကုန်းပတ်ပေါ်တွင် ခုန်ပျံ ပြေးလွှားနေသော လူရိပ်တစ်ရိပ်ကို တွေ့ရသည်။

လျင်မြန်စွာ ရွေ့လျားနေသော အစိမ်းရောင် လူရိပ်က လှေထိုးသားများအား တရကြမ်း တိုက်ခိုက်နေ၏။

ထိုလူရိပ်မှာ ခြုဘွားဘွားဖြစ်ပြီး ပြေးလွှားတိုက်ခိုက်နေစဉ် ခြုံသံတချွင်ချွင်နှင့် မြည်နေ၏။

"အပြင်မှာ ဘယ်သူတွေနဲ့ တိုက်ခိုက်နေတာလဲ မောင်လေး"

"လှေထိုးသားတွေနဲ့ တိုက်ခိုက်နေတာပါ။ လှေထိုးသားတွေက အကောက်ကြံလို့ ပြန်တိုက်ခိုက်နေတာ ဖြစ်မယ်"

မာလုံးက လင်းလင်းအားပြောပြီး တံခါးပြန်ပိတ်မည်အပြု တွင် အခန်းရှိရာသို့ ပြေးလာနေသော လှေသူကြီးကို တွေ့ရသည်။

လှေသူကြီး၏လက်ထဲတွင် ပုဆိန်တစ်လက် တယမ်းယမ်းနှင့် ပါလာ၏။

မာလုံးက အပြင်သို့ ဖျတ်ခနဲ ထွက်ပြီး အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။

ပြီး.... ပြေးလာနေသော လှေသူကြီးထံခုန်ဝင်၍ ပြင်းထန်သော တိုက်ကွက်များဖြင့် တိုက်ခိုက်သည်။

လက်ညှိုးတောက်ချက် တစ်ချက်ကြောင့် လှေသူကြီး၏ လက်ထဲမှ ပုဆိန် လွတ်ကျသွားသည်။

မာလုံးက လှေသူကြီး၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

လှေသူကြီးနောက်သို့ယိုင်သွားစဉ်ခြုံလှုပ်သံနှင့်တောင်မှေးနက်၏ ရိုက်ချက် လှေသူကြီးပေါ်သို့ ကျလာ၏။



ဘုံးခနဲ မြည်သွားသံနှင့်အတူ လှေသူကြီး ကုန်းပတ်ပေါ် မှောက်ကျသွားသည်။

မာလုံးက ပိတ်ထားသည့် တံခါးကို ဖွင့်ပြီး အခန်းထဲသို့ ပြန်ဝင်သည်။

အထိတ်တလန့်အမူအရာနှင့်ကြည့်နေသော လင်းလင်းအား အားပေးပြုံး ပြုံးပြပြီး....

"လှေထိုးသားတွေ အရေးနိမ့်ကုန်ပါပြီ၊ ကြောက်စရာမလို တော့ပါဘူး မမ"

မာလုံး၏ စကားကြောင့် လင်းလင်း အသာအယာ ပြုံးလိုက်သည်။

"ရန်သူတွေက အသက်ရန်ရှာလာကြမှာကို မမ မကြောက်ပါဘူး။ အဆိပ်ဝေဒနာနဲ့ မထနိုင်တဲ့ အစ်ကို့အတွက် စိုးရိမ်လို့ပါ။ ရန်သူတွေ ရောက်လာပြီး တိုက်ကြ ခိုက်ကြတဲ့အခါ မမ ဘာမှ စာတ်နိုင်တာ မဟုတ်ဘူး

"ရန်သူနဲ့ တိုက်ခိုက်ဖို့က ကျွန်တော့် တာဝန်ပါ၊ ရန်သူဟာ ကျွန်တော့်ကို သတ်သွားနိုင်မှ အစ်ကို့ဆီကို ရောက်လိမ့်မယ်၊ ကျွန်တော် မသေသေးသမျှ အစ်ကို့ကို လက်ဖျားနဲ့တောင် မတို့စေရဘူး"

ခိုင်မာသောဆုံးဖြတ်ချက်နှင့် ပြောရင်း မာလုံးက ရှောင်းရှိ အနီးတွင် ထိုင်ချလိုက်သည်။

သွေးဆုတ် ဖြူဖျော့နေဆဲဖြစ်သော ရှောင်းရှိ၏ မျက်နှာကို ဖျတ်ခနဲ တစ်ချက် လှမ်းကြည့်သည်။

ရှောင်းရှိ၏ မျက်ခုံးနှစ်ခုကြားမှ အမည်းကွက်သည် သေးမှိန်သွားခြင်း မရှိသလို ကြီးထွားလာခြင်းလည်း မရှိဘဲ နဂို အတိုင်း ရှိနေသည်ကို တွေ့ရ၏။

အပြင်ဘက်မှ ဆူညံလှုပ်ရှားနေသံများ ငြိမ်သွားသည်၊

တစ်ခဏအကြာတွင် တံခါးခေါက်သံ ပေါ်လာသည်၊

“ဘယ်သူလဲ”

“တံခါးဖွင့်ပါ လူလေး၊ အပြင်မှာ ဘာအန္တရာယ်မှ မရှိ တော့ပါဘူး”

မာလုံးက ထိုင်နေရာမှ ထပြီး တံခါးဖွင့်ပေးလိုက်သည်၊

ဖြူဘွားဘွားသည် ထောင်ဝှေးသံ တဒေါက်ဒေါက် မြည် တချွင်ချွင်နှင့် အခန်းထဲသို့ ဝင်လာသည်။



“လှေထိုးသားတွေက အမှောင်လောကသားတွေ ထင်တယ်။ သူတို့က ဘာရည်ရွယ်ချက်နဲ့ တိုက်ခိုက်ကြတာလဲ မသိဘူး”

“သခင်မလေးကို ဖမ်းဆီးဖို့ ကြံကြတာပေါ့၊ ရန်သူတွေ သခင်မလေးနောက်ကို သဲသဲမဲမဲ လိုက်နေပုံထောက်ရင် သူတို့မှာ အကြံအစည် ကြီးကြီးမားမားတစ်ခု ရှိလိမ့်မယ်၊ အဲဒီ အကြံအစည်အတွက် သခင်မလေးကို ဖမ်းဖို့ကြိုးစားကြတာပဲ”

“သူတို့အထဲက ဖမ်းမိတဲ့လူ မရှိဘူးလား ဘွားဘွား၊ ဖမ်းမိတဲ့ လူကို စစ်ဆေးလိုက်ရင် နောက်ကွယ်ကနေ ဘယ်သူ ခိုင်းနေသလဲဆိုတာ သိရမှာပဲ”

“လှေသူကြီးကို ဖမ်းမိထားလို့ တိမ်ပျံကုန်းချီက စစ်မေးနေတယ်။ လူလေး သွားကြည့်လိုက်ပါဦး”

မာလုံးက ခေါင်းညိတ်ပြပြီး နေရာမှထ၍ အခန်းအပြင်သို့ ထွက်ခဲ့သည်။

အပြင်တွင် တိမ်ပျံကုန်းချီက လှေသူကြီးကို စစ်မေးနေလျက် တွေ့ရသည်။

"မင်းကို ဘယ်သူက ခိုင်းလိုက်သလဲဆိုတာ မှန်မှန်ပြောပါ။ ငါမေးတာ မဖြေရင် မင်း တစ်သက်လုံး ဒုက္ခိတဖြစ်သွားအောင် အကြောတွေ ဖြတ်ပစ်မယ်"

လှေသူကြီးသည် အဖြေမပေးဘဲ တိမ်ပျံကုန်းချွံအား စူးလက် တောက်ပသော အကြည့်ဖြင့် ကြည့်သည်။

သူ၏ နှုတ်ခမ်းအစုံ ပြုံးယောင်ယောင် တွန့်ကွေးလာစဉ် မာလုံးက အနားသို့ ခုန်ဝင်လိုက်၏။

"မလုပ်နဲ့"

မာလုံးက အော်ဟစ်တားဆီးပြီး လှေသူကြီး၏ ပါးပြင်ကို ဖျန်းခနဲ ရိုက်လိုက်သည်။

လှေသူကြီးက အပြုံးမပျက် မာလုံးအား ကြည့်သည်။

တင်းတင်းစေ့ထားသည့် သူ့နှုတ်ခမ်း ဖြည်းညင်းစွာ ပွင့်လာပြီး....

"မင်း ကျုပ်ကို မတားနိုင်ပါဘူး"

လှေသူကြီးက ပြောပြီး ရယ်လိုက်သည်။





ရယ်နေရင်း သူ့ပါးစပ်မှ အမြှုပ်များ ထွက်လာပြီး ဇက်ကျိုးကျသွား၏။

မာလုံးသည် လှေသူကြီးအား အံ့ဩတုန်လှုပ်စွာကြည့်သည်။

လှေသူကြီး၏ မျက်နှာမှာ တဖြည်းဖြည်း အမည်းရိပ်များ သန်းလာသည်ကို တွေ့ရ၏။

"သူက ပါးစပ်ထဲမှာ ငုံထားတဲ့ အဆိပ်ဆေးကို ဝါးစားပြီး သူ့ကိုယ်သူ အသေခံလိုက်သည်။

အဆိပ်က ဘယ်လောက် အစွမ်းထက်သလဲဆိုရင် ဘာဝေဒနာမှတောင် ခံစားရပုံ မပေါ်ဘူး။

သစ္စာဖောက်ရင် သေတာထက်ဆိုးတဲ့ အပြစ်ပေးခံရမှာမို့ သူ့ကိုယ်သူ အသေခံလိုက်တာပဲ။

'အဲဒီနောက်ကွယ်က လူဟာ ဘာရည်ရွယ်ချက်နဲ့ မမလင်းလင်းကို ဖမ်းဆီးချင်နေတာလဲ မသိဘူး"

လှေသူကြီး ဖော်ကောင်လုပ်ရမှာ ကြောက်ပြီး သူ့ကိုယ်သူ သတ်သေလိုက်တာကိုကြည့်ရင် နောက်ကွယ်က ခိုင်းနေတဲ့ လူဟာ သူ့ကို ဘယ်သူဘယ်ဝါလို့ မသိအောင် အစီအစဉ်တွေ လုပ်ထားပုံ ရသည်။

"ဒီလူတွေဟာ သခင်မလေးကို ဖမ်းပြီး မြို့စားကြီးဆီ စာပို့ ခြိမ်းခြောက်မယ် ထင်တာပဲ။ ငွေလိုချင်လို့ လုပ်တာတော့ မဟုတ်ဘူး။ တခြား အကြောင်းတစ်ခုကြောင့် ဖြစ်လိမ့်မယ်"

"သူ့မှာ ဘာအကြောင်းရှိရှိ ကျွန်တော်တို့က မမ လင်းလင်းနဲ့ အစ်ကို ရှောင်းရိတို့ကို အသက်ရင်းပြီး စောင့်ရှောက်ရမှာပဲ"

"မြေနန်းရှင်မက စိမ်းစိုစိုကျွန်းမှာ နေတယ်။ သူနေတဲ့ ကျွန်းကို ပင်လယ်ခရီး နှစ်ရက်သွားပြီးမှ ရောက်နိုင်တယ်။ အခု ဆိုရင် ငါတို့ ရေလမ်းခရီးက လာတာ ငါးရက် ရှိသွားပြီ၊ ဒီနေ့ပဲ ပင်လယ်ထဲကို ဝင်ရမယ်"

ခြူဘွားဘွားက စကားပြောအပြီးတွင် ပွဲစင်ရှိရာသို့ ထသွားသည်။

ပွဲထိန်းအဖြစ် တာဝန်ယူနေသော ခေါ်းစကြာဟုန်ရင်နှင့် စကားရပ်ပြောပြီး ပင်လယ်ထဲသို့ ဝင်ရမည့် လမ်းကို ညွှန်ပြသည်။

တစ်ဆက်တည်းပင် ပင်လယ်ထဲသို့ ရောက်သည်နှင့် ဦးတည်ရမည့် အရပ်ကို ပြော၏။



ခေါ်းစကြာ ဟုန်ရင်သည် ကျွန်းနန်မြို့စား လက်အောက်တွင် လူယုံ သိုင်းသမားအဖြစ် အမှုထမ်း နေ သော် လည်း ကျွမ်းကျင်သည့် ပွဲကိုင်တစ်ဦး ဖြစ်၏။

သူက လှေသင်္ဘောတို့တွင် အမှုထမ်းလိုစိတ် မရှိသဖြင့် လူယုံ သိုင်းသမားဘဝ၌ ကျင်လည်နေခြင်း ဖြစ်၏၊

ခြူဘွားဘွားက ခေါ်းစကြာ ဟုန်ရင်အား မှာကြားပြောဆိုပြီးနောက် မာလုံးနှင့် လင်းလင်းတို့ ထိုင်နေရာသို့ ပြန်လျှောက်လာသည်၊

ရှောင်းရိအား စောင့်ရှောက်ရင်း အခန်းအပြင်သို့ မထွက်ဘဲ နေသော လင်းလင်းမှာ အညောင်းအညာ ပြေစေရန် အပြင်ထွက်ပြီး ခေတ္တခဏ ထိုင်နေစဉ် စိတ်ဖြောင့်ဟန်မတူဘဲ အခန်းဘက်သို့ မကြာခဏ လှမ်းလှမ်းကြည့်နေ၏။

မာလုံးက လင်းလင်း စိတ်မချနိုင် ဖြစ်နေသည်ကို နားလည်သဘောပေါက်လျက် ပြုံးသည်။

"နောက်နှစ်ရက်ဆိုရင် အစ်ကို့ဝေဒနာကို ကုနိုင်တဲ့နေရာ ရောက်တော့မယ်၊ ဝေဒနာ ပျောက်သွားရင် ကျွန်းနန်ကို ဆက်သွားကြမှာ မဟုတ်လား"

လင်းလင်းက အိပ်ခန်းရှိရာသို့ ဖျပ်ခနဲ လှမ်းကြည့်ပြီး ခေါင်းညိတ်ပြသည်။

"ကျွန်းနန်ကိုရောက်မှပဲ မမတို့ အန္တရာယ်ကင်းမယ် ထင်တယ်"

လင်းလင်း၏ စကားကို နားထောင်ရင်း အခန်းဘက်မှ ပေါ်ထွက်လာသည့် အသံကြောင့် မာလုံး ဆတ်ခနဲ ဖြစ်သွားသည်။

"ဘာလဲ မောင်လေး.... ဘာဖြစ်လို့လဲ"

"အခန်းထဲက အသံကြားလို့"

မာလုံးက နေရာမှ ကပျာကယာထရင်း ပြောသည်၊

လင်းလင်းသည် စိုးရိမ်စိတ်ဝင်သွားပြီး မာလုံးနှင့် အတူ နေရာမှ ထ၏။

သူတို့နှစ်ယောက် အိပ်ခန်းအတွင်းသို့ အပြေးအလွှားဝင်ခဲ့စဉ် သူတို့ထံသို့ လျှောက်လာနေသော ခြူဘွားဘွားက ထူးခြားမှုကို သတိပြုမိလျက် နောက်မှ လိုက်လာခဲ့သည်။





တစ်ပတ်ခန့် အိပ်မောကျနေသော ရှောင်းရီ၏ ညည်းသံကို ကြားရသည်။

ခုတင်ပေါ်တွင်ရှိနေသော ရှောင်းရီ၏ကိုယ် တဆတ်ဆတ်တုန်ပြီး ဟဟင်းဟင်းနှင့် ညည်းနေ၏။

"အစ်ကို"

"အစ်ကို"

မာလုံးနှင့် လင်းလင်းတို့ နှစ်ယောက်စလုံး ရှောင်းရီအား စိုးရိမ်တကြီး ခေါ်လိုက်သည်။

ရှောင်းရီက မထူးဘဲ ညည်းမြဲညည်းနေ၏၊

"လူလေး ခဏဖယ်စမ်း ဘွားဘွား သူ့ကိုကြည့်မယ်"

အခန်းထဲသို့ရောက်လာသော ခြူဘွားဘွားက ရှောင်းရီ၏ အခြေအနေကို လှမ်းကြည့်ရင်း ရှေ့တိုးလာသည်၊

မာလုံး ဘေးဖယ်ပေးလိုက်သည်နှင့် သူက ရှောင်းရီ၏ လက်ကောက်ဝတ်သွေးကြောကို စမ်းသည်။

လှိုက်ဖိုလှုပ်ရှားနေသော ရှောင်းရီ၏ ရင်ဘတ်ကို ဖိသည်၊

"ချမ်းတယ်.... ချမ်းတယ်"

ညည်းညူလိုက်သော ရှောင်းရီ၏အသံ မပီမသနှင့် ပေါ်ထွက်လာ၏။

ခြူဘွားဘွားက မျက်ရိပ်ပြသဖြင့် မာလုံးနှင့် လင်းလင်းတို့သည် ရှောင်းရီ ကိုယ်ပေါ်သို့ စောင်များ ထပ်ပြီး ခြုံပေးသည်။

သို့သော် ရှောင်းရီမှာ တဆတ်ဆတ်တုန်လျက် ညည်းမြဲညည်းနေ၏။

"အဆိပ်တွေ လူကိုယ်ထဲမှာ လှုပ်ရှားရင်း အခုလိုပဲ တုန်နေအောင် ချမ်းတတ်တယ်။ သူ့ကို ကိုယ်ငွေ့ပေးမှ နွေးပြီး ဝေဒနာသက်သာလိမ့်မယ်။ လူလေးမာလုံး မင်း စောင်ခြုံထဲ ဝင်ပြီး သူ့ကို ဖက်ထားစမ်းပါ။ ယောကျ်ား အချင်းချင်း ကိုယ်ငွေ့နဲ့ နွေးအောင် လုပ်ပေးနိုင်တာပဲ"

ခြူဘွားဘွားက တိုက်တိုက်တွန်းတွန်းနှင့် ပြောသည်။

မာလုံးသည် ခပ်ကြောင်ကြောင်အမူအရာနှင့် ခြူဘွားဘွားအား ကြည့်၏။





"မင်း.... ဘွားဘွားကို ဘာကြည့်နေတာလဲ၊ စောင်ခြုံထဲကို ဝင်လေ"

"ဟုတ်သားပဲ.... ဒီအခန်းထဲမှာ ယောကျ်ားလေး ဆိုလို့ မောင်လေးတစ်ယောက်တည်း ရှိတာ၊ အစ်ကို့ကို မင်းပဲနွေးအောင် လုပ်ပေးပါ"

"ကျွန်တော် အစ်ကို့ကို နွေးအောင် လုပ်ပေးချင်ပါတယ်၊ ဒါပေမယ့် တခြားလူတစ်ယောက်နဲ့ အသားချင်းထိရင် မနေတတ်ဘူးဗျ"

မာလုံးက နေရာမှ မရွေ့ဘဲ ပြောသည်၊

ခြူဘွားဘွားသည် မာလုံးအား မျက်မှောင်ကြုံ့လျက်ကြည့်ပြီး....

"အအေးလွန်သွားရင် သူ့ သွေးကြောတွေပိတ်ပြီး ဒုက္ခရောက်သွားနိုင်တယ်။ မင်း သူ့ကို မကူညီချင်ဘူးလား"

စိတ်မရှည်တော့ဟန်နှင့် ခြူဘွားဘွားက ခပ်ထန်ထန်မေးလိုက်သည်။

တွေတွေဝေဝေဖြစ်နေသော မာလုံးမှာ ဆတ်ခနဲ ခေါင်းညိတ်လိုက်ပြီး....

"ကိုယ်ငွေ့ပေးဖို့ ဒါလောက် အရေးကြီးမှန်း ကျွန်တော် မသိလို့ပါ"

သူက ခုတင်ပေါ်တက်ပြီး စောင်ခြုံထဲဝင်၍ ရှောင်းရီအား ဖက်ထားလိုက်သည်။

ရှောင်းရီသည် အတန်ကြာသည်ထိ တဆတ်ဆတ်တုန်ပြီး ညည်းနေ၏။

မာလုံးက တင်းတင်းကြီး ဖက်ထားသည်။

တဖြည်းဖြည်းနှင့် ချမ်းတုန်နေခြင်း ပျောက်သွားသလို ရှောင်းရီ၏ နှုတ်မှ ညည်းသံလည်း ပျောက်သွားလေ၏။

*



အခန်း (၁၅)

နူးညံ့နွေးထွေးသော အထိအတွေ့ကို ရှောင်းရီ သတိပြုမိသည်။

အေးစက်တုန်ယင်သော သူ၏ ခန္ဓာကိုယ် တဖြည်းဖြည်း နွေးထွေးလာ၏။

အရိုးထဲထိ စိမ့်ဝင်အေးစက်နေသည့် အအေးဓာတ် လျော့ပါးသွားသည်။

သူသည် သတိပြန်မရသေးဘဲ မူးရိပ်မူးဝေရှိနေဆဲ ဖြစ်၏။

ရှက်လှေ တစ်စီးပေါ်သို့ သူ ရောက်နေသည်ကိုလည်းကောင်း၊ အခန်းတစ်ခန်းထဲတွင် မာလုံး လင်းလင်းတို့နှင့်အတူ ရှိနေသည်ကို လည်းကောင်း မသိပေ။

နွေးထွေးခြင်းကြောင့် သူ ပြန်လည်အိပ်ပျော်သွား၏။

အိပ်ပျော်နေစဉ် ကြည်နူးစရာကောင်းသော အိပ်မက်တစ်ခုကို မြင်မက်၏။

အိပ်မက်ထဲတွင် ပိုင်ရီဖုန်း သူ့အနားသို့ ရောက်နေသည်၊

သူတို့နှစ်ယောက် လက်တွဲပြီး ရောင်စုံပန်းများ ဝေဝေဆာဆာ ဖူးပွင့်နေသည့် ပန်းတောထဲ ပြေးလွှားနေကြသည်၊

ပိုင်ရီဖုန်း၏ မျက်နှာမှာ ကြည်နူးစွာပြုံးနေသော အပြုံးတို့ဝေဆာနေ၏။

သူ၏ မျက်လုံးအစုံမှာ ချစ်ရိပ်ယောင်ဖြင့် ရွှန်းစိုနေသည်၊

ချစ်ခြင်း ကြည်နူးခြင်းဖြင့် ပြေးလွှားရင်းက ရှောင်းရိသည် ပိုင်ရီဖုန်းကို ထွေးဖက်လိုက်သည်။

နှစ်ယောက်အတူ ပန်းမွေ့ယာ ခင်းထားသကဲ့သို့ ရှိသော မြက်ခင်းပြင်ပေါ်တွင် ထိုင်မိကြသည်။

နွေးထွေးသောချစ်မေတ္တာဖြင့် လှုပ်ရှားနေသည့် ရင်မှာ အပူလှိုင်းများ လှုပ်ရှားလာသည်။

တစ်ယောက်ကိုတစ်ယောက် ဝေးကွာသွားမှာ စိုးရိမ်လျက် တင်းတင်း ဖက်တွယ်မိကြ၏။





နွေးထွေးမှုထက်ပိုသော ပူလောင်ခြင်းထဲတွင် နစ်မြုပ်သွားသည်။

နူးညံ့သိမ်မွေ့ခြင်း၊ ကြင်နာယုယခြင်း၊ ကြမ်းတမ်းချိုမြိန်ခြင်း စသည့် ဝေဒနာအစုံကို ခံစားနေရဆဲ ရင်ခွင်ထဲမှ ပိုင်ရီဖုန်း ပျောက်သွားသည်၊

ရှောင်းရိ၏ ခန္ဓာကိုယ်မှာ အေးစက်သော ရေခဲပြင်ထဲ နစ်မြုပ်သလို ခံစားလာရပြန်သည်။

မက်နေသည့် အိပ်မက် ပျက်သွားပြီး ဖျပ်ခနဲ သတိဝင်လာသည်။

"အား.... ချမ်းတယ်.... ချမ်းတယ်"

ရှောင်းရိ၏ ညည်းသံကြောင့် မနီးမဝေးတွင် အိပ်နေသော လင်းလင်း အိပ်ရာမှ နိုးလာသည်၊

သူက ရှောင်းရိ၏ ခုတင်ပေါ်သို့ လှမ်းကြည့်သည်၊

စောင်ခြုံအောက်တွင် တဆတ်ဆတ်တုန်နေသော ရှောင်းရိအား မီးအိမ်မှ အလင်းရောင်ဖြင့် တွေ့ရသည်၊

နေ့လယ်က မာလုံး၏ ကိုယ်ငွေ့ရပြီး သက်သာသွားခဲ့သော ရှောင်းရိမှာ ဝေဒနာ ပြန်လည်ခံစားရလာဟန် ရှိသည်၊

လင်းလင်းက တစ်ခန်းလုံးကို မျက်လုံး ဝေ့ကြည့်၏။

အခန်းထဲတွင် မာလုံး မရှိ။

သူသည် အခန်းတံခါးကို ဖွင့်ပြီး အပြင်သို့ လှမ်းကြည့်သည်၊

အပြင်ဘက်တွင် အမှောင်နှင့်မည်းမည်း ရှိနေပြီး လှိုင်းသံလေသံများကို ကြားနေရသည်။

"မောင်လေး မာလုံး၊ မောင်လေး မာလုံး"

လင်းလင်း၏ ခေါ်သံ ကုန်းပတ်တစ်လျှောက် ပျံ့လွင့်သွားသည်၊

လှိုင်းသံ လေသံကြားတွင် သူ့ ခေါ်သံ ပျောက်ကွယ်သွား၏၊

မာလုံး၏ တုံ့ပြန်ထူးသံကို မကြားရပေ။

"အား.... ချမ်းတယ်။ ချမ်းတယ်။ အား...."

အလွန်အမင်း အခံရခက်နေဟန်ရှိသော ရှောင်းရီ၏ အသံကို ကြားရပြန်၏၊





လင်းလင်း ခုတင်အနီးသို့ အပြေးအလွှား ချဉ်းကပ်လာသည်။

အိပ်နေလျက်က တဆတ်ဆတ်တုန်နေသည့် ရှောင်းရီ၏ နဖူးပြင်ကို လက်ဖဝါးဖြင့် စမ်းကြည့်သည်။

ရှောင်းရီ၏ နဖူးပြင်မှာ ရေခဲတုံးသဖွယ် အေးစက်နေသဖြင့် ထိတ်လန့်သွားမိရသည်။

"အစ်ကို....အစ်ကို.... ဒုက္ခပဲ၊ မောင်လေးကလဲ ဘယ်သွားနေသလဲ မသိဘူး"

လင်းလင်းသည် ညည်းညူပြောဆိုရင်း ကြံရာမရဖြစ်လျက် အခန်းအပြင်သို့ ထွက်ကြည့်ပြီး မာလုံးအား ခေါ်သည်၊

ဝေးဝေးလံလံ ရောက်အောင် မသွားနိုင်တဲ့ သူက အခန်းဆီသို့ ပြန်လျှောက်ခဲ့သည်။

မာလုံး တစ်နေရာရာသို့ရောက်ပြီး အိပ်ပျော်နေပြီလားဟု သူ စဉ်းစားသည်။

ထိုအခိုက်မှာပင် သူသည် လှော်တက်ခတ်သံကို ကြားလာရ၏၊

လှိုင်းလေကြောင့် သိမ့်ခနဲ သိမ့်ခနဲ တုန်သွားတတ်သည့် ရွက်လှေကြီး၏ လှုပ်ရှားမှုကိုလည်း သတိပြုမိလာသည်။

လှိုင်းလေ ပြင်းထန်သဖြင့် ရွက်များဖြုတ်ပြီး ရွက်လှေကို လှော်ခတ်သွားနေရကြောင်း သူ ဆင်ခြင်မိသွား၏။

မာလိုးအား ခေါ်ရန် မစဉ်းစားတော့ဘဲ လင်းလင်း အခန်းထဲသို့ ပြန်ဝင်သည်။

အခန်းတံခါးပိတ်ခဲ့ပြီး ရှောင်းရီ အနီးသို့ ချဉ်းကပ်ခဲ့၏၊

ရှောင်းရီ ချမ်းတုန်နေဆဲ၊ ညည်းညူနေဆဲ ဖြစ်သည်၊

ရှောင်းရီအား ကြည့်ရင်း အေးလွန်းရင် အကြောပိတ်ဆို့ပြီး ဒုက္ခရောက်သွားလိမ့်မယ် ဆိုသည့် ဓါ့ဘွားဘွား၏ စကားကို နားတွင် ပြန်ကြားသည်၊

လှင်းလင်း၏ ချောမောလှပသော မျက်နှာလေး တည်သွားသည်။

သူက အံတင်းတင်းကြိတ်လျက် ခုတင်ပေါ်တက်ပြီး စောင်ခြုံ အောက်သို့ ဝင်လိုက်၏၊



ချမ်းတုန်နေသော ရှောင်းရီအား အနွေးဓာတ်ပေးနိုင်ရန် ထွေးဖက်ထားလိုက်သည်။

ရှောင်းရီမှာ သူ့ထံသို့ လင်းလင်း ရောက်လာသည်ကို လည်းကောင်း၊ အနွေးဓာတ်ရစေရန် သူ့အား ထွေးဖက် ထားသည်ကိုလည်းကောင်း သိပုံမရ။

ချမ်းနေဆဲ တုန်နေဆဲဖြစ်၍ တဟင်းဟင်းနှင့် ညည်းနေ သည်။

အေးစက်နေသော ရှောင်းရီ၏ကိုယ် တဖြည်း ညီး နွေး လာသည်။

လင်းလင်းမှာ ရှောင်းရီအား ထွေးဖက်ထားရင်း မေ့ခနဲ အိပ်ပျော်သွားလေသည်။

*

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ဖြေလမ်း
တောင်ငူမြို့
ဖုန်း ၂၁၃၄၅

ရေမိုးချိုးပြီး အဝတ်အစား လဲလှယ်ထားသဖြင့် သန့်စင်ချောမောနေသော မာလုံးကို အံ့အားတသင့် လှမ်းကြည့်ရင်းမှ လင်းလင်း ပြုံးလိုက်သည်။

မာလုံးက မနေတတ် မထိုင်တတ် ဖြစ်နေဟန်ဖြင့် ဟက်ခနဲ ရယ်လိုက်ပြီး လင်းလင်း၏ ဘေးတွင် ထိုင်ချလိုက်သည်၊

"ညက လှိုင်းတွေထန်လို့ ရွက်ဖြုတ်ပြီး တက်နဲ့လှော်ရတာ မမ သိရဲ့လား။ မိုးမရွာလို့ သက်သာသွားတယ်။ ဒါတောင် ကျွန်တော်တို့ ရေမွန်းပြီး ကြွက်စုတ်လေးတွေလို ဖြစ်သွားသေးတယ်၊ တစ်ကိုယ်လုံး စိုရွှဲနေတာနဲ့ မထူးဘူးဆိုပြီး ရေချိုးအဝတ်အစားလဲထားရတာ နေလို့ ထိုင်လို့ မကောင်းဘူး"

မာလုံးက သန့်သန့်ပြန့်ပြန့် နေရခြင်းကြောင့် အနေရခက်ဟန်ဖြင့် ပြောသည်။

လင်းလင်းက နုနယ်ချောမောသော မာလုံး၏မျက်နှာကို ကြည့်ပြီး ရယ်လိုက်၏။

"အခုလိုကျတော့ မောင်လေးက သိပ်ချောတာပဲ"

"အဟင်းဟင်း.... မမလောက် မချောပါဘူးဗျာ"





"မောင်လေးကလဲ မိန်းကလေးနဲ့ ယောကျ်ားလေး ချောတာကို နှိုင်းရသလား"

"အဟင်း.... ဟုတ်သားပဲ။ ကျွန်တော်က အစ်ကိုရှောင်းရီလောက် မချောဘူးလို့ ပြောတာပါ"

မာလုံးက လျှာတစ်လစ်ထုတ်ပြီး ကလေးဆန်ဆန်အမူအရာနှင့် ပြောသည်။

လင်းလင်းသည် လက်တစ်ဖက်ဖြင့် မာလုံး၏ ပခုံးကို ဖက်လိုက်သည်။

မာလုံးက ချက်ချင်းပင် လင်းလင်း၏ လက်ထဲမှ ရုန်းထွက်လိုက်၏။

"အစ်ကို ဘယ့်နှယ်နေသေးသလဲ"

"မင်း အနွေးဓာတ်ပေးသွားလို့လား မသိဘူး။ သူသက်သာနေတယ်"

လင်းလင်းသည် ညကအဖြစ်ကို ဖုံးကွယ်လျက် ပြောသည်။

မာလုံးက မဝံ့မရဲဟန်ဖြင့် ရှောင်းရီအနားသို့ ချဉ်းကပ်ပြီး နဖူးပြင်ကို စမ်းကြည့်သည်။

သွေးလေမှန်ကန်ဟန် ရှောင်းရိ၏ နဖူးပြင်မှာ ရွှေးနေ၏၊

မာလုံးက ယောကျ်ားပီသ ချောမောသော ရှောင်းရိ၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်သည်။

သူ၏ မျက်လုံးအစုံမှာ စူးလက်တောက်ပနေပြီး နီထွေး ပါးလှပ်သော သူ၏ နှုတ်ခမ်းက ပြုံးယောင်ယောင် တွန့်ကွေး နေ၏။

"သူ့အခြေအနေ ထူးခြားလို့လား မောင်လေး"

မာလုံးက လင်းလင်းကို လှည့်မကြည့်ဘဲ ခေါင်းခါပြသည်၊

"ပုံမှန်အတိုင်းပါပဲ"

မာလုံးက ရှောင်းရိအနီးမှခွာလျက် လင်းလင်းထိုင်နေရာ သို့ လျှောက်လာသည်။

အပြင်ဘက်မှ ခြူသံတချွင်ချွင်ပေါ်လာပြီး ခြူတွားတွား အခန်းထဲဝင်လာသည်နှင့် ဆုံသည်၊

ခြူတွားတွားက သေးငယ် စူးရှသော မျက်လုံး အစုံဖြင့် ရှောင်းရိအား လှမ်းကြည့်ပြီး....





"သူ မချမ်းတော့ဘူး မဟုတ်လား။ အခုဆိုရင် သူမေ့မြော နေတာ တစ်ပတ်ရှိပြီ။ သူ့ကိုယ်ထဲမှာ ဘာအာဟာရမှ ရှိတော့ မှာ မဟုတ်ဘူး။ သူ့ကို ဆေးတစ်လုံးတော့ တိုက်ထားမှဖြစ် မယ်"

ခြူတွားတွားက ဆေးဘူးထဲမှ ဆေးတစ်လုံး ထုတ်ပြီး ရှောင်းရိ၏ ပါးစပ်ထဲ ခွံ့သည်။

ပြီး.... ဝမ်းထဲသို့ကျသွားစေရန် လည်ပင်း အကြောကို ပွတ်ပြင်ပေးလိုက်၏။

ပြီးနောက် ခြူတွားတွားက မာလုံးဘက်သို့လှည့်သည်၊

"မင်း တွားတွားကို ကတိပေးထားတာ မမေ့ဘူးနော်"

"ဟုတ်ကဲ့.... ကျွန်တော် မမေ့ပါဘူး တွားတွား"

"မြွေနန်းရှင်ဆီကိုရောက်ရင် အခြေအနေ ဘယ်လိုရှိမလဲ မသိနိုင်ဘူး။ အချိန်ရှိတုန်းမှာ တွားတွား မင်းကို သိုင်းလက်ာ တွေ သင်ပေးမယ်။ မင်းက ဉာဏ်ကောင်းတော့ ခဏလေးနဲ့ ရသွားမှာပါ"

"ဟုတ်ကဲ့.... ကျွန်တော်တွားတွားသင်ပေးတာကို ရအောင် ကျက်မှတ်ပါမယ်"

ခြူဘွားဘွားက ခေါင်းညိတ်လိုက်သည်။

"ဘွားဘွားတို့ အပြင် ထွက်ကြမယ်။ သခင်မလေးရဲ့ အပြင်ကို ခဏတဖြုတ်ထွက်ပါဦး။ သူ့ အခြေအနေက ဒီထက် ပိုဆိုးစရာ မရှိတော့ပါဘူး"

ခြူဘွားဘွားက မာလုံးအားခေါ်ရင်း လင်းလင်းကိုလှည့် ပြော၍ အခန်းအပြင်သို့ ထွက်သည်။

မာလုံးသည် ခြူဘွားဘွား နောက်သို့ လိုက်သွား၏။

တစ်ခဏအကြာတွင် လင်းလင်းပါ နောက်မှ လိုက်လာ သည်။

ခြူဘွားဘွားက ရှင်းလင်းပြီး လေတဟူးဟူး တိုက်နေသော ကုန်းပတ်ပေါ်တွင် ရပ်လိုက်၏။

မာလုံးက သူနှင့် မျက်နှာချင်းဆိုင်တွင် ရပ်သည်။

"ဘွားဘွားက တ ပည့် တစ် ယောက် လို ချင် ပေ မယ့် ယောကျ်ားလေးတစ်ယောက်ကို တပည့်အဖြစ် ပညာသင်မပေး ချင်ဘူး၊ အခု ဘွားဘွား စိတ်ချမ်းသာသွားပြီ။ ဘွားဘွားရဲ့ ပညာအမွေ မိန်းကလေးတစ်ယောက်ကို ပေးရတာ အကောင်း ဆုံး အသင့်တော်ဆုံးပဲ"





အဆက်အစပ်မရှိ ပြောလိုက်သော ခြူဘွားဘွား၏ စကား ကြောင့် မာလုံး ကြောင်အန်းအန်း ဖြစ်သွားသည်။

သူက သေးငယ်စူးရှသော ခြူဘွားဘွား၏ မျက်လုံးအစုံကို အဓိပ္ပာယ်ရှာဟန်ဖြင့် ကြည့်သည်။

"ဘွားဘွားပြောတဲ့ စကားက"

"မင်းဟာ မိန်းကလေး တစ်ယောက်ဆိုတာ ဘွားဘွား သိပြီးပါပြီ"

"ဗျာ"

မာလုံး မျက်စိမျက်နှာ ပျက်သွားလျက် ဘေးပတ်ဝန်းကျင် ကို လျင်မြန်စွာ ကြည့်သည်။

လင်းလင်း ခပ်ဝေးဝေးတွင် ရှိနေသဖြင့် စိတ်ချမ်းသာသွား ဟန်ဖြင့် သက်ပြင်း ချလိုက်သည်။

"မင်း ရုပ်ဖျက်ထားတာ သိပ်ကောင်းပါတယ်။ တကယ် လို့ ညတုန်းက မင်း အဝတ်အစားလဲနေတာ မမြင်ရင် မင်းကို မိန်းကလေးဆိုတာ ဘွားဘွား သိမှာမဟုတ်ဘူး။ မင်းမှာ အကြောင်းရှိလို့ ယောကျ်ားလေးဟန်ဆောင်ထားတယ်ဆိုတာ ဘွားဘွား သိပါတယ်....။

"ဘာအကြောင်းလဲလို့ ဘွားဘွား မမေးတော့ပါဘူး။ အခုလိုပဲ ယောက်ျားလေး အနေနဲ့ နေပါ။ ဘွားဘွားကလဲ မင်းကို ယောက်ျားလေးလိုပဲ ဆက်ဆံပါမယ်"

မာလုံး ဒုတိယအကြိမ် သက်ပြင်းချလိုက်သည်။

ပြောစကား မကြားသာအောင် အလှမ်းဝေးနေသော လင်းလင်းအား တစ်ချက်ကြည့်ပြီး....

"အခုလို ကျွန်တော့်ကို နားလည်တဲ့အတွက် ဘွားဘွားကို ကျေးဇူးတင်ပါတယ်"

"ဒါက အရေးမကြီးပါဘူး။ အရေးကြီးတာက မင်း သိုင်းပညာ သင်ဖို့ပဲ။ ဘွားဘွား သိုင်းလက်ဝါကို ရွတ်ပြမယ်"

ခြူဘွားဘွားက အစီအစဉ် ကျနစွာ ရေးသားထားသော သိုင်းလက်ဝါကို ရွတ်ပြသည်။

မာလုံးက ဂရုတစိုက် နားထောင်ပြီး မှတ်သား၏။

ခြူဘွားဘွားက အခြေခံ သိုင်းလက်ဝါကို တစ်ခေါက်ပြီး တစ်ခေါက် ရွတ်ပြသည်။

သုံးခါမျှ ရွတ်ပြပြီး ချိန်တွင် မာလုံးက ချောင်းဟန့်၍....



"ကျွန်တော် ရပါပြီ ဘွားဘွား"

"ဘွားဘွားကို ပြန်ရွတ်ပြစမ်း"

မာလုံးက အခြေခံ သိုင်းလက်ဝါကို အစအဆုံးချောမော စွာ ပြန်ရွတ်ပြလိုက်၏။

ခြူဘွားဘွားမှာ ကျေနပ်အားရသွားဟန် ပြုံးလိုက်သည်။

"ငါ့မြေးက သိပ်ဉာဏ်ကောင်းတာပဲ။ အခု ရထားတာကို မမေ့အောင် ကျက်မှတ်ထား။ ညကျတော့ အတွင်းအား လက်ဝါသိုင်းကွက်ဖော် လက်ဝါတွေ သင်ပေးမယ်"

ခြူဘွားဘွားက နေရာမှ လှည့်ထွက်မည် ပြု၏။

မာလုံးက ချောင်းတစ်ချက်ဟန့်ပြီး....

"ဘွားဘွား"

"မင်း ဘာပြောချင်လို့လဲ ငါ့မြေး"

"အစ်မ လင်းလင်းနဲ့ အစ်ကို ရှောင်းရိတ္တိကိုလဲ ကျွန်တော် ယောက်ျားလေးလို့ပဲ ယုံကြည်နေစေချင်တယ်။ ကျွန်တော် မိန်းကလေးဆိုတာ သူတို့ မသိစေချင်ဘူး"

"ဘွားဘွား မင်းကို ကတိပေးထားပြီးပြီပဲ။ စိတ်ချပါ ငါ့မြေး"

ခြူဘွားဘွားက လှေဦးဘက်သို့ လှည့်လိုက်သည်။

ခပ်ဝေးဝေးတွင် မှိုင်းညိုညိုတည်နေသော ကုန်းမြေကို သူ၏ စူးရှသော မျက်လုံးအစုံက လှမ်းမြင်လိုက်၏။

"ဟော.... ဟိုဟာ စိမ်းစိုစိုကျွန်းပဲ ဖြစ်ရမယ်။ အခုအတိုင်း ဆိုရင် နောက်တစ်ရက် မကူးဘဲ ဘွားဘွားတို့ ကျွန်းပေါ်ကို ရောက်လိမ့်မယ်"

မာလုံးက ခြူဘွားဘွား ကြည့်နေရာသို့ လှမ်းကြည့်သည်။

ကျွန်းကို မြင်ရသဖြင့် သူ့ရင်မှာ ထိတ်ခနဲခုန်လျက် ဝမ်းသာသွားသည်။

သူက လင်းလင်းဘက်သို့ လှည့်ပြီး....

"မမ ကျွန်းကို မြင်ရပြီ။ မကြာခင် ကျွန်တော်တို့ ကျွန်းပေါ်ကို ရောက်တော့မယ်"

မာလုံး၏ အသံ ကုန်းပတ်ပေါ် ပဲ့တင်ထပ်သွားလေ၏။

*



အခန်း (၁၆)

ပထမဆုံးတွေ့ရသည့် ကျွန်းမှာ စိမ်းစိုစိုကျွန်းမဟုတ်။ ခြူဘွားဘွားက မာလုံးကို ခေါ်ပြီး လှေငယ်တစ်စင်းဖြင့် ကျွန်းကို ပတ်ကြည့်သည်။

ပထမတွေ့ရသည့် ကျွန်းမှာ သေးငယ်ပြီး ထိုကျွန်းနှင့် မနီးမဝေးတွင် သစ်ပင်တွေ အုပ်အုပ် ဆိုင်းဆိုင်းနှင့် စိမ်းစိုသော ကျွန်းကြီးတစ်ကျွန်းကို တွေ့ရသည်။

ခြူဘွားဘွားတို့ ရွက်လှေဆိုက်ရပ်ထားရာသို့ ပြန်ခဲ့သည်။

ရွက်လှေဖြင့် ဒုတိယကျွန်းသို့ ချဉ်းကပ်၏။

ကျွန်းအနီးတွင် ရွက်လှေကို ဆိုက်ရပ်ပြီး အားလုံး ကုန်းပေါ်သို့ တက်သည်။

ကျွန်း၏ သဲပြင်သောင်စပ်သို့ ခြေလှမ်းလိုက်စဉ်မှာပင် လေချွန်သံနှင့်တူသော စူးရှရှအသံကို စကြားရသည်။

ခြူဘွားဘွားက သဲပြင်ပေါ်ရပ်လျက် ကျွန်းအတွင်းပိုင်းသို့ လှည့်အော်သည်။

"မြေနန်းရှင်မ ကျုပ် ခြူဘွားဘွား အလည်လာပါတယ်"

အတွင်းအားသုံး၍ အော်ပြောလိုက်သည့် ခြူဘွားဘွား၏ အသံ အဝေးသို့တိုင် ပျံ့လွင့်သွားသည်။

လေချွန်သံလို စူးရှရှအသံတွေကို ပို၍ ကြားလာရသည်။

ခြူဘွားဘွားက ဒုတိယအကြိမ် အော်ပြောလိုက်ပြန်၏။

ခြူဘွားဘွား၏အသံ အဝေးသို့တိုင် ပျံ့လွင့်သွားပြန်သည်။

လေချွန်သံလို တရှီရှီနှင့် မြည်နေသံ တဖြည်းဖြည်းနီးလာသည်။

အသံနှင့်အတူ တောအုပ်ထဲမှ တရွရွ တလှုပ်လှုပ်နှင့်ထွက်လာသော မြွေအုပ်ကြီးကို တွေ့ရ၏။

မိန်းကလေးများဖြစ်ကြသော လင်းလင်းနှင့် မာလုံးတို့သည် မြွေကိုတွေ့သည်နှင့် ကြောက်လန့်သွားကြသည်။





မာလုံးက ယောကျ်ားလေးအဖြစ် ဟန်ဆောင်ထားသည်ကိုသတိရပြီး ကြောက်စိတ်ကိုထိန်း၍ တည်ငြိမ်အောင်ကြိုးစားသည်။

"မြေနန်းရှင် အခု ရောက်နေတာ ကျုပ် ခြူဘွားဘွားပါ"

ခြူဘွားဘွားက တတိယကြိမ် အော်ပြောလိုက်သည်။

အတွင်းအား အမြင့်ဆုံးထုတ်၍ ပြောလိုက်သဖြင့် ခြူဘွားဘွား၏ အသံမှာ နားကွဲမတတ် ဆူညံ မြည်ဟိန်းသွားသည်။

လေချွန်သံနှင့်တူသော မြွေတွန်သံများ ပျောက်ကွယ်တိတ်ဆိတ်သွား၏။

တောအုပ်ထဲမှ အဝါရောင် လူရိပ်တစ်ရိပ် ခုန်ပျံ လျက် ထွက်လာသည်။

ထိုသဏ္ဌာန်မှာ ရှည်လျားသော ဝတ်ရုံအဝါဝတ်ထားသည့် မိန်းမကြီးတစ်ယောက် ဖြစ်ပြီး မာလုံးတို့နှင့် မနီးမဝေး သဲသောင်စပ်မှာ ရပ်လိုက်သည်။

"ခြူဘွားဘွား စိမ်းစိုစိုကျွန်းကို မလာစဖူး အလာထူးပါလား၊ ကျုပ် မြေနန်းရှင်က ကြိုဆိုပါတယ်၊ ကျုပ်တို့ လူချင်း မတွေ့ရတာ အခုဆိုရင် ဆယ်နှစ်ကျော်သွားပြီထင်တယ်"

"ဟုတ်တယ် ဆယ်နှစ်ကျော်သွားပြီ။ မြွေနန်းရှင် ကျန်းမာရဲ့လား"

"အရင်ကထက်တောင် ပိုကျန်းမာလာပါတယ်။ ခြူဘွားဘွား အခုလာတာ အလည်သက်သက် မဟုတ်ဘူးထင်တယ်"

မြွေနန်းရှင်က စောင်ပုခက်ထဲတွင် ရှိနေသော ရှောင်းရှိအား ကြည့်ပြီး မေးလိုက်သည်။

ခြူဘွားဘွားက ခေါင်းညိတ်ပြပြီး....

"ကျုပ် အကူအညီတောင်းဖို့ လာတာပါ။ ဟောဒီက ကျုပ်ရဲ့မိတ်ဆွေ ဝိညာဉ်တစ်ရာနှုတ်အဆိပ်မိလာလို့ ရခဲတောင် မြွေနက်အဆိပ်နဲ့ ကုပေးဖို့ မြွေနန်းရှင်ကို မေတ္တာရပ်ခံပါတယ်"

မြွေနန်းရှင်၏ မျက်နှာတွင် အမူအရာကင်းမဲ့သွား၏။

သူက စောင်ပုခက်ထဲတွင်ရှိနေသော ရှောင်းရှိကို မျက်နှာမလွှဲ တန်းကြည့်သည်။

"သူက ဘယ်သူလဲ"

"ရှောင်းရှိပါ.... ခုတစ်လော သိုင်းလောကထဲမှာ ထင်ရှားလာတဲ့ လူငယ်တစ်ယောက်ပဲ"



"သူ့ဆရာက ဘယ်သူလဲ"

"သူ့ဆရာကိုတော့ ကျုပ် မသိပါဘူး"

မြွေနန်းရှင် တစ်ခဏမျှ ငြိမ်သွားသည်။

ပြီးမှ သူက ခေါင်းတစ်ချက် ဟန့်၍....

"ဒီကိစ္စကို နောက်တော့ ဆွေးနွေးကြတာပေါ့။ ခြူဘွားဘွားတို့ ခရီးပန်းလာကြတာ ကျုပ်အိမ်ကို လိုက်ပြီး အနားယူကြပါဦး"

မြွေနန်းရှင် နေရာမှ လှည့်ထွက်မည်ပြုသည်။

လင်းလင်းက ရှေ့တိုးလာပြီး....

"ဟို....ဟို.... မြွေတွေ"

စကားကို ဆုံးအောင်မပြောဘဲ ထစ်ငေါ့နေသော လင်းလင်းအား မြွေနန်းရှင်က အေးစက်စက်ဖြင့် ကြည့်သည်။

"ကျုပ် အမိန့်မပေးသမျှ မြွေတွေက အန္တရာယ်မပြုပါဘူး။ မကြောက်ပါနဲ့ မိန်းကလေး"

မြေနန်းရှင် လှည့်ထွက်သွားသည်။

ဖြူဘွားဘွားက အားလုံးကို မျက်ရိပ်ပြုပြီး နေရာမှ ခွာသည်။

ဖြူဘွားဘွား၏ နောက်မှ မာလုံးနှင့် လင်းလင်းတို့ လိုက်သည်။

တံမျက်ကုန်းချိုနှင့် ခေးစကြာ ဟုန်ရင်တို့က ရှောင်းရှိနေသော ဓောင်ပုခက်ကို ထမ်းပြီး လင်းလင်းတို့နောက်မှ လိုက်ပြီး လေခွဲလက်ဝါးက နောက်ဆုံးမှ လိုက်၏။

တောအုပ်ကို ဖြတ်ခဲ့စဉ် မြက်ခင်းပြင်ပေါ်တွင် လည်းကောင်း၊ သစ်ပင် သစ်ကိုင်းများ ပေါ်တွင် လည်းကောင်း တရှုရှု ဟလှုပ်လှုပ်နှင့် ရှိနေသော မြွေများကို တွေ့ရ၏။

မြေနန်းရှင်က နှုတ်မှ သေးငယ်စူးရှသော အသံဖြင့် အော်လိုက်သည်နှင့် မြွေအားလုံး ငြိမ်ကုန်သည်။

လင်းလင်းသည် မြွေတွေကို မြင်သည်နှင့် မာလုံးအနီးသို့ တိုးကပ်၍ မာလုံး၏ လက်မောင်းကို တင်းတင်း ဆုပ်ကိုင်ထားသည်။



မာလုံး ကိုယ်တိုင်မှာ ရင်ထိတ်နေသော်လည်း ဟန်ဆောင်၍ မျက်နှာကို တင်းသားပြီး ဆက်လျှောက်သည်။

တောအုပ်မှာ တဖြည်းဖြည်း ပါးလာပြီး ရှေ့တွင် မြက်ခင်းပြင် တစ်ခုကို တွေ့ရသည်။

မြက်ခင်းပြင်၏ တစ်ဖက်တွင် အဝါရောင်ဝါးဖြင့် ဆောက်ထားသည့် အိမ်တစ်လုံး ရှိနေ၏။

မြေနန်းရှင်က ထိုအိမ်ဆီသို့ ဦးတည်ပြီး လျှောက်သည်။

အိမ်ရှေ့သို့အရောက်တွင် ရပ်လိုက်ပြီး ဖြူဘွားဘွားတို့ လူစုကို လှမ်းကြည့်၏။

"လာကြပါ။ ကျုပ်က လူသူမရှိတဲ့နေရာမှာ နေရတော့ ကျုပ်ဆီကို ဧည့်သည်လာတာ သိပ်ဝမ်းသာပါတယ်"

ဖြူဘွားဘွားတို့သည် အိမ်ပေါ်သို့ တက်သွားသော မြေနန်းရှင်၏ နောက်မှ လိုက်ခဲ့ကြ၏။

ဝါးအိမ်ပေါ်သို့ရောက်မိသည်နှင့် တိုင်လုံးများတွင် ခွေရစ်နေသော မြွေများကို တွေ့ရသည်။

လင်းလင်းမှာ မြွေတွေကိုမြင်ပြီး ကြောက်ရွံ့သဖြင့် တဆတ်ဆတ် တုန်နေ၏။

"မိန်းကလေးက သိပ်ကြောက်တတ်တာကိုး။ ကျုပ်က ညှို့သည် စိတ်မချမ်းမသာဖြစ်အောင် မလုပ်ပါဘူး"

မြွေနန်းရှင်က ပြုံးလျက်ပြောပြီး သေးငယ် စူး ရှသော အသံဖြင့် တစ်ချက် အော်လိုက်သည်။

အိမ်တိုင်ပေါ်တွင် ခွေရစ်နေသော မြွေများ အောက်သို့ ဆင်းလာကြသည်။

မြွေနန်းရှင် ဒုတိယအကြိမ် အော်လိုက်သောအခါ ဝါး အိမ် အောက်ဘက်သို့ ဆင်းသွားကြလေ၏။

*

မြွေနန်းရှင်သည် အဆိပ်မိပြီး မေ့မြောနေသော ရှောင်းရှိကို စမ်းသပ်ကြည့်သည်။



ရှောင်းရှိ၏ သွေးကြောများကို စမ်းသပ်ကြည့်ရင်း သူ့ မျက်နှာတွင် အပြောင်းအလဲ များစွာ ပေါ်သွား၏။

သူက မျက်မှောင်ကြုံ့လျက် ခြူဘွားဘွားအား လှမ်းကြည့်သည်။

"ရှင် သူ့သွေးကြောတွေကို ပိတ်ထားသလား"

ခြူဘွားဘွား ခေါင်းညိတ်လိုက်သည်။

"ပိတ်ထားတယ်။ အဆိပ်တွေ တစ်ကိုယ်လုံးပျံ့ပြီး သူ့ အသည်းနှလုံးကိုပါ ထိသွားမှာစိုးလို့ အကြောပိတ်ထားတာပါ"

"အဆိပ်ကြောင့် သွေးကြောတချို့ ပိတ်ဆို့နေတာ ရှိသေးတယ်။ အဆိပ်က အအေးဓာတ် အဆိပ်ဆိုတော့ သူ ချမ်းတာ တုန်တာတွေ ဖြစ်လိမ့်မယ်။ အဲဒီအခါမျိုးမှာ လူငွေ့ရမှ သက်သာနိုင်တယ်"

"လမ်းမှာ သူ အဲသလို နှစ်ခါတောင် ဖြစ်ခဲ့တယ်၊ လူငွေ့ ပေးလိုက်တော့ သက်သာသွားခဲ့တယ်"

"ရှင်ပြုစုတာ နည်းလမ်းကျပါတယ်။ ဒါပေမယ့် သူ ဘာဖြစ်လို့ အပူလှိုန်နေတာလဲ မသိဘူး။ အဆိပ်မိပြီးမှ သူ သတိရပြီး လှုပ်လှုပ်ရှားရှား နေသေးသလား"

"တစ်ချိန်လုံး သူ အိပ်ရာထဲက မထပါဘူး"

"ဒါဆိုရင် ဘာဖြစ်လို့ အခုလို ဖြစ်နေရတာလဲ။ ဒီလို မဖြစ်ရဘူး....။ ဒီလို မဖြစ်ရဘူး"

မြနန်းရှင် တတွတ်တွတ်ရေရွတ်ပြီး ရှောင်းရီ အနီးတွင် ခေါက်တုန့် ခေါက်ပြန် လမ်းလျှောက်သည်။

မြနန်းရှင်၏ အမူအရာကြောင့် မာလုံးက အားမလို အားမရ ဖြစ်လာပြီး....

"ဆရာမကြီး ဘယ်လို ကုရမလဲဆိုတာ မသိတော့ဘူးလား"

မြနန်းရှင် ဆတ်ခနဲ ဖြစ်သွားသည်။

သူက မာလုံးအား မျက်လုံးကြီးပြူးပြီး ကြည့်၏။

"ကျွန်တော်က ဆရာမကြီး မကုနိုင်တော့မှာ စိုးရိမ်လို့ မေးတာပါ"



မျက်နှာတွင် အပြောင်းအလဲများစွာ ပေါ်သွားလေ၏က မြနန်းရှင် အေးစက်စက်နှင့် ရယ်လိုက်သည်။

"ကျုပ်က အဆိပ်ကို ဘယ်တော့မှ အရှုံးမပေးဘူး။ ဘယ်လို အဆိပ်ပဲဖြစ်ဖြစ် ကျုပ်ကို အနိုင်ယူလို့ မရဘူး"

မြနန်းရှင်က မာနသံဖြင့် ပြောပြီး ရှောင်းရီ၏ ရင်ဘတ်ကို လက်ဝါးဖြင့် ဘုံးခနဲ ရိုက်ချလိုက်သည်။

အသက်မှန်မှန်ရှူပြီး အိပ်နေသော ရှောင်းရီမှာ နေရာမှ ကုန်းကုန်းကြီး ထလာပြီး ဘိုင်းခနဲ ပြန်လဲကျသွား၏။

တစ်ဆက်တည်းပင် မည်းညစ်ညစ်သွေးများကို ဝေါခနဲ အန်ထုတ်လိုက်၏။

မြနန်းရှင်၏ အပြုအမူကြောင့် မာလုံး ဒေါသဖြစ်သွားသည်။

သူက ရှေ့ကို တိုးမလို ပြုသည်။

သို့သော် ခြူဘွားဘွားက သူ့လက်ကို ဖျတ်ခနဲ လှမ်းဆွဲပြီး ခေါင်းခါပြသဖြင့် နေရာမှာ ရပ်မြဲ ရပ်နေလိုက်ရ၏။

"ရှင်က သူမလှုပ်ရှားဘူးလို့ ပြောပေမယ့် သူ လှုပ်လှုပ်ရှားရှား နေခဲ့တာ သေချာတယ်။ သတိလစ်နေရုံနဲ့ သူ လှုပ်လှုပ် ရှားရှား နေခဲ့တာကို ရှင်တို့ မသိလို့ ဖြစ်မှာပါ"

မြနန်းရှင်၏ စကားကိုကြားသည်နှင့် လင်းလင်း မသိမသာ ခေါင်းငုံ့သွားသည်။

သူ့ပါးပြင်တွင် အတွေးတစ်ခုကြောင့် သွေးရောင် လွှမ်းတက်လာ၏။

သူက ချမ်းတုန်နေသော ရှောင်းရီအား ထွေးဖက်ထားစဉ်က အဖြစ်ကို ပြန်သတိရသည်။

ထိုစဉ်က ရှောင်းရီ၏ အပြုအမူကို ဖွင့်ပြောရန် မဖြစ်နိုင်သဖြင့် နှုတ်ပိတ်ပြီး ငြိမ်နေရသည်။

"မြနန်းရှင် ပြောသလို ဖြစ်နိုင်ပါတယ်။ သူ အဲသလို နေခဲ့တဲ့အတွက် ကုသတဲ့နေရာမှာ ခက်သွားပြီလား"

"မခက်ပါဘူး။ အဲဒီအတွက်နဲ့ ပိုပြီး လွယ်လာပါတယ်။ ကျုပ် အစက သူ့ကို ကုပေးဖို့ စိတ်မကူးပါဘူး။ ဒါပေမယ့် သူ့ဝေဒနာက ထူးခြားနေတော့ ကျုပ် ရအောင် ကုမယ်။ ရှင် ကျုပ်ကို ကူညီပါ။ အဆိပ်ကို အဆိပ်နဲ့ ကုတဲ့အချိန်မှာ သူ့ကို အတွင်းအား ပံ့ပိုးဖို့ သိပ်လိုတယ်"





"အဲဒါ ကျုပ်တာဝန် ထားလိုက်ပါ"

မြနန်းရှင်မက ရှောင်းရီ၏ သွေးကြောများကို လက်ညှိုးဖြင့် ထောက်သည်။

လက်ညှိုးဖြင့် ခန္ဓာကိုယ်တစ်နေရာကို ထောက်လိုက်တိုင်း ရှောင်းရီ တွန့်ခနဲ တွန့်ခနဲ ဖြစ်သွားတတ်၏။

အတန်ကြာအောင် သွေးကြောများကို လက်ဖြင့် ထောက်ပြီးနောက် မြနန်းရှင်မ နောက်ဆုတ်လိုက်သည်။

အခြေအနေ ထူးခြားမှု ရှိမရှိ ကြည့်နေပြီးနောက် အခန်းထောင့်ဆီသို့ ထွက်သွားသည်။

အခန်းထောင့်တွင် လေပေါက်သေးသေးများ ဖောက်ထားသည့် သေတ္တာသုံးလုံးအနက် သေတ္တာတစ်လုံးကို ယူလိုက်သည်။

သေတ္တာထဲမှာ တစ်ပေခွဲပတ်လည်ခန့်ရှိပြီး အဖုံးပေါ်တွင် ကြက်ခြေခတ် အမှတ်အသားပါသော စာရွက်ကပ်ထားသည်။

"ရေခဲတောင်မြွေနက်ဟာ သိပ်ရှားပါးပြီး အဆိပ်ပြင်းထန်တဲ့ မြွေမျိုးပဲ။ ကနေ့ထိအောင် ဒီမြွေကို ယဉ်လာအောင် လုပ်လို့မရသေးဘူး။ ဒီမြွေဟာ လူတစ်ယောက်ကို ပေါက်ပြီးတာနဲ့ သူလဲ သေတယ်။ ဒီမြွေနက်ဟာ အပူကို သိပ်မုန်းတယ်။

အခု သူ့ကိုယ်က ပူနေတော့ မြွေမုန်းတဲ့ဓာတ်ရှိနေတယ်။ မြွေကို သူ့အနားမှာချလိုက်တာနဲ့ ပေါက်မှာ ကျိန်းသေပဲ''

မြွေနန်းရှင်က သေတ္တာကို ရှောင်းရီ၏ဘေးတွင် ချလိုက်သည်။

သေတ္တာအစုံးကို အနည်းငယ်ဟပြီး ရှောင်းရီ၏ လက်ကို ဆွဲ၍ သေတ္တာထဲ ထိုးထည့်သည်။

ရှောင်းရီ၏ ခန္ဓာကိုယ် ဆတ်ခနဲဖြစ်သွားသည်။

မြွေနန်းရှင်က ရှောင်းရီ၏ လက်ကို ပြန်ဆွဲထုတ်၏။

သေတ္တာအဖုံးကို ပြန်မပိတ်ဘဲ ချထားပြီး ရှောင်းရီကို ကြည့်သည်။

အသက်မှန်မှန်ရှူပြီး ငြိမ်နေရာမှ ရှောင်းရီ၏ကိုယ် တဆတ်ဆတ် တုန်လာသည်။

သူသည် လှဲအိပ်နေရာမှ ကုန်းထတော့မလို ရုန်းကန်သည်။

မြွေနန်းရှင်က ရှောင်းရီ၏ ခန္ဓာကိုယ်အနှံ့ကို လက်ဖြင့်ပုတ်သည်။





ပြီး.... ခြူဘွားဘွားအား မျက်ရိပ်ပြသည်။

ခြူဘွားဘွားက သူ့လက်ဖဝါးကို ရှောင်းရီ၏ ကျောပြင်ပေါ် ကပ်လိုက်ပြီး အတွင်းအား ပို့လွှတ်၏။

ရှောင်းရီ၏ မျက်ခုံးနှစ်ခုကြားရှိ အမည်းရိပ် လျင်မြန်စွာကြီးလာပြီး ဘေးသို့ ပျံ့နှံ့သည်။

ပြီး.... တဖြည်းဖြည်း မှိန်ဖျော့သွားသည်။

မြွေနန်းရှင်သည် နှုတ်မှတတွတ်တွတ်ရေရွတ်ရင်း ရှောင်းရီ၏ ခန္ဓာကိုယ်အနှံ့အပြားသို့ လက်ညှိုးဖြင့် ထောက်သည်။

ရှောင်းရီ၏ မျက်နှာ ဖြူရော်သွားလိုက် သွေးရောင်သမ်းလာလိုက်နှင့် ဖြစ်နေသည်။

ရှုံ့မဲ့နေသောဟန်က ဝေဒနာ တစ်ရပ်ကို အပြင်းအထန်ခံစားနေရဟန်ရှိ၏။

အချိန်က တရွေ့ရွေ့ ကုန်လာသည်။

မြွေနန်းရှင်က အကြောများကို ကုတ်မြဲ ကုတ်၏။

ခြူဘွားဘွားက အတွင်းအား ပို့လွှတ်မြဲ ပို့လွှတ်နေသည်။

*

## အခန်း (၁၇)

တစ်နေ့နှင့်တစ်ညဆိုသည့် အချိန်က လျင်မြန်စွာ ကုန်ဆုံးသွားသည်။

ယခုအချိန်ထိအောင် ရှောင်းရိ၏ အခြေအနေ ထူးခြားပြောင်းလဲခြင်းမရှိသေး။

မာလုံးနှင့် လင်းလင်းတို့မှာ ရှောင်းရိ၏ဘေးတွင် ရပ်နေပြီး အခြေအနေကို မပြတ် အကဲခတ်နေ၏။

မြေနန်းရှင်မနှင့် ချူဘွားဘွားတို့သည် အခန်းထောင့်တစ်ထောင့်တွင် ထိုင်ပြီး ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြောဆိုကြသည်။

ရှောင်းရိ၏ ခန္ဓာကိုယ် ကြွတက်လာသည်။

နှုတ်မှ မပီမသရေရွတ်ပြောဆိုပြီးနောက် ပြန်ငြိမ်သွားသည်။





တစ်ခဏအကြာ ပြန်လှုပ်လာပြန်သည်။

"ဆရာမကြီး အစ်ကို့အခြေအနေကို ကြည့်ပါဦး"

မာလုံးက မကြည့်ရက်တော့ဟန်ဖြင့် ပြောသည်။

မြေနန်းရှင်က ပြောလက်စ စကားကိုဖြတ်ပြီး ရှောင်းရိအား ကြည့်သည်။

ရှောင်းရိ တတိယအကြိမ် ကုန်းထလာပြီး မည်းညစ်ညစ်သွေးများကို ဝေါခနဲ အန်ချလိုက်သည်။

မြေနန်းရှင် နေရာမှ ထလာပြီး ရှောင်းရိ၏ ရင်ဘတ်ကို လက်ဖြင့် ပုတ်သည်။

ရှောင်းရိ အအန်ရပ်သွား၏။

မြေနန်းရှင်မက ရှောင်းရိအား အစိမ်းရောင်ဆေးလုံးတစ်လုံး တိုက်လိုက်သည်။

"သူ့အခြေအနေ ကောင်းသွားပါပြီ။ မစိုးရိမ်ရတော့ပါဘူး"

မြေနန်းရှင်မက ဂုဏ်ယူဝံ့ကြွားဟန်ဖြင့် ပြောသည်။

စကားအဆုံးတွင် သူက ခြူဘွားဘွားအား လှမ်းကြည့်လိုက်၏။

"မနက်စာ စားပြီးတာနဲ့ ရှင်တို့ ခရီးထွက်လို့ရပါပြီ၊ သူ အခုပုံစံအတိုင်းပဲ သုံးရက်လောက် အိပ်ပျော်နေပါလိမ့်မယ်၊ အိပ်ရာကနိုးရင် သူ့အခြေအနေ ပိုကောင်းလာလိမ့်မယ်"

"အခုလိုကူညီတဲ့အတွက် မြေနန်းရှင်ပကို ကျေးဇူးတင်ပါတယ်"

"ကျုပ်ကလဲ အဆိပ်နဲ့ ပြိုင်ဆိုင်ခွင့်ရလို့ ရှင်တို့ကို ကျေးဇူးတင်ပါတယ်၊ ဒီကျွန်းမှာ တစ်ညအိပ်ထက်ပိုပြီး နေခွင့်မပေးနိုင်လို့ ရှင်တို့ ပြန်ပါတော့"

"ကျုပ်တို့ အခုပဲ ပြန်ပါတော့မယ်"

ခြူဘွားဘွားက မြေနန်းရှင်အား လှမ်းပြောပြီး မာလုံးတို့အား မျက်ရိပ်ပြလိုက်သည်။

မာလုံးက ရှောင်းရီအား စောင်ပုခက်ထဲထည့်ရာတွင်ကူညီသည်။





ရှောင်းရီ ပုခက်ထဲသို့ ရောက်သည်နှင့် တိမ်ပျံကုန်းချီနှင့် ဝေးစကြာ ဟုန်ရင်တို့က စောင်ပုခက်ထဲတွင် လျှိုထားသော ဝါးလုံး တစ်ဖက်တစ်ချက်စီမှ ထမ်းလိုက်သည်။

"ကျုပ် လိုက်မပို့တော့ဘူး၊ မြေတွေကို ဒီကနေပဲ လှမ်းပြီး ထိန်းသိမ်းလိုက်ပါမယ်"

ခြူဘွားဘွား၏ ခြူသံ ပေါ်လာသည်။

သူက ရှေ့ဆုံးမှနေ၍ ခြူသံတချွင်ချွင်နှင့် အိမ်အောက်သို့ ဆင်းသွားသည်။

သူ့နောက်မှ လင်းလင်းနှင့် မာလုံးတို့ လိုက်ပြီး သူတို့နောက်မှ စောင်ပုခက်ထမ်းလာသည့် တိမ်ပျံကုန်းချီတို့ကလိုက်သည်။

လေခွဲလက်ဝါးမှာ နောက်ဆုံးမှနေ၍ လိုက်ခဲ့၏။

သူတို့သည် မြက်ခင်းကိုဖြတ် တောအုပ်ကိုဖြတ်ပြီး ရွက်လှေဆိုက်ရပ်ထားရာသို့ လျှောက်ခဲ့သည်။

လာစဉ်ကလို လမ်းတွင် မြွေတစ်ကောင်ကိုမှ မတွေ့ရ။

မြွေနန်းရှင်က သူ့ကတိအတိုင်း မြွေများကို ထိန်းသိမ်းထားကြောင်း နားလည်လိုက်သည်။

"မြွေနန်းရှင်မှာ ထူးခြားတဲ့ သဘောထားရှိတယ်ဆိုတာ အစက မယုံဘူး။ ခု ကိုယ်တွေ့ကြုံမှပဲ ယုံတယ်။ ဆေးကုပြီးတာနဲ့ အနားယူဖို့တောင် အချိန်မပေးဘဲ ချက်ချင်း ပြန်ခိုင်းတော့ ကျွန်တော့်နားကိုတောင် ကျွန်တော် မယုံဘူး"

"အခုအချိန်မှာ သူ စိတ်ကောင်းဝင်နေတယ်လို့ ပြောရမှာပဲ။ သူ ရှောင်းရိကို ဆေးကုပေးတာကိုက ထူးခြားလှပြီ။ မင်း သူ့ကို မခံချင်အောင် မပြောရင် အခုလို ဆေးကုပေးချင်မှ ကုပေးမှာ"

ခြူဘွားဘွားက နောက်သို့လှည့်မကြည့်ဘဲ မာလုံးကို လှမ်းပြောသည်။

မာလုံးသည် ခေါင်းတဆတ်ဆတ်ညိတ်နေရာမှ ပြုံးလိုက်ပြီး–

"ထူးဆန်းငါးဖော်ထဲမှာ ဘွားဘွားက စိတ်သဘောထားအကောင်းဆုံးနဲ့ တူတယ်။ နောက် ထူးဆန်းသုံးဖော်က ဘယ်လို နေမလဲ မသိဘူး"

"သိုင်းလောကသားတွေက ကျုပ်ရယ်၊ မြွေနန်းရှင်ရယ်၊ နဂါးနက် မစင်းလျှံရယ်၊ ပျံလွှား စုစင်းကျန့်ရယ်၊ မီးလျှံ ဟုန်ချင်ရယ်ကို ထူးဆန်းငါးဖော်လို့ ခေါ်ကြတာပဲ....။





"မြွေနန်းရှင်ကိုတော့ မင်းတို့ တွေ့ဖူးပြီးပြီ။ သူ့စိတ်သဘောက ထူးဆန်းတာ အမှန်ပဲ။ ဘယ်တော့မှ မတည်ငြိမ်တဲ့အတွက် သူ့သဘောထားကို ခန့်မှန်းလို့ မရဘူး။ နဂါးနက် မစင်းလျှံက ကတိစကားတစ်ခွန်းကို အသက်နဲ့လဲတဲ့ လူစားမျိုး။ ပျံလွှား စုစင်းကျန့်နဲ့ မီးလျှံ ဟုန်ချင်တို့ကလည်း တစ်ယောက် တစ်မျိုးစီပဲ။ ပျံလွှားက စကားများတဲ့လူကို မုန်းတယ်။ မီးလျှံကတော့ အိပ်တာ စားတာကို အချိန် မသတ်မှတ်ဘူး။ သူ အိပ်ချင်တဲ့ အချိန်ဟာ အိပ်ချိန်ပဲ။ သူဆာတဲ့ အချိန်ဟာ စားချိန်ပဲ"

"ဘွားဘွားက ရန်သူနဲ့တွေ့ပေမယ့် သူက မတိုက်ခိုက်ရင် ဘယ်တော့မှ စပြီး မတိုက်ခိုက်ဘူး မဟုတ်လား"

ခြူဘွားဘွား တစ်ချက်ရယ်လိုက်သည်။

"ကိုယ်နဲ့ တစ်ခါ ရန်ဖြစ်ဖူးတဲ့လူဟာ အမြဲတမ်း ရန်သူဖြစ်ချင်မှ ဖြစ်မှာပေါ့။ အဲသလိုပဲ ကိုယ့်မိတ်ဆွေဟာလဲ အမြဲတမ်း မိတ်ဆွေဖြစ်ချင်မှ ဖြစ်မယ်....။

"တစ်ခါက ရန်သူဖြစ်ဖူးတဲ့လူဟာ နောက်တစ်ခါမှာ မိတ်ဆွေဖြစ်နိုင်သလို မိတ်ဆွေဟာလဲ ရန်သူ ဖြစ်သွားနိုင်တာပဲ။ ဒါကိုမှ ပုံသေကားချ တွက်ထားလို့ ရတာမဟုတ်ဘူး"

"ဒါဆိုရင် ဘွားဘွားက ကျွန်တော်တို့ရန်သူ ဖြစ်သွားနိုင်တာပေါ့"

"ဖြစ်နိုင်တာပဲ။ လူတွေဟာ အကြောင်းလေး တစ်ခုနဲ့ ချစ်သွားသလို အကြောင်းလေးတစ်ခုနဲ့ မုန်းသွားတတ်ကြတယ်၊ ဒီအကြောင်းတွေကိုသာ ပြောရရင် ဆုံးမှာတောင် မဟုတ်ဘူး....။

"မြနန်းရှင်က ရှောင်းရီရဲ့ဆရာ ဘယ်သူလဲလို့ မေးတာ မင်းတို့ ကြားတယ်မဟုတ်လား။ ရှောင်းရီရဲ့ဆရာ လျှပ်ပန်းရောင်ခြည် သိုင်းသမားဟာ မြနန်းရှင်ရဲ့ အချစ်ဆုံးလူ ဖြစ်ခဲ့ဖူးတယ်။ အခုအချိန်မှာ အမုန်းဆုံးလူ ဖြစ်နိုင်တဲ့အတွက် ဘွားဘွားက မသိဘူးလို့ ပြောခဲ့တာပဲ"

ချို့ဘွားဘွားက စကားတပြောပြောနှင့် လျှောက်ခဲ့ပြီး ကမ်းစပ်တွင်ရှိသော လှေပေါ်သို့ တက်သည်။

ကျွန်လူများကလည်း ချို့ဘွားဘွား နောက်မှ လိုက်ပြီး လှေပေါ်တက်၍ ရွက်လှေရှိရာသို့ လှော်ထွက်ခဲ့သည်။

ရွက်လှေအနားသို့ ကပ်မိသည်နှင့် တိမ်ပျံကုန်းချီနှင့် ဓားစကြာ ဟုန်ရင်တို့က ရွက်လှေပေါ် အရင်တက်သည်။

ပြီး.... အပေါ်မှ ကြိုးတစ်ချောင်းချ၍ စောင်ပုခက်ထဲတွင် ရှိနေသော ရှောင်းရီအား ဆွဲတင်သည်။



ဒုတိယအကြိမ် စောင်ပုခက်ကို ပြန်ချပြီး လင်းလင်း တက်ထိုင်ပြီး ဆွဲတင်သည်၊

ချို့ဘွားဘွား၊ မာလုံးနှင့် လေခွဲလက်ဝါးတို့က နောက်ဆုံးမှ ကြိုးလှေကားဖြင့် ရွက်လှေပေါ်သို့ တက်ကြသည်၊

အဆိပ်ပြေပြီး အိပ်ပျော်နေသော ရှောင်းရီအား သီးသန့်ခန်းထဲသို့ ပို့သည်၊

ရှောင်းရီကို စောင့်ကြည့်ရန် အနားတွင် လင်းလင်း နေခဲ့၏။

ကျွန်လူများက ရွက်လှေကို ကမ်းမှခွာရန် လုပ်ကိုင်ကြသည်၊

ရွက်လှေသည် စိမ်းစိုစိုကျွန်းမှ ခွာခဲ့၏။

ပင်လယ်ထဲသို့ ရောက်သည်နှင့် လေရပြီး တရိပ်ရိပ် ပြေးသည်၊

ရွက်လွှင့်ထွက်ပြီး မကြာခင် အိပ်ပျော်နေသည့် ရှောင်းရီထံမှ ညည်းညူသံ သဲ့သဲ့ကို ကြားရ၏၊

လင်းလင်းက ရှောင်းရီ အနားသို့ ကပ်ပြီး ကြည့်ရှုသည်၊

ရှောင်းရိ၏ နဖူးတွင် ချွေးများ သီးစို့နေသဖြင့် အသာအယာ သုတ်ပေး၏။

လင်းလင်းက ရှောင်းရိအား ကြင်ကြင်နာနာ ပြုစုနေစဉ် မာလုံး တံခါးဝမှာ လာရပ်၏။

သူက လင်းလင်းနှင့် ရှောင်းရိတို့အား ငေးလျက် ကြည့်သည်။

ကြည့်နေရင်း သူ့မျက်နှာတွင် ကြေကွဲဆွေးမြည့်ဟန်တွေ ထင်လာလေ၏။

*

နှစ်ညခရီး လွန်မြောက်ပြီး တတိယနေ့တွင် ကုန်းကို စတွေ့သည်။

ခြူဘွားဘွားက ကမ်းစပ်မှနေ၍ ရှက်လှဲ့စေ၏။

အပြန်ခရီး တစ်လျှောက်လုံးတွင် ခြူဘွားဘွားက မာလုံးအား သိုင်းပညာသင်ပေးသည်။





စတုတ္ထနေ့တွင် ရှက်လှေ မြစ်တစ်မြစ်ထဲသို့ ဝင်သည်။

ဆိပ်ကမ်းမြို့တစ်မြို့သို့ အရောက်တွင် ဆိုက်ရပ်လိုက်သည်။

ရှက်လှေဆိုက်ရပ်သည့် ဆိပ်ကမ်းသည် မာလုံးတို့ ခရီး စထွက်ခဲ့သော ဆိပ်ကမ်း မဟုတ်ပေ။

သူတို့က လှေပေါ်မှဆင်းပြီး ဆိပ်ကမ်းမြို့တွင်းသို့ ဝင်သည်။

ရှောင်းရိကြောင့် ချက်ချင်း ခရီးမထွက်ဘဲ တည်းခိုခန်း တစ်ခုတွင် တည်းသည်။

အခန်းကျယ်ကြီးတစ်ခုတွင် စု၍ တည်းကြပြီး ရှောင်းရိ၏ အခြေအနေကို စောင့်ကြည့်ကြ၏။

ညသန်းခေါင်တွင် ညည်းသံသဲ့သဲ့နှင့် အတူ ရှောင်းရိ လှုပ်ရှားလာသည်။

မာလုံးတို့ လူစု ရှောင်းရိ အနားတွင် ဝိုင်းသွား၏။

သူတို့က ရှောင်းရိအား တစ်ယောက်တစ်ခွန်း ခေါ်ကြည့်ကြသည်။

ရွှေင်းရိ၏ မျက်နှာမှာ အဆိပ်မိစကလို ဖြူဖျော့မနေတော့ဘဲ သွေးရောင်လွှမ်းနေသည်။

ခေါသံများပေါ်လာပြီး တစ်ခဏအကြာ၌ သူ့ မျက်လုံးအစုံ ပွင့်လာ၏။

"အစ်ကို သတိရပြီလား"

မာလုံးက ရွှေင်းရိအား ပြုံးလျက်ကြည့်ပြီး မေးသည်။

ရွှေင်းရိက မာလုံးအား ခပ်ကြောင်ကြောင် ကြည့်နေရာမှ ခေါင်းညိတ်ပြသည်။

"ခေါင်းထဲက မူးနောက်နောက် ဖြစ်နေသေးသလား။ ခြေလက်တွေကို လှုပ်ရှားကြည့်ပါဦး"

ရွှေင်းရိက မာလုံးအား ခေါင်းခါပြပြီး ပြောသည့်အတိုင်း လုပ်ကြည့်သည်။

သူ၏ ခြေလက်တို့မှာ ခါတိုင်းထက်ပို၍ ပေါ့ပါးနေပြီး အင်အား တိုးပွားနေသည်ကို သတိပြုမိသည်။





"အစ်ကို ဘာမှ မဖြစ်တော့ပါဘူး။ ညီမတို့ကို သိပ်ကျေးဇူးတင်တာပဲ။ အခု အစ်ကိုတို့ ဘယ်ရောက်နေတာလဲ အစ်ကို အဆိပ်မိတာကို ဘယ်သူက ဖြေပေးတာလဲ"

မာလုံးက ရွှေင်းရိ အဆိပ်မိချိန်မှစ၍ ယခုအချိန်ထိ ဖြစ်မျက်သမျှကို ပြန်ပြောပြသည်။

ရွှေင်းရိက ခေါင်းတညိတ်ညိတ်နှင့် နားထောင်ပြီး အားလုံးကို ကျေးဇူးတင်ဟန်ဖြင့် ကြည့်သည်။

"ကျွန်တော့်အတွက်နဲ့ ဘွားဘွားကိုယ်တိုင် ဒုက္ခခံတယ်ဆိုတာ သိရတော့ ဝမ်းသာဝမ်းနည်းဖြစ်မိတယ်။ လားမားကြီးနဲ့ တိုက်ခိုက်တုန်းက ဘွားဘွား အတွင်းအားပို့လွှတ်ပြီး ကူညီခဲ့တာကိုလဲ မမေ့ပါဘူး"

"ကြုံကြိုက်ပြီး အခွင့်အရေးရလို့ တစ်ယောက် ကို တစ်ယောက် ကူညီရတာပဲ။ သင်းလင်းနဲ့ မာလုံးဆိုရင် မင်းအနားက မခွာကြဘူး"

ရွှေင်းရိက မာလုံးနှင့် လင်းလင်းတို့ကို ကြည့်လိုက်သည်။

"ညီမနဲ့ ညီလေးတို့ကိုလဲ ကျေးဇူးတင်လို့ မဆုံးပါဘူး။ အစ်ကို့မှာ ညီမနဲ့ ညီလေးတို့ ကူညီတဲ့အသက်ပဲ ရှိပါတော့တယ်"

လင်းလင်း၏ မျက်နှာတွင် လှပသော အပြုံးလေးတစ်ပြုံး ဖျတ်ခနဲ ပေါ်လာသည်။

သူက မာလုံးအား တစ်ချက်ကြည့်လိုက်ပြီး....

"မောင်လေးက အစ်ကို့ အတွက်ပိုပြီးအပင်ပန်းခံပါတယ်"

မာလုံးက ရှောင်းရီအား ငဲ့ညှာပြီး ခြုံတွားတွား အလိုကို လိုက်ခဲ့ပုံ၊ အအေးအဆိပ်တက်ပြီး ချမ်းတုန်နေစဉ် ကိုယ်ငွေ့ပေး၍ အအေးမှာတ်ပြယ်လွင့်စေခဲ့ပုံ၊ လှေထိုးသားများ ရန်ပြုစဉ် ရှောင်းရီအား ကာကွယ် စောင့်ရှောက်ခဲ့ပုံတို့ကို ပြန်ပြောပြသည်။

လင်းလင်း၏ စကားကို နားထောင်ရင်း ရှောင်းရီ၏ ရင်မှာ ကြည်နူးခြင်းနှင့် ကြေကွဲခြင်း ရောယှက်နေသော ဝေဒနာ ပေါ်လာသည်၊

သူက မာလုံး၏ ပခုံးကို လှမ်းဖက်ပြီး....

"ဒီနေ့ကစပြီး ညီလေးဟာ အစ်ကို့ ညီအရင်းဖြစ်သွားပါပြီ။ ညီမကလဲ အစ်ကို့ ညီမအရင်း ဖြစ်သွားပါပြီ"





ရှောင်းရီက ပခုံးကို ဖက်ထားသဖြင့် မိန်းကလေးတစ်ယောက်ဖြစ်သော မာလုံး အနေရအထိုင်ရ ခက်နေသည်၊

သူ့ပါးပြင်မှာ သွေးရောင်သန်းနေလျက် ပြုံးတော့မလို ရယ်တော့မလို မဲ့တော့မလို မျက်နှာ အမူအရာ မကြာခဏ ပြောင်းနေသည်၊

"မမက ကျွန်တော့်ထက်ပိုပြီး အပင်ပန်းခံပါတယ်၊ သူ့ဘာမှ လုပ်မပေးနိုင်ပေမယ့် အစ်ကို့အနားမှာ တစ်ချိန်လုံး ထိုင်နေခဲ့တယ်"

ရှောင်းရီ၏ မျက်လုံးအစုံ အရောင်တဖျပ်ဖျပ် လက်သွားသည်၊

သူက လင်းလင်းအား လှမ်းကြည့်လိုက်ရင်း ရင်တသိမ့်သိမ့် ခုန်သွား၏။

လင်းလင်း၏ မျက်နှာကို ကြည့်နေရင်း ပိုင်ရီဖုန်းအား ဖျတ်ခနဲ သတိရသည်။

သို့သော် တစ်ခဏ အတွင်းမှာပင် ပိုင်ရီဖုန်း၏ မျက်နှာ မှေးမှိန် ပျောက်ကွယ်သွားသည်။

"ညီမတို့က မောင်နှမတွေ ဖြစ်နေပြီပဲ၊ တစ်ယောက်ကို တစ်ယောက် ကူညီပြုစုရမှာပေါ့။ အစ်ကိုက ညီမအတွက် ဒဏ်ရာ ရသွားတာဆိုတော့ ပိုပြီးတောင် ပြုစုသင့်သေးတယ်"

ပြုံးရွှင်သောမျက်နှာနှင့် အပြန်အလှန်စကားပြောနေသော လင်းလင်းနှင့် ရှောင်းရိတို့အား မာလုံး ပြုံးလျက်ကြည့်သည်၊

သူ၏ အပြုံးမှာ ကြေကွဲဟန်တွေ လွှမ်းထင်လျက် မှိန်ဖျော့နေ၏၊

စူးလက် တောက်ပနေလေ့ရှိသော သူ့မျက်လုံးအစုံမှာ ရီဝေ မှုန်မှိုင်းလျက်ရှိသည်။

*

## အခန်း (၁၈)

နံနက်မိုးလင်းသည်နှင့် မြင်းလှည်းငှားပြီး ခရီးထွက်ရန် ပြင်ဆင်ကြသည်။

တိမ်ပျံကုန်း၏ မြင်းလှည်းအရှာထွက်နေခိုက်တွင် ရှောင်းရိတို့က စားသောက်ခန်းတွင်ထိုင်ပြီး အိပ်ရာထစာ စားသောက်နေကြသည်။

ထိုအချိန်တွင် ရွှေနားကပ်ထားသော အညိုရောင်ဝတ်စုံဝတ်ထားသူ နှစ်ယောက် ဆိုင်ထဲသို့ ဝင်လာပြီး ရှောင်းရိတို့စားပွဲရှေ့မှာ ရပ်သည်။

"ဒီအထဲမှာ ရှောင်းရိဆိုတာ ဘယ်သူပါလဲ"

နာမည်တပ်ပြီး မေးမြန်းလိုက်ခြင်းကြောင့် ရှောင်းရိတို့ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကြသည်။

ပြီးမှ ရှောင်းရိက....

"ကျုပ်ပါပဲ။ မိတ်ဆွေတို့က ဘယ်သူတွေလဲ။ ဘာကိစ္စ ရှိလို့လဲ"

"ကျွန်တော်တို့ ရွှေရောင်မင်းသားလေးရဲ့ လူတွေပါ....။ မင်းသားလေးက သူ့ရဲ့ကောင်းရှောင်းရီကို ဖိတ်ခေါ်ခဲ့ဖို့ လွှတ်လိုက်ပါတယ်"

ရှောင်းရီ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘဲ ကြောင်အန်းအန်း ဖြစ်သွားသည်။

"မင်းသားလေးက မိတ်ဆွေကို တာဝန်တစ်ခု ပေးစရာရှိနေလို့ ခေါ်ခိုင်းလိုက်တာပါ"

"ရွှေမင်းသားလေး.... အခု ဘယ်မှာလဲ"

"ဒီဆိုင်နဲ့ ဆယ်ဆိုင်လောက်အကွာမှာရှိ**တဲ့** တည်းခိုဆောင်မှာ ရှိနေပါတယ်"

ရှောင်းရီက ခရီးထွက်ခါနီးဆဲဆဲဖြစ်၍ မင်းသားလေးနှင့် တွေ့ဆုံရန် မဖြစ်နိုင်ဟု တွေးမိသည်။

ပြီး.... လင်းလင်းအား ကျန်းနန်သို့ ပြန်ပို့ရန် တာဝန်ရှိနေသဖြင့် အခြားသူပေးအပ်သော တာဝန်ကို ထမ်းဆောင်ရန် အချိန်ရမှာမဟုတ်ဟု စဉ်းစားမိသည်။





"ကျုပ် လူတစ်ယောက်ရဲ့အလုပ်ကို လက်ခံထားတယ်။ အခု အဲဒီတာဝန်နဲ့ ခရီးထွက်တော့မယ်ဆဲဆဲပဲ။ မင်းသားလေးကို ကျုပ် မကူညီနိုင်တဲ့အတွက် တောင်းပန်တဲ့အကြောင်း ပြောပြလိုက်ပါ"

ရွှေနားကပ် အညိုရောင်ဝတ်စုံရှင်နှစ်ယောက်က စိတ်လျှော့သွားခြင်း မရှိဘဲ ရှောင်းရီအား ပြုံးပြလိုက်သည်။

"သူ့ရဲ့ကောင်းလေးမှာ တာဝန်တွေများမယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ ရှိနေတဲ့ တာဝန်ကိုမဖျက်ဘဲ မင်းသားလေးနဲ့ ခဏ တွေ့လိုက်စေချင်ပါတယ်"

ရှောင်းရီမှာ ငြင်းပယ်ရန်ခက်ပြီး အားတုံ့အားနာဖြစ်သွားသည်။

သူ ဘာပြန်ပြောရမှန်း မသိဘဲ တွေဝေနေစဉ် မာလုံးက ကြားဝင်ပြီး....

"ရွှေမင်းသားလေးဆိုတာ ဘယ်သူလဲ"

"ရွှေမင်းသားလေးက ရွှေမင်းသားလေးပါပဲ။ သူဟာ တောင်ပိုင်းမှာရှိ**တဲ့** ကျင်းလိန်မြို့စားကြီးရဲ့ သားပါ"

"မြို့စားသားတစ်ယောက်က ဖိတ်ခေါ်တာဆိုတော့ လာရမှာပေါ့။ ခင်ဗျားတို့ ပြန်ပြီး မင်းသားလေးကို အကြောင်းကြားထားပါ။ ကျုပ်တို့ လာခဲ့ပါ့မယ်"

ရွှေနားကွပ် အညိုရောင်ဝတ် နှစ်ယောက်က ငယ်နုသော မာလုံး၏ စကားကို အလေးထားပုံမရ။

သူတို့က ရှောင်းရိကိုသာ စူးစိုက်ကြည့်ပြီး....

"ရွှေမင်းသားလေးက သူ့မှာ အကူအညီ သိပ်လိုနေတဲ့ အကြောင်း ပြောခိုင်းလိုက်ပါတယ်။ ပေးတဲ့တာဝန်ကို မယူနိုင်ရင်တောင် သူနဲ့ ခဏလေးဖြစ်ဖြစ် တွေ့သင့်ပါတယ်"

ရွှေနားကွပ် အညိုရောင်ဝတ်များက အရေးမလုပ်သဖြင့် မာလုံး ခံပြင်းသွားဟန်ရှိသည်။

သူက နေရာမှ ဝုန်းခနဲ ထလိုက်ပြီး....

"ခင်ဗျားတို့ကို လာပါ့မယ်လို့ ပြောပြီးပြီ မဟုတ်လား။ ကျုပ်အစ်ကိုကို ကျုပ် ရအောင် ခေါ်လာခဲ့မယ်။ ကျေနပ်ပြီလား"

ရွှေနားကွပ် အညိုရောင်ဝတ် နှစ်ယောက် ပျာပျာသလဲ ခေါင်းညိတ်လိုက်ကြသည်။





သူတို့က မာလုံးအား တောင်းပန်ဟန်ဖြင့်ကြည့်၏။

"ကောင်းပါပြီ ညီလေး.... ကောင်းပါပြီ။ ကျုပ်တို့ အခုပဲ သွားပါတော့မယ်"

ရွှေနားကွပ် ဝတ်စုံညိုနှစ်ယောက် နေရာမှ လျင်မြန်စွာ ထွက်ခွာသွားသည်။

ရှောင်းရိက ပြတ်သားစွာ ပြောဆိုလိုက်သော မာလုံးအား သဘောကျဟန်နှင့် ကြည့်ပြီး ရယ်သည်။

"ညီလေးက တကယ့်ကောင်ပဲ။ ဟိုလူတွေ တစ်ခါတည်း ထွက်ပြေးအောင် ပြောနိုင်တယ်။ နောက်ဆိုရင် မင်းကို အစ်ကို့ လက်ထောက်အဖြစ် တာဝန်ပေးရမယ်"

မာလုံးက တုံ့ပြန်စကား မပြောဘဲ ပြုံးနေသည်။

ရှောင်းရိသည် ဖြူဘွားဘွားအား လှမ်းကြည့်လိုက်ပြီး....

"ကျင်းလိန်မြို့စားသားမှာ ဘာကိစ္စတွေ ရှိသလဲ မသိဘူး။ နာမည်ကြီး မြို့စားတစ်ယောက်ရဲ့သားက ကျွန်တော့်ကို ဘာကိစ္စနဲ့ တွေ့ချင်တာလဲ မသိဘူး"

"အဲဒါ သိရအောင် မင်း သူ့ကို အမြန်ဆုံး သွားတွေ့သင့်တယ်။ ကျွန်းလိန် နယ်ထဲမှာ လူတစ်ယောက် လှုပ်ရှားနေတဲ့ သတင်း သိုင်းလောကထဲမှာ ပျံ့နေတယ်။ ခုဆိုရင် ကျင်းလိန်နဲ့ နယ်တင် မကဘူး။ အလယ်ပိုင်းကိုပါ ကူးစက်လာပြီ။ ကျင်းလိန် မြို့စားသားက မင်းကိုခေါ်တာ အဲဒီကိစ္စ ဖြစ်နိုင်တယ်"

"အဲဒီလူက ဘယ်သူလဲ ဘွားဘွား"

"ရွှေတောင်ပံ သိန်းငှက်လို့ ခေါ်တယ်"

ဒုတိယအကြိမ် ကြားလိုက်ရသည့် အမည်ကြောင့် ရှောင်းရိ ထိတ်လန့်သွားသည်။

"ရွှေတောင်ပံ သိန်းငှက်"

သူ့နှုတ်မှ ပဲ့တင်ထပ်မျှ ရေရွတ်သံတို့ ထွက်သွား၏။

စိတ်ဝင်တစား ဖြစ်သွားဟန်နှင့် သူ့ မျက်လုံးအစုံ အရောင်တဖျပ်ဖျပ် လက်လာသည်။

"ရွှေတောင်ပံ သိန်းငှက်ကို ဘွားဘွား တွေ့ဖူးသလား။ သူ့နာမည်ကို ကျွန်တော် ကြားဖူးထားတယ်။ သူ့ကို တွေ့ဖူး





တဲ့လူ မရှိဘူး။ တွေ့ဖူးရင်လဲ တွေ့တဲ့လူဟာ သူ့အကြောင်း ပြန်မပြောနိုင်တဲ့ သေလူတွေပဲလို့ပဲ ကြားဖူးတယ်"

"ဘွားဘွားလဲ အဲသလိုပဲ ကြားဖူးတယ်၊ သိုင်းလောကထဲမှာ သူနဲ့ ထိပ်တိုက်တွေ့ဖူးတဲ့လူ မရှိသေးပါဘူး။ သူက စပြီး လှုပ်ရှားတာ ကျင်းလိန်နယ်ပဲ။ ကျင်းလိန်က သူဌေးကြီး တစ်ယောက်ကို ချိန်းဆိုပြီး သတ်ပစ်တယ်....။

"အလောင်းဘေးမှာ သူ့အမှတ်အသား တံဆိပ်ကို ထားခဲ့တယ်။ အဲဒီနောက် ကျင်းလိန်နယ်က ထင်ရှားတဲ့ သိုင်းသမားတွေ တစ်ယောက်ပြီး တစ်ယောက် အသတ်ခံခဲ့ရတယ်၊ အဲဒီ သိုင်းသမားတွေ သေတဲ့နေရာမှာ ရွှေတောင်ပံသိန်းငှက် အမှတ်အသား ကျန်ရစ်တာချည်းပဲ"

"သူက ဘာရည်ရွယ်ချက်နဲ့ အခုလို လုပ်နေတာလဲ"

"သူ့ကိုတောင် မတွေ့ဖူးကြသေးတော့ သူ့ရည်ရွယ်ချက် ဘယ်သိနိုင်ပါ့မလဲ။ သူဟာ သိုင်းလောကရဲ့ ပြိုင်ဘက်ကင်းဘွဲ့အတွက် လှုပ်ရှားနေတယ် ထင်တာပဲ"

ရှောင်းရိမှာ ရွှေတောင်ပံ သိန်းငှက်အပေါ် ပို၍ စိတ်ဝင်စားလာသည်။

သူက ထိုင်နေရာမှ ထလိုက်ပြီး....

"ကျွန်တော် ကျောင်းလိန် မြို့စားသားကို သွားတွေ့လိုက်ဦးမယ်"

"အစ်ကိုတစ်ယောက်တည်း မသွားပါနဲ့၊ ကျွန်တော်ပါ လိုက်ခဲ့မယ်"

ရှောင်းရိုက ခေါင်းခါပြလိုက်သည်၊

"အန္တရာယ်ရှိမယ့် ကိစ္စဆိုရင် ညီလေးမှာပါ အန္တရာယ်ရှိလာသိမ့်မယ်၊ မလိုက်ခဲ့ပါနဲ့၊ အစ်ကို တစ်ယောက်တည်း သွားပါ့မယ်"

"အစ်ကိုက ခုမှ နေကောင်းခါစရှိသေးတာ တစ်ယောက်တည်း မသွားပါနဲ့၊ ကျွန်တော် လိုက်ခဲ့ပါ့မယ်"

ရှောင်းရိုက ခေါင်းခါပြီး ငြင်းပယ်မည်ပြုသည်။

လင်းလင်းက ရှေ့တိုးလာပြီး ရှောင်းရိုး၏ ပခုံးကို ဆုပ်ကိုင်ပြီး....





"ဟုတ်တယ်၊ အစ်ကို တစ်ယောက်တည်း မသွားပါနဲ့၊ မောင်လေးကို ခေါ်သွားပါ"

လင်းလင်းကပါ ပြောလာသဖြင့် ရှောင်းရို ငြင်းပယ်ရန် ခက်သွားသည်။

သူက ခေါင်းကို ခပ်လေးလေး ညိတ်လိုက်ပြီး....

"တားလို့မရရင်လဲ လိုက်ခဲ့ပါ။ ဒါပေမယ့် အစ်ကို စကားပြောတဲ့ အခါကျရင် ညီလေး တိတ်တိတ်က လေး နေပါ။ ဒါသန္နဲ ဘာမှ မလုပ်ရဘူး"

မာလုံးက မကျေနပ်ဟန် နှုတ်ခမ်းစူလိုက်ပြီးမှ ခေါင်းကို ခပ်ဆတ်ဆတ် ညိတ်ပြလိုက်လေသည်။

*

ရွှေနားကွပ် အညိုရောင်ဝတ်များပြောသွားသည့် တည်းခိုဆောင် ရှေ့တွင် ရှောင်းရိုနှင့် မာလုံးတို့ ရပ်လိုက်ကြသည်၊

F.18

တည်းခိုဆောင်အောက်ထပ်ရှိ စားသောက်ခန်းထဲမှ ရွှေနားကွင်း အညိုရောင်ဝတ်တစ်ယောက် ထွက်လာ၏။

ရှောင်းရိတို့အား အရိုအသေပြုပြီး....

"အထဲကိုကြွ ခင်ဗျာ။ မင်းသားလေး စောင့်နေပါတယ်"

ရှောင်းရိက ခေါင်းညိတ်ပြပြီး စားသောက်ခန်းအတွင်းသို့ ဝင်သည်။

မာလုံးမှာ ရှောင်းရိနောက်မှ ကပ်ပြီး လိုက်လာခဲ့၏။

စားသောက်ခန်းထဲတွင် ရွှေနားကွင်းဝတ်စုံဝတ်သုံးယောက် ရှိနေသည်။

ထိုသူသုံးယောက် ရပ်နေရာ၏ ရှေ့တည့်တည့် စားပွဲတွင် ဖြူဖွေးတောက်ပသော ပိုးသားဝတ်စုံ ဝတ်ထားသည့် လူရွယ်တစ်ယောက် ထိုင်နေသည်။

ထိုလူရွယ်မှာ ရုပ်ရည်ချောမောလှပသူဖြစ်ပြီး ရှောင်းရိတို့အား ပြုံးလျက် ကြည့်နေ၏။





"ရှောင်းရိဆိုတာ နာမည်ကြီးသလောက် အသက်ငယ်ငယ်ပဲ ရှိသေးတာကိုး။ ကျွန်တော် တန်ဟင်းလီ အစ်ကိုတို့ကို ဂါရဝပြုပါတယ်ဗျာ"

ရှောင်းရိက ရွှေမင်းသား တန်ဟင်းလီအား တုံ့ပြန်ဂါရဝပြုလိုက်သည်။

တန်ဟင်းလီက လက်တစ်ဖက် ဝှေ့ယမ်းလျက် ထိုင်ခုံကို ညွှန်ပြပြီး....

"ထိုင်ပါဦး.... တစ်ခုခု စားသောက်ရင်း စကားပြောကြတာပေါ့။ ကျွန်တော် အစ်ကိုတို့ကို ဧည့်ဝတ်ပြုပါရစေ"

"ကျုပ် အခုပဲ စားသောက်ပြီးပါပြီ။ ရေနွေးကြမ်းပဲ သောက်တော့မယ်"

ရွှေမင်းသားတန်ဟင်းလီက ရှောင်းရိနှင့်အတူပါလာသော မာလုံးအား ဖျတ်ခနဲ လှမ်းကြည့်၏။

သူ့အကြည့်တွင် စူးစမ်းဟန်တွေ ပါနေသည်။

"သူက...."

"ကျုပ်ရဲ့ညီလေးပါ။ ကျုပ်နဲ့ သေအတူ ရှင်မခွာ နေတဲ့ လူပဲ"

ရှောင်းရိ ပြောလိုက်သည့်စကားက မာလုံးအား ကြည်နူးသွားစေဟန် တူသည်။

ရင်ထွင် နွေးထွေးသွားလျက်က သူ ပြုံး၏။

"ကျွန်တော်ပြောမယ့်ကိစ္စက ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်နေလို့ မေးရတာပါ။ စိတ်မရှိပါနဲ့"

"ကိစ္စမရှိပါဘူး။ ခင်ဗျား ဘာကိစ္စပြောမလဲဆိုတာသိပါရစေ။ ကျုပ်က လူတစ်ယောက်အတွက် ဆောင်ရွက်ပေးစရာတွေ ရှိနေတော့ နောက်တာဝန်တစ်ခု ဆက်ပြီး ယူနိုင်မယူနိုင် ချင့်ချိန်ကြည့်ချင်ပါတယ်"

"ကျွန်တော် အကူအညီတောင်းချင်တာက လူတစ်ယောက်ကို ရှာဖို့ပါ။ အဲဒီလူပျောက်နေတာ ရွှေတောင်ပံသိန်းငှက်နဲ့ ပတ်သက်မယ်လို့ ထင်တယ်"

"ရှာပေးရမယ့်လူက ဘယ်သူလဲ"

"ပိုင်ရီဖုန်း.... ကျန်းနန်သူဌေးကြီး ပိုင်ရဲ့ သမီးပါ"

*



## အခန်း (၁၉)

စားသောက်ဆိုင်အတွင်း အပ်ကျသံပင် ကြားရမတတ် ငြိမ်သက် တိတ်ဆိတ်သွားသည်။

ပိုင်ရီဖုန်း၏ အမည်သည် ရှောင်းရိ၏ နားထဲမှတစ်ဆင့် ရင်ထဲထိတိုင် ပျံ့နှံ့သွား၏။

အတန်ကြာအောင် ငြိမ်သက်နေပြီး သူက ချောင်းတစ်ချက်ဟန့်၍....

"ပိုင်ရီဖုန်း ပျောက်ဆုံးနေတာ ရွှေတောင်ပံ သိန်းငှက်လက်ချက်လို့ ခင်ဗျား အတိအကျ သိထားသလား"

ရွှေမင်းသား တန်ဟင်းလီ ခေါင်းခါပြသည်။

"အတိအကျတော့ မသိပါဘူး။ ကျွန်တော့် စိတ်ထဲမှာထင်တာပါ"

"အကြောင်းအရာ ပြည့်စုံအောင် ပြောပြပါ။ ကျွန်တော် ဒီကိစ္စကို စိတ်ဝင်စားပါတယ်"

ရွှေမင်းသား တန်ဟင်းလီ ပြုံးသွားသည်။

"ရွှေတောင်ပံ သိန်းငှက်နဲ့ ပတ်သက်ရင် ခင်ဗျား စိတ်ဝင်စားမယ်ဆိုတာ ကျွန်တော် သိပါတယ်။ သူက ကျင်းလိန်နယ်မှာ စပြီး လှုပ်ရှားလာခဲ့တာဆိုတော့ ကျွန်တော့် ရန်သူဟောင်းပဲ၊ ကျွန်တော် သူ့ကိုရှာရင်း အလယ်ပိုင်းဒေသထိ ရောက်လာခဲ့တယ်၊ ဒါပေမယ့် ရွှေတောင်ပံ သိန်းငှက်ဟာ သိပ်လျှို့ဝှက်တော့ သူနဲ့ ပတ်သက်တဲ့ သတင်းအစအနကိုတောင် မရပါဘူး...."

"သူက အမှောင်ထဲကလူ ဆိုတော့ ကျွန်တော် လာတာ သွားတာ လှုပ်ရှားတာကို သိနေမှာပဲ။ ကျွန်တော့်ကို အနိုင်ယူ အကျပ်ကိုင်ချင်လို့ ပိုင်ရီဖုန်းကို ဖမ်းထားတာ ဖြစ်ရမယ်"

ရွှေမင်းသား တန်ဟင်းလီ၏ စကားကြောင့် ရှောင်းရိမှာ ရေနွေးကြမ်း ပန်းကန်ကို ကိုင်ထားရင်းမှ မျက်မှောင်ကြုံ့လိုက်၏။

သူက ရေနွေးကြမ်း မသောက်သေးဘဲ ပန်းကန်ကို ပြန်ချရင်း....





"ပိုင်ရီဖုန်းက ဘယ်လိုပါလာတာလဲ၊ သူနဲ့ မင်းသားလေးနဲ့ ဘယ်လို ဆက်နွယ်နေလို့လဲ"

"သူက ကျွန်တော့် ဇနီးလောင်းပါ"

ရှောင်းရိ၏ ရင်မှာ ပြင်းထန်စွာ လှုပ်ခုန်သွားသည်၊

သူက မျက်နှာမပျက်စေရန် သတိထားပြီး ရွှေမင်းသား တန်ဟင်းလီကို ဖြည်းညင်းစွာ မော့်ကြည့်သည်။

"မင်းသားလေးက ဇနီးလောင်းအတွက် စိတ်ပူပြီး လိုက်ရှာနေတယ် ဆိုပါတော့"

"ဟုတ်ပါတယ်။ သူ့အိမ်ကနေ ရုတ်တရက်ပျောက်သွားတယ်လို့ သတင်းကြားထားတယ်။ သတင်း ကြားကြားချင်း ကျွန်တော် လိုက်ရှာတာ ခုထိအောင် သူ့အရိပ်အယောင်ကိုလဲ မမြင်သေးဘူး။ သူ့သတင်း အစအနကိုလဲ မရသေးဘူး"

"ရွှေတောင်ပံ သိန်းငှက်က လူတစ်ယောက်ကို ဖမ်းဆီးတယ်၊ သတ်ဖြတ်ဖို့ ရည်ရွယ်တယ်ဆိုရင် သတိပေးတတ်တယ်လို့ ကျုပ် ကြားဖူးထားတယ်၊ သူက မင်းသားလေးကို သတိပေးသေးသလား"

ရွှေမင်းသား တန်ဟင်းလီ ခေါင်းခါပြသည်၊

"ခုချိန်ထိတော့ သတိ မပေးသေးပါဘူး၊ ဒါပေမယ့် သူ့ လက်ချက်ဆိုတာ ထင်ရှားပါတယ်၊ အဲသလိုမှ မဟုတ်ရင် ပိုင်ရီဖုန်း ပျောက်သွားစရာ အကြောင်းမရှိပါဘူး"

ရှောင်းရိက စဉ်းစားဟန်ဖြင့် တစ်ခဏမျှ ငြိမ်သွားသည်၊

ရေနွေးကြမ်းပန်းကန်ကို မယူ၍ ဖြည်းညင်းစွာ သောက်ရင်း ရွှေမင်းသား တန်ဟင်းလီ၏ မျက်လုံး သူငယ်အိမ်ထဲသို့ တည့်မတ်စူးရှစွာ စိုက်ကြည့်လိုက်သည်၊

"ပိုင်ရီဖုန်းဟာ ခင်ဗျားရဲ့ ဇနီးလောင်းဆိုတော့ ခင်ဗျားတို့ တစ်ယောက်နဲ့ တစ်ယောက်"

"ကျွန်တော်တို့ တစ်ယောက်နဲ့ တစ်ယောက် တွေ့ဖူးရုံပဲ ရှိပါတယ်၊ တစ်ယောက်နဲ့ တစ်ယောက် စကားပြောဖူးရုံထက် မပိုပါဘူး၊ သူ့အဖေ ကျန်းနန်သူဌေးကြီးနဲ့ ကျွန်တော့်အဖေ ကျွင်းလိန်မြို့စားဟာ သူငယ်ချင်းတွေပါ....၊

"သူတို့က ကျွန်တော်နဲ့ ပိုင်ရီဖုန်းကို လက်ထပ်ပေးဖို့ စီစဉ်ထားပါတယ်၊ ဆယ့်နှစ်လပိုင်း အကုန်မှာ ကျွန်တော်တို့ လက်ထပ်ကြရမယ်"

"ဪ....သူက ခင်ဗျားနဲ့ လူကြီးချင်း သဘောတူ ပေးစားမယ့် ဇနီးလောင်းပေါ့"

"ဟုတ်ပါတယ်"





"သူ့ကို တွေ့အောင်ရှာပေးရင် ကျုပ်အတွက် ဘာထူးခြားမလဲ"

"ရွှေစင်တစ်ပိဿာ ပေးပါ့မယ်"

ရွှေမင်းသား တန်ဟင်းလီ၏ စကားကြောင့် ရှောင်းရိ အံ့အားသင့်သွားသည်၊

"ရွှေစင်တစ်ပိဿာ ဟုတ်လား"

"ခင်ဗျား ဆောင်ရွက်ပေးမယ်ဆိုရင် ခု ရွှေစင်အစိတ် ပေးလိုက်ပါ့မယ်၊ ပိုင်ရီဖုန်းရဲ့ သတင်းကို ကြားတာနဲ့ ကျန်တာ ထင်ပေးပါ့မယ်"

ရွှေမင်းသားတန်ဟင်းလီ ရက်ရောနေခြင်းအတွက် ရှောင်းရိ၏ စိတ်ထဲတွင် အံ့ဩသွားမိသည်၊

ပိုင်ရီဖုန်းသည် ဇနီးလောင်းဖြစ်၍ ရှာတွေ့လိုခြင်းထက် ပိုသော အကြောင်းအရာတစ်ခု ယခုအဖြစ်အပျက်၏ နောက်ကွယ်တွင် ရှိမည်ဟု သူ တွေးသည်၊

ထိုအတွေးနှင့်ပင် သူက ခေါင်းညိတ်လိုက်လေ၏၊

"ကောင်းပါပြီ၊ ကျုပ် ဆောင်ရွက်ပါ့မယ်"

ရွှေမင်းသား တန်ဟင်းလီက လက်ခုပ်တစ်ချက် တီးလိုက်သည်၊

ရွှေနားကွပ် ဝတ်စုံညို ဝတ်ထားသူတစ်ယောက် ကတ္တီပါ ရှုံ့အိတ်တစ်လုံးကိုင်ပြီး ရောက်လာ၏။

ထိုသူက ကတ္တီပါ ရှုံ့အိတ်ကို ရွှေမင်းသား တန်ဟင်းလီအား ပေးသည်။

"ဒီမှာ ရွှေစင်အစိတ်ပဲ။ တစ်ခုခု ထူးခြားရင် ကျန်းနန် သူဌေးကြီး ပိုင်ဆီကို ဆက်သွယ်ပါ။ ခင်ဗျားအတွက် ကျန်တဲ့ ဆငွေ သူ့ဆီကလဲ ထုတ်ယူလို့ ရပါတယ်"

"တစ်လအတွင်း ကျုပ် အကြောင်းပြန်ပါ့မယ်။ သတင်းမှ စုံစမ်းလို့ မရဘူး၊ ကျုပ် မဆောင်ရွက်နိုင်တော့ဘူးဆိုရင် ယူထားတဲ့ ရွှေစင်အစိတ် ပြန်ပေးပါ့မယ်"

ရှောင်းရီ၏ စကားအဆုံးတွင် ရွှေမင်းသား တန်ဟင်းလီ ရယ်မောလိုက်သည်။

"စုံစမ်းလို့ရရင်ရ မရရင်နေ.... ဒီရွှေစင်အစိတ်က ခင်ဗျားအတွက်ပဲ။ ပြန်ပေးစရာမလိုပါဘူး"

"ကောင်းပါပြီ.... ဒါဆိုရင်လဲ ကျုပ်လုပ်စရာရှိတာ လွတ်လွတ်လပ်လပ် လုပ်နိုင်တာပေါ့။ ထပ်ပြောစရာ မရှိဘူးဆိုရင် ကျုပ်သွားတော့မယ်"

"ကောင်းပါပြီ.... ခင်ဗျားကို ကျွန်တော် ယုံကြည်ပြီးသားပါ။ ခင်ဗျားရဲ့ ကောင်းသတင်းတွေကိုလဲ အများကြီးကြားဖူး





ထားပါတယ်။ ယုံကြည်စိတ်ချပြီး ခင်ဗျား သတင်းပို့မှာကို စောင့်နေပါ့မယ်"

"စောစောက ကျုပ်ပြောသလို တစ်လအတွင်း သတင်းရပါစေ့မယ်"

ရှောင်းရီက လေးနက်တည်ကြည်စွာပြောပြီး ထိုင်နေရာမှ ထလိုက်သည်။

စားပွဲပေါ်တင်ထားသည့် ကတ္တီပါရှုံ့အိတ်ကိုယူ၍ မာလုံးလက်ထဲ ထည့်၏။

ပြီး.... စားသောက်ဆိုင်အတွင်းမှ ထွက်သည်။

အပြန်ခရီးတွင် သူက ငြိမ်သက်တိတ်ဆိတ်စွာ လျှောက်ခဲ့သည်။

ပိုင်ရီဖုန်းနှင့် ပတ်သက်သည့် အကြောင်းအရာက သူ၏ အတွေးအသိကို လွှမ်းမိုးနေလေ၏။

*

"အစ်ကိုက ပိုင်ရီဖုန်းကို သိတယ်ထင်တယ်"

ဆိုင်ငါးဆိုင်ခန့်ကို ကျော်မိသည်နှင့် မာလုံးက စကားစသည်။

ရှောင်းရီ အံ့အားသင့်သွားလျက် မာလုံးအားကြည့်သည်။

"ညီလေး.... ဘာဖြစ်လို့ အဲဒီလို ထင်တာလဲ"

မာလုံး ရယ်လိုက်သည်။

"တစ်ယောက်က ပိုင်ရီဖုန်းကို ရှာပေးပါလို့ ပြောတယ်။ အစ်ကိုက ရှာပေးမယ်လို့ ပြောတယ်....။

"သဘောတူပြီး အပေးအယူ လုပ်ကြတယ်။ ဒါပေမယ့် သူက ပိုင်ရီဖုန်းဟာ ဘယ်လို ဘယ်ပုံသဏ္ဌာန်ဆိုတာ မပြောဘူး...."

"အစ်ကိုလဲ ပိုင်ရီဖုန်းရဲ့ ပုံသဏ္ဌာန် ဘယ်လိုလဲ။ သူ့ရုပ်ရည် ဘယ်လိုရှိသလဲ၊ ဘယ်သူတွေနဲ့ အဆက်အစပ်ရှိသလဲဆိုတာ မမေးဘူး။ ဘာမှမသိဘဲနဲ့ ပိုင်ရီဖုန်းကို အစ်ကို ဘယ်လိုလုပ် ရှာမလဲ။ တွေ့သမျှမိန်းကလေးတွေကို မင်း ပိုင်ရီဖုန်းလားဆိုပြီး မေးနေမလား"

မာလုံး၏ စကားကြောင့် ရှောင်းရီ အားရပါးရ ရယ်လိုက်သည်။





သူက မာလုံး၏ ပခုံးကို လှမ်းဖက်ပြီး....

"မင်းက သိပ်လည်တဲ့ကောင်ပါလား။ အသေးစိတ်ကလေးက စပြီး သတိထားတယ်"

"ရွှေမင်းသားကလဲ အဲဒါကို သတိထားလိမ့်မယ် အစ်ကို"

"ဟုတ်တယ်.... သူကလဲ ဒါကို သတိထားမှာပဲ။ ညီလေး ဒီမှာ ခဏနေဦး"

ရှောင်းရီက မာလုံးကို ထားခဲ့ပြီး ရွှေမင်းသား တန်ဟင်းလီ ရှိနေသော စားသောက်ဆိုင်ဆီသို့ ပြန်ပြေးခဲ့သည်။

စားသောက်ဆိုင်ထဲ အပြေးအလွှား ဝင်ခဲ့ပြီးနောက်တွင် ထိုင်နေသော ရွှေမင်းသား တန်ဟင်းလီ၏ရှေ့တွင် ရပ်လိုက်သည်။

"ဘာကျန်ခဲ့လို့လဲ"

"မေးစရာကျန်ခဲ့လို့ပါ"

ရွှေမင်းသားတန်ဟင်းလီက ရှောင်းရီအား မျက်မှောင်ကြုံ့လျက် ကြည့်သည်။

"ဘာများ မေးချင်လို့လဲ မေးပါ"

"ပိုင်ရီဖုန်းရဲ့ ပုံသဏ္ဌာန် သူ့အမူအကျင့်တွေကို သိပါရစေ။ ဘာမှမသိဘဲ ပိုင်ရီဖုန်း ဘယ်သူလဲ ပိုင်ရီဖုန်း ဘယ်သူလဲလို့ အော်ပြီး မေးလို့ရတာမှ မဟုတ်တာဲ"

တန်ဟင်းလီ ခေါင်းတဆတ်ဆတ်ညိတ်ပြီးနောက် ရယ်လိုက်သည်၊

"သတင်းကြားဖူးထားတဲ့အတိုင်း ခင်ဗျားဟာ အင်မတန့်စေ့စပ်သေချာတဲ့ လူပဲ။ မှားကွက်မရှိ ဟာကွက် မရှိအောင်နေတတ်တယ်ဆိုတာ မှန်နေပြီ၊ အဲဒီအကြောင်း ကျွန်တော်မစဉ်းစားမိဘူး၊ သူနဲ့ ပတ်သက်လို့ ကျွန်တော် ပြောပြပါ့မယ်"

ရွှေမင်းသား တန်ဟင်းလီက ပိုင်ရီဖုန်း၏ ပုံသဏ္ဌာန်ကို ပြောပြသည်၊

ပိုင်ရီဖုန်း ဝတ်စားဆင်ယင်တတ်ပုံ သူ့အမူအကျင့်တို့ကိုပါ ပြောပြသည်။

"သူက အနီရောင်ကို အမြဲလိုလို ဝတ်လေ့ရှိတယ်....။ တဇွတ်ထိုး လုပ်လေ့ရှိတယ်။ စိတ်ကြီးတယ်၊ ဒါလောက်ဆိုရင် ရပြီလား။ မရသေးရင်တော့ ပုံတူရေးပြတန် ရေးပြရမှာပဲ"





"ရပါပြီ.... ကျုပ်စိတ်ကူးထဲမှာ သူ့ကို ပုံဖော်ကြည့်လို့ရပါပြီ"

ရှောင်းရိက စကားအဆုံးတွင် ရွှေမင်းသား တန်ဟင်းလီရှေ့မှ ခွာထွက်သည်။

ဆိုင်အပြင်သို့ရောက်သည်နှင့် ရပ်စောင့်နေသော မာလုံးကို တွေ့လိုက်ရ၏။

ရှောင်းရိ၏ မျက်နှာ တင်းခနဲဖြစ်သွားပြီး....

"ညီလေး ... မင်းဘာဖြစ်လို့ ဒီထိအောင် ပြန်လိုက်လာတာလဲ"

"အစ်ကို့ကို စိတ်မချလို့ပါ။ အစ်ကိုက နေကောင်းတာတစ်ရက်ပဲရှိသေးတယ်၊ အားပြည့်သေးတာ မဟုတ်ဘူး"

ရိုးရိုးသားသားပြောလိုက်သည့် မာလုံး၏ စကားကြောင့် ရှောင်းရိမှာ နင့်ခနဲ ခံစားလိုက်ရ၏။

သူစောင့်ခိုင်းသည့် နေရာတွင် မစောင့်ဘဲ လိုက်လာခြင်းကြောင့် ဒေါသဖြစ်မိသွားသော သူ့ကိုယ်သူ အပြစ်တင်မိ၏။

"ဒါလောက် စိတ်မပူပါနဲ့ကွာ၊ အစ်ကိုက ကလေးလေး မဟုတ်ပါဘူး"

"ကလေးမို့ စိတ်ပူတာ မဟုတ်ပါဘူး။ နေကောင်းခါစလူမို့ စိတ်ပူတာပါ"

"အစ်ကိုက ရွှေစင်အစိတ်သား လက်ထဲ ရှိနေတဲ့ မင်း အတွက် စိတ်ပူနေတာ၊ လာ သွားကြမယ်။ ဟိုမှာ ကျန်ခဲ့တဲ့ လူတွေလဲ အစ်ကိုတို့ကို စိတ်ပူနေလိမ့်မယ်"

"အားလုံးထက်ပိုပြီး မမလင်းလင်းက စိတ်ပူနေမှာပါ။ သူက အစ်ကို့အပေါ် သံယောဇဉ်သိပ်ကြီးတယ်"

မာလုံး၏ စကားက ရှောင်းရှိ၏ နှလုံးသားကို ထိသွား၏။

သူ့ရင်မှာ လှပ်ခနဲဖြစ်သွားရသည်။

"အစ်ကိုတို့က မောင်နှမတွေပဲ။ တစ်ယောက်အပေါ် တစ်ယောက် သံယောဇဉ်ပို့ရမှာပေါ့။ အခု အစ်ကို့မှာ ရွှေစင် အစိတ် ရှိနေပြီ။ ဒီရွှေတွေကို ဘာအတွက်သုံးရင် ကောင်းမလဲ"

"အစ်ကိုက လှူချင်တာလား"





"ဟုတ်တယ် ညီလေး"

"ရေဘေးဒုက္ခသည်တွေအတွက် လှူလိုက်ပေါ့။ ကျူဟုန် ကျေးရွာ ရေလွှမ်းပြီး ပတ်ဝန်းကျင်က ရွာသူ ရွာသားတွေ ဒုက္ခရောက်တဲ့သတင်း ကြားရတယ်။ အဲဒီဒုက္ခသည်တွေအတွက် လှူလိုက်ရင် သိပ်အကျိုးရှိမှာပဲ"

မာလုံး၏ အကြံပေးစကားကို ရှောင်းရှိ သဘောကျသွား သည်။

သူက ခေါင်းတဆတ်ဆတ်ညိတ်ပြီး....

"ကောင်းတယ်.... အဲဒီအတိုင်း လုပ်ရမှာပဲ။ အစ်ကိုတို့ ဒီမနက် ခရီးထွက်ရင် နေ့ခင်းကျ စုကျိုးမြို့ကိုရောက်လိမ့်မယ်။ ကျူဟုန်ကျေးရွာဟာ စုကျိုးမြို့နယ်ထဲမှာပါတော့ စုကျိုးမြို့စား ဆီ သွားပြီး အလှူငွေပေးလို့ရတာပဲ"

"စုကျိုးမြို့မှာ အလှူခံစခန်းဖွင့်ထားတယ်လို့ ကြားတယ်။ အဲဒီကို သွားရမှာပေါ့။ အခုလို လှူနိုင်ဖို့အတွက် ပျောက်ခ ပေးရတဲ့ ပိုင်ရှိဖုန်းကို ကျေးဇူးတင်ဖို့ကောင်းနေပြီ။ သူ တစ် ယောက်တည်း မဟုတ်ဘူး ရွှေတောင်ပံသိန်းငှက်ကိုပါ ကျေးဇူး တင်ရမယ်"

"ရွှေတောင်ပံသိန်းငှက်ကို ထည့်မပြောပါနဲ့"

"ဘာဖြစ်လို့လဲ အစ်ကို"

"ပိုင်ရီဖုန်းကို ရွှေတောင်ပံသိန်းငှက် ဖမ်းသွားတာမဟုတ်ပါဘူး။ သူ့အိမ်က အိမ်ထောင်ချပေးမယ်ဆိုလို့ ထွက်ပြေးနေတာပါ"

"ဟင်.... အစ်ကိုက ဒီအကြောင်းကို ဘယ်လိုလုပ်သိသလဲ"

"ညီလေးက မေ့ချင်ဟန် ဆောင်နေပြန်ပြီ။ ပိုင်ရီဖုန်းဟာ အစ်ကိုနဲ့ အတူသွားလာဖူးတယ်လေ။ ညီလေးနဲ့တောင် တွေ့ဖူးသေးတာပဲ"

မာလုံးက လူ့အမိခံရသော ကလေးတစ်ယောက်ပမာ လျှာလေး တစ်လစ်ထုတ်ပြီး ပြုံးရယ်သည်။

"အစ်ကိုက သိပ်စေ့စပ် သေချာတာပဲ။ တစ်ချက်ကလေးတောင် သတိမလစ်ဘူး။ အစ်ကို့ကို လှည့်စားရ ခက်တယ်ဆိုတာ မှန်နေပြီ"

"စေ့စပ် သေချာတဲ့အတွက် အစ်ကို ကနေ့ထိ အသက်ရှင်နေတာပဲ ညီလေး။ မစေ့စပ်ရင် အစ်ကို့ ခေါင်းနဲ့ကိုယ် အိုးစားကွဲနေတာ ကြာပြီ။ သိရဲ့လား ညီလေး"

*



## အခန်း (၂၀)

အားလုံးက ဝိုင်းဝန်း တိုက်တွန်းသဖြင့် ရှောင်းရီ မြင်းလှည်းပေါ်ကပင် လိုက်သည်။

ယခုတစ်ခါတွင် ရှောင်းရီ၊ လင်းလင်း၊ မာလုံးနှင့် ခြူဘွားဘွားတို့ မြင်းလှည်းပေါ်တွင် ထိုင်လိုက်ခဲ့ကြ၏။

မြင်းလှည်းက စုကျိုးမြို့ဆီသို့ ဦးတည်ပြေးသည်။

တိမ်ပျံကုန်းချီတို့မှာ မြင်းလှည်းရှေ့မှ တစ်ယောက် မြင်းလှည်းနောက်မှ နှစ်ယောက် မြင်းစီး၍ လိုက်ခဲ့ကြ၏။

မြင်းလှည်း ထွက်သည်နှင့် ရှောင်းရီ ရွှေစင်အစိတ် ရလာကြောင်းမှ စပြီး ထိုရွှေကို ရေဘေးဒုက္ခသည်များအား လှူမည့်အကြောင်း မာလုံးက ပြောပြသည်။

ခြူဘွားဘွားနှင့် လင်းလင်းတို့က ရှောင်းရီ၏ ရည်ရွယ်ချက်ကို သဘောကျ နှစ်မြို့က်သွားကြသည်။

"အစ်ကို့ ရည်ရွယ်ချက် သိပ်ကောင်းတယ်။ အကူအညီလိုနေတဲ့လူတွေကို အကူအညီပေးတာ အကောင်းဆုံးပဲ"

“အားနည်းတဲ့လူကို ကူညီတတ်တဲ့ မင်းရဲ့စိတ်ထားကြောင့် တိုးတက်ဦးမှာ အမှန်ပဲ”

လင်းလင်းနှင့် ခြူဘွားဘွားတို့က ဝမ်းသာအားရ ပြောကြ၏။

“ဒါ ကျွန်တော်တစ်ယောက်တည်းရဲ့ စိတ်ကူး မဟုတ်ပါဘူး၊ ညီလေး မာလုံးကလဲ အကြံပေးပါတယ်”

“မင်းတို့ နှစ်ယောက်စလုံးဟာ စိတ်သဘော ကောင်းကြတဲ့ ကလေးတွေပဲ”

ခြူဘွားဘွား၏ ချီးကျူးစကားကြောင့် မာလုံး မနေတတ် မထိုင်တတ် ဖြစ်သွားသည်။

သူက ကလေးဆန်ဆန် အမူအရာနှင့် ခစ်ခနဲ ရယ်လိုက်၏။

ဘေးတွင် ထိုင်နေသော ရှောင်းရိက မာလုံး၏ ပခုံးပေါ် လက်တင်သည်။

ရှောင်းရိက ချစ်ခင်ရင်းနှီးစိတ်နှင့် ပခုံးပေါ် လက်တင်လိုက်ခြင်း ဖြစ်သော်လည်း မာလုံးမှာ မိန်းကလေးတစ်ယောက်မို့ အနေရခက်ပြီး ရှက်သွားသည်။

သူက မလုံမလဲ့ဟန်ဖြင့် ခြူဘွားဘွားအား လှမ်းကြည့်ပြီး ရှောင်းရိ၏ လက်မှ အသာအယာ ရုန်းထွက်သည်။

မာလုံး၏ အပြောအဆို အမူအရာတို့ကို မျက်နှာချင်းဆိုင် ထိုင်နေသော လင်းလင်းက မြင်တွေ့နေသည်။





သူက မာလုံးအား မသိမသာ မျက်မှောင်ကြုံ့ပြီး ကြည့်သည်။

ကြည့်နေရင်းမှ သူ့မျက်နှာတွင် ထူးခြားသော အပြုံးလေး ပေါ်လာသည်။

မြင်းလှည်းက မှန်မှန်ပြေးနေ၏။

မြင်းလှည်းပေါ်ပါလာသည့် ရှောင်းရိတို့သည် ရောက်တတ်ရာရာ စကားများ ပြောလာကြသည်။

ထူးဆန်းငါးဖော်တွင် တစ်ယောက် အပါအဝင်ဖြစ်သော ခြူဘွားဘွားက သိုင်းလောက အတွေ့အကြုံများကို ပြောပြသည်။

လူငယ်သုံးယောက်က ခြူဘွားဘွား၏ စကားကို စိတ်ဝင်တစား နားထောင်၏။

နေ့လယ်ခင်းတွင် သူတို့၏ မြင်းလှည်း စုကျိုးမြို့သို့ ရောက်လာသည်။

မြင်းလှည်းသမားက စားသောက်ဆိုင် တစ်ဆိုင်ရှေ့တွင် မြင်းလှည်းကို ရပ်သည်။

ရှောင်းရိတို့တစ်တွေ မြင်းလှည်းပေါ်မှ ဆင်းကြ၏။

ဘားသောက်ဆိုင်သို့ဝင်ပြီး နံနက်စာ မှာယူ စားသောက်ကြသည်။

"ဒီမြို့မှာ ရေဘေးဒုက္ခသည်စခန်း ဖွင့်ထားတာ ရှိတယ် မဟုတ်လား၊ အဲဒါ ဘယ်နားမှာလဲ"

မာလုံးက စပ်စပ်စုစု လုပ်တတ်သူပီပီ စားပွဲထိုးအား မေးသည်။

စားပွဲထိုး ကြောင်အန်းအန်း တစ်ချက်ဖြစ်သွားပြီး....

"ဒုက္ခသည် စခန်းတော့ မရှိဘူး။ ဒုက္ခသည်တွေအတွက် အလှူခံတဲ့ နေရာတော့ရှိတယ်၊ အဲဒါ ရှေ့တစ်လမ်းကျော်မှာပဲ၊ ဒုက္ခသည်တွေကို အများဆုံး ကူညီနေတဲ့ သူဌေးကြီး ကောင်းရင် ကိုယ်တိုင် အလှူခံနေပါတယ်"

"အလှူခံစခန်းရှိရင် ပြီးတာပါပဲ"

"အစ်ကိုလေးတို့က ဒုက္ခသည်တွေအတွက် လှူဒါန်းမလို့လား"

မာလုံးက တည်ငြိမ်သော မျက်နှာထားနှင့် ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ နည်းနည်းပါး လှူမလို့ပါ"





"တစ်ရွာလုံး ရေထဲကို မြုပ်သွားတော့ ရွာသူရွာသားတွေ တော်တော် ဒုက္ခရောက်ကြပါတယ်။ စုစုပေါင်း ရွာငါးရွာ ရေလွှမ်းခံရတာ။ ကျွန်တော်တို့ ဆွေမျိုးတွေလဲ ပါတယ်"

"အသေအပျောက် အပျက်အစီးများမှာပေါ့"

"သေတဲ့လူလဲ အများကြီးပဲ၊ အသက်ကြီးတဲ့လူနဲ့ ကလေးတွေ အသေများပါတယ်။ အခု ငါးရွာစလုံးက လူတွေကို တစ်နေရာထဲမှာ စုထားပြီး ဒီမြို့ကနေ ရိက္ခာတွေပို့ထောက်ပံ့နေရတယ်"

စားပွဲထိုး၏စကားကို နားထောင်ရင်း မာလုံးက ရှောင်းရိအား လှမ်းကြည့်လိုက်သည်။

စားသောက်ပြီးစီးသွားသော ရှောင်းရိ နေရာမှထလိုက်ပြီး ခြူဘွားဘွားအား လှမ်းကြည့်၍....

"ကျွန်တော် အလှူခံစခန်းကို သွားကြည့်လိုက်မယ်။ ညီလေးနဲ့ ညီမ စားသောက်ပြီးမှ လိုက်ခဲ့ပါ။ ညီလေး လှူစရာကို ယူလာခဲ့ပေါ့"

"ကျွန်တော်လဲ တစ်ခါတည်း လိုက်မယ် အစ်ကို"

"ပြီးအောင် စားသောက်လိုက်ဦး၊ စားပြီးမှ လိုက်ခဲ့"

ရှောင်းရိက လေသံမာမာနှင့် ခပ်ပြတ်ပြတ်ပြောပြီး ထွက်သွားသည်။

မာလုံးသည် မကျေမနပ်ဖြစ်သွားဟန်နှင့်နှုတ်ခမ်းစူလိုက်၏။

လင်းလင်းက မာလုံးအားကြည့်လျက် ပြုံးပြီး....

"ညီမလေး"

လင်းလင်း၏ ခေါ်သံကြောင့် မာလုံး ဆတ်ခနဲ ဖြစ်သွားသည်။

သူက အံ့အားသင့်စွာ လင်းလင်းကို တုံ့ပြန်ကြည့်သည်။

"မမ....・ကျွန်တော့်ကို"

"ညီမလေး.... မင်းဟာ မိန်းကလေးဆိုတာ ဒီမနက်ကျမှ မမ သိတယ်။ ယောကျ်ားလေးအဖြစ် ဘယ်လိုပဲ ဟန်ဆောင်ထားပေမယ့် မင်းမှာ မိန်းကလေးတစ်ယောက်ရဲ့ အမူအကျင့်တွေ ရှိနေတယ်"

"မမ.... ကျွန်တော်"

ဘာပြောရမှန်းမသိဘဲ ထစ်ငေါ့ငေါ့ဖြစ်နေသည့် မာလုံးအား ကြည့်ပြီး လင်းလင်းနှင့် ခြူဘွားဘွားတို့ ရယ်လိုက်ကြသည်။





"သူ့လျှို့ဝှက်ချက်ကို ရှက်လှေပေါ်မှာကတည်းက ဘွားဘွား သိထားပါတယ်။ သူ ယောကျ်ားလေးလို ဟန်ဆောင်နေနေတာ အန္တရာယ်ကင်းလို့ ဒီအတိုင်းပဲ ဆက်နေဖို့ ပြောထားရတယ်။ သမီးကလဲ သူ့လျှို့ဝှက်ချက်ကို မဖော်ပါနဲ့။ ယောကျ်ားလေးအဖြစ်နဲ့ပဲ သူ နေပါစေ"

လင်းလင်းက အသာအယာ ခေါင်းညိတ်ပြသည်။

သူက တစ်စုံတစ်ရာပြောမည်အပြုတွင် ရုတ်တရက် ပေါ်ထွက်လာသည့် ရယ်သံကြောင့် မပြောဖြစ်ဘဲ အသံလာရာသို့ ကြည့်သည်။

အနားသို့ရောက်လာပြီး ရပ်နေသော ရှောင်းရိကို တွေ့လိုက်သဖြင့် အံ့အားတသင့်ဖြစ်သွားရ၏။

"ရွှေအိတ်ပါသွားလို့ ပြန်လာတာပါ။ မြင်းလှည်းပေါ်မှာ ညီလေး.... အဲ.... ညီမလေးက အစ်ကို့ကို ရွှေအိတ် ပြန်ပေးထားတယ် မဟုတ်လား။ အဲဒါမေ့ပြီး ညီမလေးကို လှူစရာယူခဲ့ပါလို့ မှာမိတယ်။ ရော့ ညီမလေး ယူထားပါ"

မာလုံးက တုန်ယင်သော လက်ဖြင့် ရွှေအိတ်ကို လှမ်းယူသည်။

ရှောင်းရိက ရယ်မောပြီး မာလုံး၏ ပါးပြင်ကို တစ်ချက်ဖျစ်ညှစ်ကာ ပြန်ထွက်သွားသည်။

ရှောင်းရှိ ထွက်သွားသည်နှင့် မာလုံးက မကျေမနပ်ခြင်းကို ထုတ်ဖော်ဟန် ခြေဆောင့်သည်။

သူက နှုတ်ခမ်းကိုစူလျက် လင်းလင်းအား လှမ်းကြည့်၏။

"မမ ပြောနေတာကို အစ်ကိုကြားပြီး သိသွားတာ။ အခုတော့ အားလုံး သိကုန်ပြီ"

"မမတို့ပဲ သိတာပါ ညီမလေးရယ်။ အပြင်လူတွေ မသိကြပါဘူး။ မင်းက မမတို့ကိုပါ လျှို့ဝှက် ထားချင်လို့လား။ ပြောပါဦး။ မမကတော့ မင်းကို မောင်လေး တစ်ယောက်အနေနဲ့လဲ ချစ်တာပဲ။ ညီမလေးအဖြစ်နဲ့ ပိုတောင် ချစ်သေးတယ်။ ဟန်ဆောင်ထားတာပေါ်သွားလို့ မင်း မမကို မချစ်တော့ဘူးလား"

မာလုံး၏ မျက်နှာတွင် အပြောင်းအလွဲ များစွာပေါ်သွားသည်။

ဘစ်ခဏအကြာတွင် သူ ပြုံးလာ၏။

"ညီမက မမတို့ကို ဟန်မဆောင်ချင်ပါဘူး။ တခြားလူတွေကတော့ ညီမကို ယောကျ်ားလေးတစ်ယောက်လို့ပဲ ထင်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတာ တစ်နေ့ကျရင် ညီမ ပြောပြ





ပါမယ်။ အခုတော့ မသိချင်ပါနဲ့ဦးနော် မမ။ ဘွားဘွားလဲ မသိချင်ပါနဲ့ဦးရှင်"

*

မာလုံးကို မိန်းကလေး တစ်ယောက်ဟု သိလိုက်သည်နှင့် ရှောင်းရှိ စိတ်ထဲတွင် ထူးထူးခြားခြား လှုပ်ရှားလာသည်။

မာလုံးသည် ပိုင်ရှိဖုန်းလုံပင် အိမ်ပြေးမလေးဖြစ်နေမလားဟု စဉ်းစားရင်း အလှူခံဌာနရှိရာသို့ လျှောက်ခဲ့သည်။

စားပွဲထိုးလေးပြောသည့်အတိုင်း အလှူခံဌာနတွင် သူဌေးကြီး ကောင်းရင် ကိုယ်တိုင် ဦးစီး အလှူခံနေ၏။

အလှူခံသမားများက ဒုက္ခသည်များအကြောင်း၊ ၎င်းတို့ စားဝတ်နေရေး၊ ကျန်းမာရေးများအတွက် အကူအညီလိုအပ်နေကြောင်းများ ပြောပြနေကြသည်။

ရှောင်းရှိသည် အလှူခံဌာနရှေ့တွင် ရပ်ပြီး အပြန်အလှန် ပြောနေသည့် စကားများကို နားထောင်သည်။

ပြီးနောက် သူက သူဌေးကြီးကောင်းရင်အား ဝင်တွေ့၏။

သူဌေးကြီးကောင်းရင်က ရှောင်းရိအား ခြေဆုံးခေါင်းဆုံး ကြည့်ပြီး....

"ဒုက္ခသည်တွေအတွက် လှူချင်လို့ထင်တယ်"

"ဟုတ်ကဲ့.... ကျွန်တော် နည်းနည်းပါးပါး လှူမလို့ပါ" ကျွန်တော့်အလှူကို လူငါးယောက်နာမည်နဲ့ မှတ်ထားပါ"

"ရပါတယ်။ ဘယ်သူတွေက လှူမှာလဲ။ ဘယ်လောက် လှူမှာလဲ"

ရှောင်းရိက ခြူဘွားဘွား လင်းလင်း မာလုံးနှင့် သူ့နာမည်တို့ကို ပြောပြလိုက်သည်။

"အလှူရှင် လေးယောက်ပေါ့"

"ဟုတ်ပါတယ်"

"လှူမယ့်ငွေက"

"ရွှေစင်အစိတ်ပါ"

"ဗျာ"

"ရွှေစင်အစိတ် လှူမှာပါ။ လှူမယ့်ရွှေ ကျွန်တော့်ညီလေးနဲ့ အတူ ပါလာပါလိမ့်မယ်။ အလှူရှင် နာမည်ကို မှတ်ခိုင်းပေမယ့် ကျွန်တော်တို့ ရွှေစင်အစိတ် လှူသွားတယ်ဆိုတာ လူမသိစေချင်ပါဘူး"





"ဒီအတွက် စိတ်ချပါ။ အလှူရှင်က လျှို့ဝှက်ထားပါဆိုရင် ကျုပ်တို့ လျှို့ဝှက်ထားပေးပါ့မယ်"

သူဌေးကြီးနှင့် ရှောင်းရိတို့ စကားပြောနေစဉ် ခြူဘွားဘွား ဦးဆောင်ပြီး လင်းလင်းနှင့် မာလုံးတို့ ရောက်လာသည်။

မာလုံးက ရောက်ရောက်ချင်း ရွှေအိတ်ကို ထုတ်ပေး၏။

သူဌေးကြီးက စိတ်လှုပ်ရှား ဝမ်းသာတန် ရွှေအိတ်ကို ဖွင့်ပြီး စစ်ဆေးသည်။

ရှောင်းရိသည် ဘေးပတ်ဝန်းကျင် အခြေအနေကို တစ်ချက်အကဲခတ် ကြည့်သည်။

အလှူခံဌာနရှေ့တွင် ရပ်နေသူတစ်ယောက်အား တွေ့သည်နှင့် သူ့ရင် ထိတ်ခနဲ ခုန်သွား၏။

"ဘွားဘွား ဒီမှာ လုပ်စရာရှိတာ လုပ်ပြီး စားသောက်ဆိုင်က စောင့်နေပါ။ ကျွန်တော် အခု ပြန်လာမယ်"

ရှောင်းရိက ခြူဘွားဘွားအား ခပ်တိုးတိုးပြောပြီး အပြင်သို့ အပြေးတစ်ပိုင်း ထွက်သည်။

အပြင်သို့ရောက်သည်နှင့် အလှူခံဌာနရှေ့မှ ခွာထွက်ရန် ပြင်ေ သူထံ လျှောက်သည်။

"ညီမ"

ရှောင်းရိ၏ ခေါ်သံကြောင့် ခြေလှမ်းပြင်နေသော ပိုင်ရှိဖုန်း လှည့်ကြည့်လာသည်။

သူက ရှောင်းရိကို မြင်ပြီး မဲ့ပြုံး ပြုံးလျက် နေရာမှ လှစ်ခနဲ ပြေးထွက်၏။

"ညီမ နေပါဦး"

ရှောင်းရိက ပိုင်ရှိဖုန်း၏ နောက်မှ အပြေးလိုက်သည်။

ပိုင်ရှိဖုန်းသည် အတော်ဝေးဝေးသို့ ရောက်သည်ထိ မရပ်မနား ပြေးသည်။

သို့သော် နောက်မှ ပြေးလိုက်လာသော ရှောင်းရိနှင့် ဝေးအောင် မတတ်နိုင်သဖြင့် အပြေးရပ်ပြီး သစ်ပင် တစ်ပင်ရိပ်သို့ ဝင်လိုက်သည်၊

ရှောင်းရိက ပိုင်ရှိဖုန်းအနီးတွင် ရပ်လိုက်ပြီး....

"ညီမ ဘာဖြစ်လို့ ထွက်ပြေးရတာလဲ"

ပိုင်ရှိဖုန်း နှုတ်ခမ်းစူလိုက်သည်။

"အစ်ကို့မှာ အဖော်တွေ အပေါင်းတွေ ရှိနေတာ၊ ညီမပါ ရှိရင် ရှုပ်နေမှာပေါ့"





"ညီမ ဘာတွေပြောနေတာလဲ၊ အဲဒါ ကျန်းနန် မြို့စားသမီးပါ"

ပိုင်ရှိဖုန်းက လှောင်ပြုံး ပြုံးပြီး ခေါင်းညိတ်ပြသည်။

"ညီမ သိပါတယ်၊ အခု အစ်ကို သူနဲ့အတူ ကျန်းနန်ကို သွားမှာမဟုတ်လား။ သွားပါ ညီမလဲ သွားမယ်"

"နေပါဦး ညီမ၊ အစ်ကို ပြောစရာတစ်ခုရှိတယ်၊ ကျင်းလိန် မြို့စားသားကို ညီမ သိတယ်မဟုတ်လား"

ရှောင်းရိ၏ အမေးကြောင့် ပိုင်ရှိဖုန်း မျက်မှောင်ကြုံ့သွားသည်။

"သူက ဘာဖြစ်လို့လဲ"

"သူက ညီမကို တွေ့အောင် ရှာပေးပါဆိုပြီး အစ်ကို့ကို တာဝန်ပေးတယ်"

"အစ်ကိုက တာဝန်ယူလိုက်တယ်ပေါ့"

ရှောင်းရိ ခေါင်းညိတ်ပြလိုက်သည်၊

"သူက ရွှေစင် တစ်ပိဿာပေးဖို့ သဘောတူတယ်၊ စရံအဖြစ် ရွှေစင်အစိတ် ပေးတယ်၊ အစ်ကိုက"

ရှောင်းရိ၏ စကားမဆုံးခင် ပိုင်ရှိဖုန်း ရယ်လိုက်သည်၊

အေးစက်စက်နိုင်သော အသံဖြင့် ရယ်ပြီး ပိုင်ရီဖုန်းက မီးတောက် မီးလျှံပမာ အကြည့်ဖြင့် ရှောင်းရီအား ကြည့်သည်။

''အစ်ကိုက ညီမကို ရွှေစင်တစဖိုဆာနဲ့ လဲချင်နေတာကိုး။ ရွှေစင်အစိတ် ရပြီးပြီပဲ။ ရှင် ကျေနပ်ပါတော့''

စကားဆုံးသည်နှင့် ပိုင်ရီဖုန်း လှစ်ခနဲ ပြေးထွက်၏။

''ညီမ....''

ရှောင်းရီ အော်ခေါ်သော်လည်း လှည့်မကြည့်ဘဲ လမ်းချိုးတစ်ခုထဲ ပြေးဝင်သွားသည်။

ရှောင်းရီ သက်ပြင်းချလိုက်၏။

နောက်ကျိလေးလံသော ဝေဒနာတစ်ရပ် သူ့ရင်ထဲတွင် ပြည့်သိပ်လာလေသည်။

(ဒု-ဇာတ်သိမ်းပိုင်း)ကို ဆက်လက်ဖတ်ရှုပါရန်....

**စာဖတ်ပရိသတ် အားလုံး၏ မေတ္တာကို ခံယူလျက်....**

**ရဲမင်းဟိန်း**